


www.burmeseclassic.com
NEW IDEA
မောင်ညိုမှိုင်း(သန်လျင်)
စီစဉ်သော
သေရွာပြန်မဒေါ်မိရိုး
အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ
မောင်ညိုမှိုင်း(သန်လျင်)
ဧရွှေတာမာန်
ယောင်မှူးကြီးသိန်းဝင်း
သောင်းလုလင်
နတ်လုဦး
အောင်ခင်စိုး
မင်းပုည
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၀၀၄၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၆၀၆၀၉

■

စီစဉ်သူ = ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် = ၂၀၀၉၊ နိုဝင်ဘာလ
အုပ်ရေ = ၅၀၀
မျက်နှာဖုံး မြတ်မင်းဟန်
ကွန်ပျူတာစာစီ = *Welfare*
အတွင်းဖလင် = *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ ကျပ်

၀၀၈ . ၈၃
ညီညွှန့်မှိုင်း၊ မောင်၊ သန်လျင်
သေရွာပြန်မအိမ်ရှိုး/မောင်ညီညွှန့်မှိုင်း(သန်လျင်)။
- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၇၃-စာ ၊ (၁၂. ၃× ၁၈) စင်တီ။
(၁) သေရွာပြန်မအိမ်ရှိုး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | သေရွာပြန်မအိမ်ရှိး<br>မောင်ညိုမှိုင်း (သန်လျင်) | ၁ |
| ၂။ | သွေးချင်းတို့မြေမှ ဂန္ဓာရီကျားမ<br>အောင်ခင်စိုး | ၂၇ |
| ၃။ | လေချွန်သံ<br>မင်းပုည | ၄၆ |
| ၄။ | လူဝင်စားလားတစ္ဆေလား<br>ဆောင်းလုလင် | ၇၀ |
| ၅။ | စလုံးမြို့က ညတစ်ည<br>နတ်လှဦး | ၁၀၇ |
| ၆။ | အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်<br>ထောင်မှူးကြီးသိန်းဝင်း | ၁၂၉ |
| ၇။ | စိတ်ချေစေရာ<br>နွေတမာန် | ၁၅၅ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သေရွာပြန် မအိမ်ရိုး

<၁>

အံ့ဩစရာ ကောင်းလိုက်တာ..။

သည်လိုထူးဆန်းတဲ့ဖြစ်ရပ်မျိုး ကျောက်ကွဲကြီးကျေးရွာနဲ့ အနီးဝန်းကျင်မှာ တစ်ခါမှမကြားဖူး။

ခပ်ဆင်ဆင်တူတာမျိုးတော့ ရှိကြလေရဲ့။

ဆိုကြပါစို့ရဲ့..။

ဒေါ်ရွှေသင်ကြီး သက်ကြီးရောဂါနဲ့ ရုတ်တရက် အိပ်ရာပေါ်မှာ အိပ်နေရင်း ကွယ်လွန်သွားတယ်။ အသက်မရှိတော့ဘူးလို့ သက်ကြီးဝါကြီးတွေကရော၊ ဗိန္ဓောဆေးဆရာကြီး ဦးချက်ကြီးကပါ အတည်ပြုပေးခဲ့တယ်။

ဒါနဲ့ ကျန်လူများက အလောင်းကို ရေချိုးပြီး အသုဘနောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပေးလို့ အိမ်ခေါင်းရင်းခန်းမှာ ကတ်စင်နဲ့ တင်ထားတယ်။

နှစ်ရက်မြောက်တဲ့နေ့မှာ ခေါင်းသွင်းကြမယ်ပေါ့။

ရွာမှာက လူသေကောင် ခေါင်းသွင်းရင် သန်းခေါင်နီးမှ တင်ကြတယ်။ ရွာဆိုတော့ ဖဲဝိုင်းက မြိမ့်မြိမ့်သဲပေ့ါ။

နှစ်ရက်မြောက်ညမှာ ခေါင်းသွင်းဖို့ ငမိုးကြီးရယ်၊ ကြွက်ဖားရယ်၊ တောကြောင်ကြီးရယ်က အရက်သောက်ပြီး အောက်က စောင့်နေကြတယ်။

အိမ်ပေါ်မှာ ဖဲဝိုင်းက နှစ်ဝိုင်း။

တစ်ဝိုင်းက အလောင်းကတ်စင်နံဘေးမှာ။

ကျန်တစ်ဝိုင်းက အောက်ကြမ်းပြင်မှာ။

ဘာကြာလဲ..။ ဖဲသမားတွေ 'အမလေးဗျ' အော်ပြီး ထပြေးကြရော။

ပြေးသမှ ပြတင်းပေါက်က ခုန်ချသူ ခုန်ချ..။

နောက်ဖေးမီးဖိုဆောင်ထွက်ပေါက်က ပြေးသူပြေး..။

အချို့က အိမ်ထရံကို ဆောင့်ကန်ဖောက်ပြီး လှန့်ပြီး အော်ဟစ်ပြေးကြတာ ကျွက်ကျွက်ညံ၊ အုတ်အော်သောင်းတင်း။

"ဖုတ်ဝင်လို့ဗျို့..ဖုတ်ဝင်လို့"

"ပြေးဟေ့..ပြေး.."

"ဆရာတော်ကို သွားပင့်ကြဟေ့"

"သူကြီး..သူကြီး..ဖုတ်..ဖုတ်.."

ကြမ်းကျိုး၊ လှူလဲ၊ ဒူးကွဲ၊ ဖဝါးပြဲ၊ ခေါင်းပေါက်နဲ့ ပြေးလိုက်ကြသမှ ညံလို့..။

"ဘယ်သူ ဖုတ်ဝင်လို့တုံးဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရွှေသင်ကြီး သေရှာက ထလာလို့ဟော့"

"ဘုရားရေ့ . ."

"ဟုတ်ရဲ့လား ငွေးနီတို့ရဲ့"

"အိမ်ပေါ်မှာ ကုလားကြီးကို ဒေါ်ရွှေသင်က ဖက်ထားလို့။ အဲဒါ. ."

"ဟော. . ကုလားကြီးကို. ."

"ဟုတ်တယ်. .။ ကုလားကြီး သေပြီလားမသိဘူး"

နောက်ဆုံး သူကြီးဦးပွေးချုတ်၊ ရာအိမ်မှူးကိုခေါင်းဘုနဲ့ ဆယ်အိမ်မှူးကိုအုန်းမှုတ်တို့နဲ့အတူ ရွာဦးကျောင်းဆရာတော်ပါ အပြေးအလွှားရောက်လာကြရော။

အိမ်ပေါ်မှာ လူရှင်းလုဖြစ်နေပြီ။

ဒေါ်ရွှေသင်မိသားစုများလည်း လန့်ပြီးပြေးတာ ရွာထိပ်ရောက်နေပြီ။ သူကြီးဦးပွေးချုပ်နဲ့အဖွဲ့ ဓါး၊ လှံ၊ လေး၊ မြားတွေနဲ့ အသုဘအိမ်ထဲဝင်လိုက်ရော. .

ဘုရား. . ဘုရား. . .

ဖဲသမား ကုလားကြီးက အောက်က. .။

မသာ ဒေါ်ရွှေသင်က အပေါ်က. .။

ထပ်လျက်ကြီး. .။

ဒေါ်ရွှေသင်က ဖဲသမား ကုလားကြီးလည်ပင်းကို လက်နှစ်ဖက်နဲ့ ဖက်ပြီး မှောက်လျက်က ခေါင်းလှုပ်လို့. .။

"ဟာ. ."

"ဒေါ်ရွှေသင် သေရာကနေ. ."

"ကုလားကြီး သေပြီလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ချကြမလား"

"နေဦး တကာကြီးတို့"

မြောက်ကျောင်းဘုန်းကြီး ဦးဇင်းကျောက်အိုးက ဝင်တားရင်းက အိမ်ပေါ်ကို အရဲစွန့်ပြီး တက်လိုက်တယ်။

"ဦးဇင်း.. အရမ်းမကပ်နဲ့"

"ဖုတ် ထကြမ်းရင် ရွာမှာ ကိုးကွယ်စရာမရှိ ဖြစ်ဦးမယ်ဘုရား"

"ဟဲ့.. ရွှေသင်"

"........."

"ရွှေသင်.."

"အင်.. ဟင်.. ဟင်.."

"ဟော.. ဟော.. လှုပ်.. လှုပ်လာပြီ၊ နောက်.. နောက်ဆုတ်"

"ရွှေသင်.. ခေါင်းထောင်လိုက်စမ်း"

"အင်း.. ဟင်း.. ဟင်.. အား.. အ.. အ.."

"တကာမကြီး.. သင် လူလား၊ ဖုတ်လား"

"လူ.. လူပါ"

"ငါ့ကို သိလား"

"သိ.. သိပါတယ်"

"သိရင် နင်ဘာလုပ်ရမလဲ"

သည်မှာပဲ တစ်ရွာလုံးက ဖုတ်ဝင်တယ်မှတ်ပြီး ကြောက်ရွံ့ကြီး နေကြသည့် လူအများရှေ့မှာ ဒေါ်ရွှေသင် အားယူလက်မြှောက်လို့ ဦးဇင်း ကျောက်အိုးကို လက်အုပ်ချီရှိခိုးလိုက်တာကိုလည်း မြင်ကြရော ဦးဇင်း ကျောက်အိုးက နှက်ချင်၊ ချချင်တဲ့ လူအများဘက်ကို လှည့်လိုက်ပြီး..

"တကာ.. ရွာသူရွာသားတို့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား.."

"ဒါ..ဖုတ်ဝင်တာမဟုတ်ဘူး။ လူ..လူအစစ်။ သေရွာက မသေသင့်လို့ ပြန်လာတာ။ လာ..ပိုင်းကူ ထူမ ဆေးတိုက်ကြ"

"ဟုတ်ပါ့မလား ဘုရား"

"တယ်ခက်တာပဲကိုး။ မယုံရင် ကြည့်ကြကွာ"

အလွန်စိတ်တိုလေ့ရှိတဲ့ ဦးဖင်းကျောက်အိုးက အားနည်းပြီး ခွေယိုင်နေတဲ့ ဒေါ်ရွှေသင်ရဲ့လက်မောင်းကိုကိုင်ပြီး ထူပေးလိုက်မှ..

"အို..အဘွားရဲ့"

"အမေ..အမေ.."

"ကြီးဒေါ်သင်..ကြီးဒေါ်သင်..အမလေး..မသေကောင်း မပျောက်ကောင်း ကြီးဒေါ်သင်ရဲ့"

ဆွေမျိုးသားချင်းများ အလွမ်းသည်ပြီး ဖက်ဖက်ငိုလိုက်ကြတာ ဦးဖင်းကျောက်အိုးက ဘာပြောမှတ်လို့တုံး။

"ငါ့မယ်တော်ပျံတုန်းကထက် အငိုကောင်းတယ်ကွာ။ ဒီလိုမှန်း သိရင် ငိုချင်းသည်အောင်မြချစ်ကို မငှားပါဘူး။ သေရွာပြန် ရွှေသင့်အမျိုး တွေ ငှားထည့်လိုက်တာမှ ပိုစည်မှာဟ"

လို့ ပြောယူခဲ့ရလေရဲ့ဗျာ။

အမှန်က သတိလစ်မေ့မြောသွားတာ။

ကံကောင်းတော့ ခေါင်းသွင်းမယ့်ညမှာ ပြန်အသက်ဝင်နိုးလာ ပြီး နိုးနိုးချင်း နီးရာမြင်ရာလူဖြစ်တဲ့ ဖဲသမား ကုလားကြီးပေါ် လဲကျပြီး ဖက်ထားသလို ဖြစ်ခဲ့တာ။

ဖဲသမားကုလားကြီး လန့်ပြီး သတိလစ်သွားလို့ ဆရာဝေ်ရော ဆေးဆရာကြီးဦးပွေးကြုတ်ရော မနည်းကုရတယ်။ သည်ကောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်ဖြစ်ကရောလား။

အဲဒါ ညတွင်းချင်း ကနားဖျင်းကိုဖျက်၊ ခေါင်းကို သချိုင်းပို့ လုပ်ရရော။

ကုလားကြီးနေကောင်းလာတော့ ဖဲသမားအပေါင်းအသင်းများ က ဝိုင်းအကြံပြုတာပေါ့။

"ကုလားကြီး. ."

"ဘာ. . ဘာတုံး. ."

"မင်း ဘွားရွှေသင်ကို လက်ထပ်ယူလိုက်ပါလားဟင်"

". . . မသားတွေ။ ထွီ. . မင်းတို့ယူပါလား။ ဒီသေရွာပြန်ကြီးကို"

"ဘွားရွှေသင်က မင်းကို အတော်ချစ်တာဟ"

"အေးလေ. . ဖဲသမားအားလုံးမှာ မင်းကိုမှ ရွေးပြီးဖက်တာ"

". . . . . သား။ ကိုယ်ဆွေကိုယ်မျိုးတွေ. . ။ မင်းတို့အားလုံး . . . . . ပဲကွ။ ထွီ. ."

ဟု အကြံပြုတိုင်းပြုတိုင်း ကလော်တုတ်လေ၏။

(နောင်. . အလျဉ်းသင့်လျှင် ဘွားရွှေသင် မေ့မြောသတိလစ် စိတ်ဝိညာဉ်ရှက်လွှင့်စဉ်အဖြစ်အပျက်ကို လိုအပ်ပါက ထပ်မံရေးသားဖြစ် ပါလိမ့်မည်။)

ဘွားရွှေသင်လိုပဲ ဆေးလုံးကြီးကျေးရွာမှ ကွမ်းတောင်ကိုင် မခင်ဒေါင်းဖဲလည်း မြေကြီးထဲ မြှုပ်ပြီးမှ ကံကောင်း၍ စဏ္ဍာလကြီးသိပြီး ကယ်တင်ခဲ့၍ အသက်ပြန်ရှင်ခဲ့ရဖူးတယ်။

(၎င်းအဖြစ်အပျက်ကို ကျွန်ုပ် သူရဇ္ဇမဂ္ဂဇင်းမှာလည်းကောင်း၊ လုံးချင်းအဖြစ် 'သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဖဲ' ဟုလည်းကောင်း ရေးသား ခဲ့ဖူး၏)

* * *

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ၂

အခုဖြစ်ပျက်သည့် ဒေါ်အိမ်ရိုးအဖြစ်က ပိုဆန်းသဗျ။

ဒေါ်အိမ်ရိုးက ကျောက်ကွဲကျေးရွာက မုဆိုးမကြီး။

အသက် (၆၁) နှစ်ရှိတယ်။ သားသမီး လုံးဝမရှိဘူး။ တူသားဆွေမျိုးများဖြစ်တဲ့ ဖော်ဖေ၊ ဖော်ငွေ၊ ဖော်ရွှေ၊ ခင်အေးမူ၊ ခင်အေးစု၊ ခင်အေးကြူ၊ လပွတ္တာကျော်ဦး၊ သာကေတကြည်တင့်နိုင် စတဲ့ဆွေမျိုးသားချင်းများနဲ့ ရွာမှာနေတာ။

ဒါပေမင့် ဒေါ်အိမ်ရိုးက သီးခြား သူ့အိမ်နဲ့သူ။

ဘယ်ဆွေမျိုးသားချင်းမှ အားမကိုးဘူး။

သူ့ဘာ့သာသူ ကွယ်လွန်သူ လင်သားဖြစ်တဲ့ အင်္ဂလိပ်ခေတ်အကျဉ်းဝါဒါကြီးဖြစ်ခဲ့သူ ဦးသိန်းဝင်းရဲ့ လက်ငုတ်ခြံကလေးမှာပဲ ကောင်ယာသစ်ခင်းစိုက်ပြီး ဈေးရောင်းစားနေတာ။

ဆွေမျိုးသားချင်းများနဲ့လည်း မသင့်မြတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



အယူအဆက တူမှမတူဘဲကိုး။

ဒေါ်အိမ်ရီးက မိရိုးဖလာ နတ်မှန်ရင် ဘာနတ်မှ မကိုးကွယ်ဘူး။ အိမ်တွင်းအုန်း မဆွဲဘူး။ ဦးရှင်ကြီး မတင်ဘူး။ ရိုးရာတလိုင်းနတ် မမြှောက်ဘူး။ အဲဒါ လင်ရော၊ မယားရော ဝါဒ။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ‥ဒါပဲယုံကြည်ကိုးကွယ်တယ်။

ဒေါ်အိမ်ရီးရဲ့ မောင်ဝမ်းကွဲများဖြစ်တဲ့ လပွတ္တာကျော်ဦးတို့၊ သာကေတကြည်တင့်နိုင်တို့က နတ်ကနားပေးပြီး ကိုကြီးကျော်ဝင်တယ်ဆိုပြီး ပုလင်းမြှောက်၊ ဆိုင်းနဲ့ က,တယ်။

တူသားများဖြစ်တဲ့ ဖော်ဖေတို့က အိမ်ဦးခန်းမှာ ဘိုးတော်လိုလို မယ်တော်လိုလို အူကြောင်ကျားများကို ပင့်ထားပြီး ဟိုဟာမေး၊ သည်ဟာ တောင်း လုပ်တယ်။

ဗေဒင်ယုံတယ်။ ဇာတာညှိရင် ခေါ်စာယတြာလုပ်တယ်။ အဲဒါ ဒေါ်အိမ်ရီးကို မကြာခဏ လာစည်းရုံးတယ်။

ဒေါ်အိမ်ရီးကတော့ လုံးဝပဲ။

အတ္တာဟိ အတ္တနော နာထော‥ကိုယ့်ကိုယ်ပဲ ယုံကြည်တယ်။ ဒါ‥ ဘုရားဟောအစစ်ပဲဟဲ့လို့ ကြွေးကြော်တာ။

ဒါကြောင့်‥

သူတို့ အလှူဆွမ်းကျွေးဖိတ်လည်း မသွားဘူး။

ဒေါ်အိမ်ရီးက လှူစရာရှိရင် ငွေထုပ်ပိုက်ပြီး ဘုန်းကြီးကျောင်း သွားတယ်။ ပျက်နေတဲ့ သိမ်အမိုး ပြင်ပေးပါဘုရားဆိုပြီး ပန်းကန်ထဲ ငွေထည့်ကပ်ပေတော့၊ ရေစက်ချလှူတာ။

ရွာထဲက မူလတန်းကျောင်း အကာအရံမလုံရင် စုစားတဲ့ငွေ

www.burmeseclassic.com



ယူသွားပြီး ကျောင်းအုပ်ဆရာကြီးလက် အပ်တယ်။

"ထရံဝယ်ကပ်ပါ။ ဖျဉ်ဝယ်ကာပါ ဆရာကြီး"

အဲဒီလိုလူစား..။

သရဲ တစ္ဆေ ရက္ခစိုးရှိကြောင်းကို ဘုရားဟော၊ တရားသဘော၊ သံဃာမြွာအရ လက်ခံပေမင့် ဘာမှမကြောက်ဘူး။

သေရင် နောက်ဆုံးထွက်သက်မှာ တရားသတိနဲ့နေမယ်ဆိုပြီး ဥပုသ်နေ့တိုင်း ရွာဦးကျောင်းစေတီမှာ သမထ၊ ဝိပဿနာ၊ ကမ္မဋ္ဌာန်း အလုပ် လုပ်တယ်။

တစ်ခုပဲ မှာခဲ့တယ်။

ငါသေရင် ငါ့အိမ်နဲ့ခြံကိုရောင်းပြီး ငါ့အသက် (၆၁) နှစ် ဘုန်းကြီး (၆၁) ပါးပင့်ပြီး ဆွမ်းကပ်လှူပေးကြပါလို့ ပြောခဲ့တယ်။

သူ့ခိုး၊ ဓါးပြလည်း မကြောက်ပေါင်ဗျာ။

ငှက်ကြီးတောင်ဓားတစ်လက် ဆောင်ထားရဲ့။

မေတ္တာနဲ့ ပြောလို့ရရင်ရ၊ မရရင် ဓါးချင်းယှဉ်ခုတ်ပြီး ကိုယ့် အကျိုးစီးပွားကို အသေခံကာကွယ်မယ်..တဲ့။

လောဘကြောင့် မဟုတ်ဘူး။

ငါ့ရဲ့ချွေးနဲ့စာ သမ္မာအာဇီဝငွေကို လူယုတ်မာတွေလက်ထဲ အကျိုးမဲ့ မပါစေချင်လို့တဲ့။

ဟော..

အခု ဒေါ်အိမ်ရှိုးသေပြီ။

သေသမှ ရှိုးရှိုးသေတာ မဟုတ်ဘူး။ မိုးကြိုးခပြီး သေရတာ။ အဲဒီနေ့က မြို့ကိုသွားပြီး လိုအပ်တဲ့အိမ်သုံးပစ္စည်းများဝယ်လို့ ခေါင်းနဲ့ ရွက်ပြီး လမ်းလျှောက်ပြန်လာတာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ မိုးက ညို့လို့..။

လျှပ်စီးတဝင်းဝင်း၊ မိုးတခြိမ်းခြိမ်း။

နွားကျောင်းသားများရဲ့ ကျွဲအုပ်၊ နွားအုပ်အနီးက ဖြတ်ရော ကောင်းကင်က ဝင်းခနဲဖြစ်ပြီး မိုးကြိုးပစ်ပါလေရော။

အဲဒါ ကျွဲနှစ်ကောင်နဲ့အတူ ဒေါ်အိမ်ရိုးပါ လဲကျသွားတာ။ စာရင်းချုပ်ရင် ကျွဲလည်းသေ၊ ဒေါ်အိမ်ရိုးလည်း ခေါ်လို့မရတော့ဘူး။ ကြားကြတယ်ဆို ရွာထဲက အမျိုးများရော၊ အိမ်နီးချင်းများရော အပြေး ရောက်လာကြတာပေါ့။

"သေပြီဗျ"

"စက်ကွင်းမိသွားတာ"

"အသားတွေ ညိုသွားတာပဲနော်"

"အမလေး ဂိုးဒေါ်ရဲ့။ ဟီး..အသေစောလှချည်ရဲ့"

"အဘွားရေ..အဘွား..အို..အဘွားရဲ့..အင့်..ဟီး.."

"အစ်မဒေါ်အိမ်ရိုး..ကျွန်မတို့ကို အခုတော့ ထားခဲ့ပြီပေါ့။ ဟီး.."

"အို..ကျောင်းအစ်မ၊ ရဟန်းအစ်မကြီးရဲ့..။ ထပြီး ကျန်တာ တွေ အားရပါးရလှူပါဦးတော့"

တော်တော့်ကို ငိုကြွေးရှည်တဲ့မျိုးပါဗျာ။ အသက် (၆၁) နှစ်ကို အသေစောသေးသတဲ့လေ။

ဘုန်းကြီးပျံ ယောင်ကျူးတာ ကျနေတာပဲ။

ဟို..ကြည်တင့်နိုင်နဲ့ လပွတ္တာကျော်ဦးတို့ မောင်ဝမ်းကွဲနှစ်ဦးက ငိုတာတောင် စာနဲ့ကဗျာနဲ့ ငိုတယ်။ သုဒ္ဓေါဒနငိုချင်းလိုဟာမျိုးနဲ့။

တိုတိုပြောကြပါစို့။ ရွာထုံးစံအတိုင်း ကျွဲသေနှစ်ကောင်အသား



www.burmeseclassic.com

www.burmeseclassic.com



လည်း မစားကြဘူး။ မြေကြီးထဲ မြှုပ်လိုက်ကြတယ်။

ဒေါ်အိမ်ရိုးအလောင်းလည်း ရွာထဲသွင်းလို့ မရတာနဲ့ ကျောက်ကွဲကြီးသင်္ချိုင်းမှာ ခေါင်းတလားထဲထည့်၊ ဇရပ်ထဲက ကျောက်တလားစင်ပေါ် တင်ထားလိုက်ကြတယ်။

အဲဒါ..

ခင်အေးစုနဲ့ ဖော်ငွေက မနက်စာ၊ ညစာ စားမြိန်တစ်ထုပ်ကို ခေါင်းပေါ်သွားတင်ပေး၊ ရေခွက်ကလေးတင်ပေါ့။

ထုံးစံအတိုင်းပဲ ရွာခလေ့ကို အသုဘအိမ်လူစောင့်ဆိုပြီး ကြေဝိုင်း၊ ဖဲဝိုင်း လုပ်ကြတယ်။

သူတို့အမျိုးချည်းပါပဲ။

အဲဒီမှာ ခေါင်းမွေးဖြူနေတဲ့ ဦးကြည်တင့်နိုင်က ငိုကြွေးရှည်တဲ့ သူ့အမျိုးများကိုရော၊ အိမ်နီးနားချင်း သတင်းမေးလာသူများကိုပါ အနိစ္စ ဒုက္ခ၊ အနတ္တ ပါဠိစကားများနဲ့ တရားပြတယ်။

ကျော်ဦးကလည်း အဆွေးရုပ်နဲ့။

ဒါပေမင့် လူလစ်ရင် ဟိုအံဆွဲဖွင့်၊ သည်ဗီရိုဖွင့် လုပ်နေတယ်။ ဖော်ဖေတို့အုပ်စုကလည်း ဟိုရှာသည်ရှာပဲ။ 'ဘာလုပ်တာလဲဟေ့' လို့ အချင်းချင်း မြွေမြွေချင်း ခြေမြင်လို့ မေးရင်..

ရှုပ်ပွနေတာတွေ သန့်ရှင်းရေးလုပ်မလို့ပါတဲ့။

ဦးကြည်တင့်နိုင်ကလည်း ခေါင်းရင်းခန်းကနေ အနိစ္စ၊ ဒုက္ခကို ရှင်းပြ သရုပ်ခွဲနိုင်ပေမင့် အနတ္တကို သူမသိဘူး။

သည်မှာ အလစ်မှာ ခွပ်လေ့ရှိတဲ့ ဘုရားဒကာကြီး ဦးမှိုင်းက 'အနတ္တ' က ဘာလဲဗျလို့ ဝင်ထောက်ရော။ မဖြေနိုင်ဘဲ စောင်းပြော မြောက်ပြော လျှောက်ပြောလို့ စကားများပြီး အသုဘအိမ်မှာ ရန်ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရော။

အဲဒါ မနည်းကို ဖျင်ရတယ်။

ကုန်ကုန်ပြောရရင် ဒေါ်အိမ်ရှိရဲ့ သံသေတ္တာထဲက ပါတိတ်ထဘီတွေ မရှိတော့ဘူး။ အမှတ်တရသိမ်းထားတဲ့ ဒေါ်အိမ်ရှိယောက်ျား ဘသိန်းဝင်းရဲ့ ဘန်ကောက်ပုဆိုးနဲ့ ရွှေတောင်လုံချည်တွေ မရှိတော့ဘူး။

ဦးရာလူက မ,သွားကြပြီ။

ရွှေငွေများ ရှာတယ်။ မတွေ့ဘူး..။

အဲဒါ ဦးကြည်တင့်နိုင်က သချိုင်းကုန်းက ဒေါ်အိမ်ရှိအလောင်းရှိရာကိုသွား၊ ခေါင်းကိုပုတ်ပြီး..

"အစ်မ.. ရွှေတွေ၊ ငွေတွေ ဘယ်နားမှာ သိမ်းထားလဲ။ မောင်လေးကို ပြောပါ။ အိပ်မက်ပေးပါ..။ အစ်မအတွက် ကောင်းမှုကုသိုလ်လုပ်ပေးချင်လို့ပါ အစ်မရဲ့"

လို့ သွားပြောတယ်။

ညဘက်ရောက်တော့ ဦးကြည်တင့်နိုင်ကို သေသူ ဒေါ်အိမ်ရှိ အိပ်မက်ပေးပါရော။ အဲဒီတုန်းက ဦးကြည်တင့်နိုင် ဝမ်းသာလို့..။

သည်မှာ ဒေါ်အိမ်ရှိက အိပ်မက်ထဲ ဘာပြောမှတ်လို့လဲ။

"ကြည်တင့်နိုင်.. နင့်အကြောင်း ငါသိတယ်။ နင့်ကို မကြာခင် ငါလာခေါ်မယ်"

အဲဒီလိုပြောရော၊ ဦးကြည်တင့်နိုင် ထအော်ပါရော။ ဆရာတော်ရေမန်းတိုက်မှ သင်းအိပ်လို့ရရောလေ။

ကြည့်ရတာ သေသူဒေါ်အိမ်ရှိးလည်း မြင်သနဲ့ တူပါရဲ့ဗျာ။

ဦးကြည်တင့်နိုင်ကြီးက ညဦးပိုင်းလူစုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို အာပေါင်အာရင်းနဲ့ ဟောသကိုး။



www.burmeseclassic.com

www.burmeseclassic.com



သည့်ထက်လည်း ဗိုမတတ်ဘူး။

ပြီးလို့ လှုပါးရင် ကိုးမီးဗိုင်း ဝင်ကစားတယ်။ ဖဲရှုံးရင် 'အစ်မ ရေ..မောင်လေးကိုကယ်ပါဦး' လုပ်ရော။

ဒီလိုလူကို ဘယ်သူကယ်မလဲဗျ..နော်။ ဟိုသေသူက တကယ့် ဘုရားသမား၊ တရားသမား၊ ကုသိုလ်ဒါနသမား။ သင်းက ကိုးမီးသမား

ခါးက ပုဆိုးပါ ပေါင်ရိုက်တာ ရက်လည်နေ့ ဝတ်စရာတောင် မရှိတော့ဘူး။ ဟူး..။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၃

ဟော..

သုံးရက်စေ့ပြီ..။ ဒေါ်အိမ်ရှိးကို မြေမြှုပ်သင်္ဂြိုဟ်မယ်။ အဲဒါ
န်းကြီးငါးပါးနဲ့ ရေစက်ချတယ်။

ငိုလိုက်ကြတာ ကျွက်ကျွက်ကိုညံလို့..။

ငိုတဲ့သူတွေက ဒေါ်အိမ်ရှိးရဲ့ ထဘီ၊ အင်္ကျီ၊ ပုဆိုး ရသူတွေပေါ့။
ဖူးဆပ်တဲ့သဘောနဲ့ ငိုကြတာ။

မငိုဘဲ အံကြိတ်နေသူတွေလည်းရှိတယ်။ တိုးတိုး တိုးတိုး ပွစိ
လုပ်လို့..။ အဲဒါက ဘာပစ္စည်းမှ လက်ဦးအောင်မရတဲ့ ခင်အေးရှုတို့
ပ်စု။

ကာလသားများက ခေါင်းကို ပိုင်းသယ်ကြတယ်။

ပြီး.. မြေကျင်းပေါ်မှာ ခုနစ်ပတ်လား၊ ငါးပတ်လား ပတ်ကြ
ယ်။ ပြီး.. ကန့်လန့်ဝါးပေါ်ကို တင်လိုက်ကြတယ်။ ဒီမှာ စရွာလ
ပြတ်က အုန်းရည်နဲ့ မျက်နှာသစ်ဖို့ ခေါင်းဖုံးကို ဖွင့်လိုက်ရော..



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"အမလေး.."

"ဟာ..ဟ..ဟ.."

"မ..မရှိ..တော့ဘူး.."

"ဟင်.."

အသုဘပို့သူအားလုံး မျက်လုံးမျက်ဆံပြူးပြီး အံ့သြကုန်ကြပါ ရောဗျို့။

ဘာလို့လဲ..ဟုတ်လား။

ခေါင်းထဲမှာ မိုးကြိုးစက်ကွင်းမိပြီး သေသွားတဲ့ ဒေါ်အိမ်ရှိန် မရှိတော့ဘူး။ ရှိနေတာက ရိုရွဲနေတဲ့ ငှက်ပျောတုံးကြီး။

"ဟ..ဟ..ဘယ်လိုဖြစ်တာလဲဟ"

"အလောင်းဘယ်ရောက်သွားသလဲ"

"ရှာကြစမ်းပေါ့။ ဒါ..တစ်ယောက်ယောက်နောက်ပြောင်သွားတာပဲ ဖြစ်ရမယ်"

"စဏ္ဍာလကြီး..ခင်ဗျား ဒီကိစ္စ မသိဘူးလား"

"ငါလည်း မူးပြီး အိပ်ပျော်နေတာ များတယ်ကွ"

"ခုက္ခပါပဲကွာ.."

"ရှာကွာ..။ ဒီအနီးဝန်းကျင် လိုက်ရှာကြ"

အဲဒီမှာ ဝိုင်းငိုကြပြန်ပါရောဗျို့။

"အမယ်လေး..ကိုးဒေါ်အိမ်ရှိန်ရဲ့။ လူစင်စစ်ကနေ ငှက်ပျောတုံး ဖြစ်ရတယ်လို့တော်။ ကြားလို့ကောင်းကြသေးရဲ့လား..။ ဟီး.."

အချို့ကလည်း ဝေဖန်ကြတယ်။

"ဒါ..အသေထွက်ဗျ"..တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အချို့က အရှင်ထွက်. . တဲ့။

ရုပ်ပြောင်း၊ ကိုယ်ခွာ ချန်ရစ်တာတဲ့။ အမျိုးမျိုးတွေ ပြောကြလို့။

ဒါနဲ့ သင်္ချိုင်းကုန်းထဲရော၊ အနီးဝန်းကျင်ရော လိုက်ရှာကြတာ ပေါ့ဗျာ။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ လတ်လတ်ဆတ်ဆတ်မြေပုံလည်း မရှိဘူး။

နောက်ဆုံး အဲဒီငှက်ပျောတုံးကြီးကိုပဲ အုန်းသီးခွဲ၊ အရည် လောင်းပြီး ကျောင်းအစ်မ၊ ဘုရားအစ်မကြီး ဒေါ်အိမ်ရှိုးအဖြစ် မြေမြှုပ် သင်္ဂြိုဟ်ခဲ့လိုက်ရတယ်။

အသုဘအိမ်ရောက်တော့ အုတ်အော်သောင်းတင်းပေါ့။

''ဖဲသမား၊ ထန်းရည်သမားတွေများ နောက်ပြောင်ရော့လား ကွာ''

''အဲဒီလိုလုပ်ရင် မူလအလောင်းက ဘယ်မှာလဲ''

''အဲ. . အဲ. . ''

ဒါနဲ့ ထန်းရည်သမား ငွတိုတို့ ဥက္ကာတို့အုပ်စုကို ထန်းရည်တိုက် ချော့မော့မေးလည်း လုံးဝကို သဲလွန်စမရပါဘူးဗျာ။

နေလည်းဝင်ရော. .

အသုဘအိမ်မှာ ဘယ်သူမှ မနေရဲကြတော့ဘူး။

အနီးဝန်းကျင်မှာ ခွေးတွေအူကြလို့. . ။

ကျီးကန်းတွေလည်း ပြုကြလို့. . ။

လန့်ဖျပ် ဆူညံဗျာ. . ။

နောက်ဆုံး အသုဘအိမ်ကို ဒီအတိုင်းပစ်ထားလိုက်ကြတယ်။

နေ့ခင်းကျမှ လူစုပြီး လာထိုင်ကြမယ်ပေါ့။

ညဘက်တော့ မအိပ်ရဲကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရက်လည်ကိစ္စကို လုပ်ရဦးမယ်မဟုတ်လား။

အဲဒါ သုံးရက်မြောက်ညမှာ အသုဘအိမ်မှာ မီးမရှိဘူး။ ဘယ်ဆွေမျိုးသားချင်းမှလည်း မရှိဘူး။ အိမ်တံခါးကို ပိတ်ထားလိုက်ကြတယ်။

သန်းခေါင်လောက်မှာ ခွေးဟောင်သံကြားရတယ်။

ဆွဲဆွဲငင်ငင်အူသံ ကြားကြတယ်။ အသုဘအိမ်ကိုကြည့်ပြီး အူတာ။

ဘယ်သူမှ မီးထိုးပြီး မကြည့်ရဲကြဘူး။ ဆယ်အိမ်ခေါင်း၊ ရာအိမ်မှူးများလည်း ကင်းမလှည့်ရဲကြဘူး။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၄

မနက်မိုးလင်းရော ဦးကြည်တင့်နိုင်ခေါင်းဆောင်ပြီး ကစားကြဲ ယ့်လူအချို့ အသုဘအိမ်ကို ရောက်လာကြတယ်။

ရေနွေးကျိုဖို့ ခင်အေးစုတို့ညီအစ်မလည်း ရောက်လာကြတယ်။

ဦးစွာ..

ဦးကြည်တင့်နိုင်က ခြေရင်းဘက်က တံခါးကို တွန်းဖွင့်ပြီး အထဲကိုဝင်လိုက်၊ ကြည့်လိုက်ရော..

"အမလေးဗျ.."

"ဝုန်း.."

"ဂလုံး.."

"ဟ.. ဟ.. ဘာဖြစ်လို့လဲ ကိုကြည်တင့်နိုင်.. ဟင်.."

"သရဲ.. သရဲ.. အထဲမှာ.. သရဲ.."

ကိုကြည်တင့်နိုင် လန့်ပြီး တံခါးကိုပြန်ပိတ်၊ ခုန်ချ..။

မျက်လုံးပြူးမျက်ဆံပြူး ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က သရဲလဲ"

"မ. . မသိဘူး။ ငုတ်တုတ်ကျောပေးလို့. . ။ အမလေး. ."

ဒါနဲ့ သတ္တိကောင်းတဲ့ ကြွက်သိုး၊ ရန်ကြီးစိန်တို့က တံခါးကိုပြန် ဖွင့်ပြီး အထဲကိုကြည့်လိုက်ရော. .

"အမလေး. . သ. . သရဲဗျို့. . သရဲ. . သရဲ. ."

"ဝုန်း. ."

"ဂလုံး. . ဂွမ်း. ."

"ပြေးဟ ကြည်တင့်နိုင်. . ပြေးဟ. ."

အော်သံများကြောင့် အိမ်နီးနားချင်းများရော၊ လူကြီးတွေရော ရောက်လာကြပါရောဗျို့။ နောက်ဆုံး ရွာလူကြီးများပါ လူစုပြီး တံခါးကိုဖွင့် လို့ ရဲရဲတင်းတင်းဝင်ကြည့်လိုက်ရော. .

"ဟာ. ."

ဟုတ်ပါ့. . ။ လူတစ်ယောက်ရယ်. . စောင်ကို ခေါင်းမြီးခြုံပြီး ဘုရားစင်ဘက်ကို မျက်နှာမူလို့ ထိုင်နေတယ်။

မလှုပ်မယှက်. . ။ ကျောက်ရုပ်တစ်ရုပ်လိုပဲဗျာ။

ဒါနဲ့ သူကြီးဦးကျောက်မောင်းက အသံတုန်တုန်နဲ့ မေးရော။

"ဟေ့. . အေ့. . ဟေ့. . ဘယ်. . သူ့. . လဲ. ."

ကျောက်ရုပ်လိုလူက မဖြေဘူး။

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

လုံးဝကို မဖြေဘူး။ လှုပ်လည်း မလှုပ်ဘူး။

"မဖြေရင် ငါတီးလိုက်မယ်နော်"

သူကြီးဦးကျောက်မောင်းက သတ္တိကောင်းပြီးသားလေ။ နာမည် ကြီးစားပြ မိုးနေပွားကို နပန်းလုံးပြီး လက်ရဖမ်းခဲ့တဲ့ သူကြီး။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပြီးတဲ့လူဆိုး 'သံတံတားအံကျား' ကို ရေထဲမှာ နပန်းလုံးပြီး ရေနှစ်သတ်၊ လက်ရဖမ်းခဲ့တဲ့ သူကြီး။

သူကြီးက ကျောမှာလွယ်ထားတဲ့ ဓားအိမ်ထဲကနေ နှာမည်ကျော် သွေးစွန်းငှက်ကြီးတောင်ဓါးရှည်ကို ဆွဲထုတ်လိုက်တယ်။

"ရွှမ်း. ."

"ကိုင်း. . မေးလို့မရမှတော့ သေပေရော့ကွာ"

ဓါးကိုကိုင်မြှောက်ပြီး ပြေးခုတ်မလို့လုပ်ရော ငြိမ်နေတဲ့ ကျောက်ရုပ်လို စောင်ခေါင်းမြီးခြုံကြီးက ရုတ်တရက်လှုပ်ရှားလာပြီး ဖြန့်းခနဲလှည့်ကြည့်လို့ ခေါင်းမြီးခြုံစောင်ကို ခွာချပြလိုက်ရော။

"အမလေးဗျ. ."

"ဝုန်း. ."

"အုန်း. ."

"ဂွမ်း. ."

သူကြီးဦးကျောက်မောင်း အသံနက်ကြီးနဲ့အော်ပြီး ခုန်ချလိုက်တာ ကြမ်းကျိုးပြီး ခြေကျွံနေပါရော။

"သရဲ. . သရဲ. . ဖုတ်. . ဖုတ်. . အဲ. . တစ္ဆေ. . တစ္ဆေ. .။ လုပ်ပါဦး. . ဆွဲကြပါဦး"

ကိုကြည်တင့်နိုင်နဲ့ လပွတ္တာကျော်ဦးတို့ ဗလကောင်းတဲ့ သူကြီးကို မနည်းဆွဲထုတ်မှ ကြမ်းပေါက်ကျွံရာက လွတ်ပြီး ထော့နင်းထော့နင်းနဲ့ ပြေးရော။

ရာဇဝင်တွင် သွေးစွန်းဓါးလည်း အိမ်ပေါ်မှာ ကျန်ရစ်ခဲ့ပြီ။

"သူကြီး. . ဘယ်သရဲလဲဗျ။ ဟင်. . ဟင်. ."

"မင်း. . မင်းတို့ကြီးဒေါ် မအိမ်ရှိး. . တ. . တစ္ဆေ. . သရဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..ဟုတ်ရဲ့လားဗျာ"

"မ..မယုံရင်မင်း..မင်းအမျိုးကိုသွား..သွားကြည့်..ကြည့်။ အမလေးဗျာ..လိပ်ပြာကို လွင့်သွားမတတ်ပဲ။ ဘုရား..ဘုရား.."

ဒါနဲ့ ဦးကြည်တင့်နိုင်က မြေမှုန်များ နဖူးကိုသုတ်ပြီး ဒုတိယ အကြိမ် အသာခေါင်းလျှိုလို့ ကြည့်လိုက်ရော လန့်အော်ပြီး ပြေးပါရော။

'မေးကြည့်ကြတော့..

"ကိုကြည်တင့်နိုင်..ဘယ်..ဘယ်သူလဲဟင်..ဟင်.."

"အစ်မ..အစ်မ..ဒေါ်..အိမ်..ရှိး.."

"တကယ်.."

"ဟုတ်..ဟုတ်တယ်..။ လက်ထဲမှာ စိပ်ပုတီးကြီးနဲ့"

"ဘုရား..ဘုရား..အမလေး.."

ကိုကြည်တင့်နိုင်မြင်လိုက်ရတာ ကွယ်လွန်သူ ခေါင်းထဲကနေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သူ သူ့အစ်မ ဒေါ်အိမ်ရှိးပဲ။

ဒေါ်အိမ်ရှိးဟာ ညာလက်က စိပ်ပုတီးကြီးကိုင်ပြီး သူ့ကိုစိုက် ကြည့်နေတာ..။

ပြေးကုန်ကြပြီ..။

ပျောက်သွားတဲ့ သချိုင်းကုန်းက အလောင်း သူ့အိမ်ပေါ် ပြန် ရောက်နေပြီ..။

ငုတ်တုတ်ကြီး..။

စိပ်ပုတီးကြီးနဲ့..။

အဲဒါ ရွာထဲမှာ ညံသွားတာပဲ။ ကြားတယ်ဆို လူတွေဝိုင်းအုံလာ ကြရော။ အထဲလည်း မဝင်ရဲကြဘူး။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိကြဘူး။ သည်အချိန်မှာ နောက်ထပ်တံခါးနှစ်ချပ် ပွင့်သွားပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲဟော့လို့ တစ်ယောက်မှ မမေးရဲကြဘူး။

သူကြီးဦးကျောက်မောင်းက ကျောက်ချေးများထွက်သလို ဦးကြည်တင့်နိုင်က ပုဆိုးမှာ သေးတွေ၊ ဆီးတွေ ရွှဲပြီး မျက်ဖြူလန်နေပြီ။

သည်အချိန်မှာပဲ..

လူအုပ်ကြားထဲကနေ အသက်သုံးဆယ်ကျော်ခန့်၊ အလွန်ကို ချက်သရေရှိ ကြည်ညိုဖွယ်ကောင်းလှတဲ့ ဦးပဥ္စင်းတစ်ပါး သပိတ်ပိုက်ပြီး ကွယ်လွန်သူဒေါ်အိမ်ရိုးအိမ်ပေါ်ကို တစ်လှမ်းချင်း ကြွဝင်သွားလေရဲ့။

ဦးပဥ္စင်းဟာ ခေါင်းရင်းခန်းမှာ ထိုင်တယ်။

သည်မှာပဲ သရဲတစ္ဆေလို့ အများနဲ့ ဆွေမျိုးများက လုံးဝယူဆနေတဲ့ ကွယ်လွန်သူ အလောင်းပျောက် ဒေါ်အိမ်ရိုးက ဦးပဥ္စင်းငယ်ရဲ့ သပိတ်ထဲကို ပစ္စည်းအချို့ထည့်လှူနေတာကို ချောင်းကြည့်သူများအားလုံး အထင်အရှားမြင်လိုက်ရပြီး အံ့သြနေကြချိန်..။

ဦးပဥ္စင်းက တရားစကားများကို ချီးမြှင့်နေရဲ့..။

အတန်ကြာမျှ လူ့ဘဝရဲ့ ရခဲဘဝ၊ သေခဲဘဝ၊ ရှင်ချင်တိုင်းလည်း ရှင်လို့မရတဲ့ဘဝ၊ သေချင်တိုင်းလည်း သေလို့မရတဲ့ မနုဿသဘာဝေါ် ဒုလ္လဘော တရားကို ချီးမြှင့်ဟောကြားနေတယ်။

တရားလည်းပြီးရော..

ဒေါ်အိမ်ရိုးက ဦးပဥ္စင်းကို ရိုသေစွာ ဦးသုံးကြိမ်ချပြီး ကန်တော့နေတယ်။ ပြီး..ဦးဇင်းနောက်မှာ ရပ်ကျန်ရစ်ခဲ့တယ်။

ဦးပဥ္စင်းက ဣန္ဒြေသပ္ပတ္တိနဲ့ ပြန်ကြွထွက်အလာ..

သူကြီးက လက်အုပ်ချီပြီး..

"ဦးဇင်းဘုရား.."

"ဘာတုံး တကာကြီး.."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိမ်.. အိမ်ပေါ်က မိန်းမကြီးဟာ.. လူ.. လူအစစ်ပါပဲလား ဘုရား"

"လူအစစ်ပါ တကာကြီး"

"ဟင်.. လူအစစ်..။ ဦးဇင်းဘုရား သူ့ကိုသိပါသလားဘုရား"

"သိပါတယ် တကာကြီး။ တကာမကြီးရဲ့အမည်က ဒေါ်အိမ်ရှိ ပါတဲ့"

"သူ.. သူ.. သေပြီးပါပြီဘုရား"

"ဘယ်တုန်းက သေလို့တုံး တကာကြီးရဲ့"

"တနင်္ဂနွေနေ့က ရွာပြင်မှာ မိုးကြိုးစက်ကွင်းထိပြီး သေခဲ့ပါ တယ်ဘုရား။ သုံးရက်မြောက်တဲ့နေ့က မြှုပ်ခါနီးမှာ သူ့အလောင်းပျောက် ပြီး ခေါင်းထဲမှာ ငှက်ပျောတုံးဖြစ်နေပါတယ်ဘုရား။ ဒါကြောင့် သူဟာ တစ္ဆေ.. သရဲ.. ဖုတ်.."

သည်မှာပဲ ဦးဇင်းဟာ ပြုံးတော်မူရင်းက..

"တကာကြီးတို့.."

"ဘုရား.."

"အမှန်က သူတကယ်သေသွားတာ မဟုတ်ဘူး"

"ဗျာ.. အဲ.. အဲ.. ဘုရား.. ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား"

"အဲဒီနေ့ညက ဦးဇင်း ဒီရွာသင်္ချိုင်းမှာ သုသာန်ကမ္မဋ္ဌာန်း လာထိုင်ဖို့ ကြွလာခဲ့တယ်။ ကျောက်တလားပေါ်မှာ ဒေါ်အိမ်ရှိ၊ အသက် (၆၁) နှစ်ဆိုတဲ့ခေါင်းကို မြင်ရတာနဲ့ အခေါင်းခေါင်းရင်းကနေ အသုဘ မရဏာနုဿတိကမ္မဋ္ဌာန်း ရှုနေစဉ်မှာပဲ ခေါင်းထဲက ညည်းညူသံကြားရ တာပဲ။ အစကနဦးတော့ မမြင်ရသည့် ပရလောကသားများရဲ့အနှောင့် အယှက်လို့ ယူဆနေပေမင့် ခေါင်းထဲကနေ ရေတောင်းပြီ၊ ကယ်မိပါ



www.burmeseclassic.com

www.burmeseclassic.com



ပြောသံ၊ ခေါင်းဖုံးကိုပင့်တွန်းသံ ကြားရ၊ မြင်ရတာနဲ့ ဦးဖစ်း တရားအမှတ်သတိကို ဖြတ်ပြီး ခေါင်းဖုံးကိုဖွင့်ကြည့်လိုက်ရော ပြန်သတိရ နိုးထဖို့ကြိုးစားနေတဲ့ ဒီတကာမကြီးကို တွေ့ရပြီး ပြန်ထူနိုင်အောင် ကူညီခဲ့တာပါပဲ''

''ဘုရားရေ့ . ''

''အမှန်က ဒီတကာမကြီး အလန့်လွန်၊ အချိန်ကြာ သတိလစ်မေ့မြောသွားတာပါ။ ဒါကို တကာကြီးတို့ဆွေမျိုးသားချင်းများက နားမလည်၊ မသိတော့ သေပြီမှတ်ပြီး သင်္ချိုင်းမှာ ထားကြတာကိုး။ ဒီလိုပါပဲ တကာကြီးတို့ရယ်။ လူ့ဘဝဟာ အလွန်ကို ဂမ္ဘီရဆန်စွာ ဆန်းကြယ်ပါတယ်။ အချို့ ရေခဲတိုက်ထဲရောက်ပြီးမှ မသေဘဲ ပြန်ရှင်ခဲ့ကြတယ်။ အချို့ မြှုပ်ခါနီးမှ ပြန်ရှင်ခဲ့ရတယ်။ အဲဒါ ဖုတ်၊ သရဲ တစ္ဆေဝင်တာ မဟုတ်ပါဘူး။ အဲဒါ သေကံမရောက်သက်မပျောက် အဖြစ်ဆန်းပါ။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုသူ၊ ရှေးဘဝတုန်းက ပါရမီကောင်းခဲ့သူများဟာ တော်ရုံရောဂါဘယနဲ့ သေခဲကြပါတယ်။ သူတို့ လူ့ဘဝမှာ ကုသိုလ်ကောင်းမှု ပြုဖို့အတွက် မရဏရှင်သေမင်းက သူ့ကို သေခွင့်မပေးသေးပါဘူး။ ဒါကြောင့် မြေရာကနေ ပြန်ရှင်ခဲ့ရတာပါ။ သေရွာက ပြန်ခဲ့ရတာပါ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောခဲ့သားပဲ။ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က အပ်တစ်စင်း ပစ်ချရင် ထိချင်ထိမယ်။ လူဘဝကတော့ ပြန်ရဖို့ မလွယ်ဘူးတဲ့။ ဒါကြောင့် လူ့ဘဝကလေး ရခိုက်မှာ ရတနာသုံးပါးကိုးကွယ်ယုံကြည်ကြပါ။ မိစ္ဆာဒိဋ္ဌိ အယူမမှားကြစေနဲ့။ ဒါန၊ သီလ၊ ဘာဝနာ မြဲမြဲပွားများ ကျင့်ကြံပါ။ အဲဒါဆိုရင် အသက်ရှည်ကျန်းမာ၊ ချမ်းသာပြီး သေကံမရောက်သက်မပျောက်ဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူ သူတော်ကောင်းများ မုချမသွေဖြစ်ကြပါလိမ့်မယ် တကာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့။ အပွမာဒေန သမ္ပာဒေထ မမေ့မလျော့ မပေါ့ကြပါနဲ့ တကာကြီးတို့ ကိုင်း. . အထဲကို ရဲရဲတင်းတင်းဝင်ပြီး သွားရောက်နှုတ်ဆက်ကြပါဗျာ"

ဦးပဥ္စင်းငယ်သည် စကားဆုံးသည်နှင့် မျက်လွှာကိုချ၍ သပိတ်ပိုက်ပြီး ဣန္ဒြေကြီးစွာ ကြွတော်မူလေ၏။

သူကြီးဦးကျောက်မောင်းသည် အိမ်တံခါးဝမှာ ပတီးကိုင်ပြီးရပ်နေသည့် ဒေါ်အိမ်ရိုးရှိရာသို့ ဝမ်းသာအားရ ခြေလှမ်းကျဲနှင့် ရဲရဲဝံ့ဝံ့ဝင်သွားခဲ့၏။ သူ့နောက်မှ လူအများလည်း လိုက်ပါလာကြ၏။

သူတို့အားလုံး၏ မျက်နှာပေါ်မှာ ဝမ်းသာအံ့ဩမှုများ လွှမ်းကဲနေ၏။ သည်အချိန်မှာ ဖော်ဖေနှင့်ခင်အေးစုတို့က သူတို့အိမ်များသို့ အမြန်ပြန်ပြေးကြ၏။

အကြောင်းကား. .

ကြီးဒေါ်ကြီး ဒေါ်အိမ်ရိုး သေပြီမှတ်ပြီး အလျင်စလို ရရာယူထားမိသည့် ထဘီ၊ အင်္ကျီ၊ ပုဆိုးနှင့် တိုလီမုတ်စများကို ကြီးတော်သေရွာပြန်ကြီး ကလော်မတှတ်ခင် အချိန်မီပြန်ပေးရန် ဖြစ်လေသတည်း။

(မှတ်ချက်။ ။ သေရွာပြန်ဒေါ်အိမ်ရိုး၏ ထူးဆန်းသော စိတ်ပညာအသိများအကြောင်းကို လုံးချင်းအဖြစ် ဆက်လက်ရေးသားသွားပါမည်။)

❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သွေးချင်းတို့မြေမှ ဂန္ဓာရီကျားမ

မြစ်ကြီးနားမြို့နှင့် (၈၇) မိုင်ဝေးသော ဤဒေသတွင် ဆယ့်နှ
ရာသီရေစီးလျက်ရှိသော ဒရူခချောင်းမကြီးရှိသည်။ တောင်တန်းပြာကြီးကို
မြစ်ဖျားခံကာ စီးဆင်းနေခြင်းဖြစ်သည်။ ထိုဒရူခချောင်းမကြီးမှ ရေမျာ
သည် မလိခမြစ်နှင့် ပေါင်းဆုံမိရန်အတွက် တောနက်ကြီးများကို ဖြတ်
သန်းစီးဆင်းကြ၏။ အမြဲတမ်းစိမ်းလန်းစိုပြည်လျက်ရှိသော သစ်တောကြီး
မှာလည်း အရှေ့ဘက်မှ အနောက်တောင်ဘက်ထိအောင် သွယ်တန်
လျက်ရှိနေကြသည်။ သိပ်သည်းထူထပ်သော သစ်တောကြီးများ ပေါက်
ရောက်လျက်ရှိကြသည်နှင့်အညီ သားကောင်ကြီးများ ခိုအောင်းကျက်စာ
ရာလည်း ဖြစ်နေလေသည်။

ကျွန်တော်တို့စခန်းထိုင်တပ်ချခဲ့သည် တောင်ကုန်းလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ပစ်ကျင်းမြောင်းများ တူးဖော်၍ တည်ဆောက်တပ်စွဲထားသည်။ ဒရုခချောင်းသည် တပ်စခန်းတည်ရာ တောင်ကမူကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

ဆောင်းရာသီအချိန်တွင်မူ ထိုဒေသကလေးမှာ အလွန်ပျော်ရွှင်ဖွယ်ကောင်းသော ဒေသလေးတစ်ခုဖြစ်သည်။ နံနက်ခင်းအချိန်များတွင် စိုပြည့်လန်းဆန်းပြီး နေခြည်ဖြာလျက်ရှိသဖြင့် တောလမ်းတစ်လျှောက် သေနတ်တစ်လက်နှင့် လမ်းလျှောက်ရင်း သားကောင်ငယ်များပစ်ခတ်ရန် အလွန်ကောင်းလှသည်။ နေ့လယ်နေ့ခင်းအချိန်များတွင်မူ အေးစိမ့်လာသည်။ ညအချိန်တွင်မူ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်တောများမှ တိုက်ခတ်လာသောလေနှင့် တောင်ထိပ်မှ ရေခဲတမျှအေးစက်လှသော လေအေးများ ဝင်ရောက်လာသဖြင့် အရိုးကွဲမတတ်အောင် အေးမြလှသည်။

ညအချိန်များတွင် ထိုမျှအေးခဲလှသောကြောင့် အအေးဒဏ်ကို ကာကွယ်နိုင်ရန်အတွက် ဘန်ကာကျင်းတိုင်း၌ မီးဖိုများ ဖိုထားကြရသည်။ မီးဖိုများရှေ့တွင် မီးလှုံရင်း၊ ဖန်ခါးရည်သောက်ရင်း အလွန်တော်သော ဒေသခံ ဝါရင့်မုဆိုးများပြောပြသော တောခြောက်၊ တောမှောက် ကြက်သီးမွေးညင်းထစရာ ကိုယ်တွေ့မုဆိုးပုံပြင်များကို နားထောင်ရသည့် ခံစားမှုအရသာမှာ ထူးကဲလှပါ၏။

ကျားနှင့် ကျားသစ်၊ ဝံ၊ သစ်ဝံများမှာလည်း တပ်ဝင်းဘန်ကာအတွင်းသို့ တစ်ခါတစ်ရံ ဝင်ရောက်လာတတ်ကြသည်။ သူတို့၏ အော်သံများ၊ ဟိန်းဟောက်သံများနှင့် တောဝက်ကဲ့သို့ တအစ်အစ်မြည်သံများမှာ ဘန်ကာကျင်းမီးပုံဘေးတွင် အိပ်ချင်မူးတူးနှင့် ကွေးနေသူ ရဲဘော်များအား လန့်ဖျပ်သွားစေပါသည်။

ကျွန်တော်စစ်ဆင်ရေးသွားလာခဲ့ရသည့်နယ်မြေနှင့်နယ်မြေလုံ



www.burmeseclassic.com

www.burmeseclassic.com



ခြိုးရေးအတွက် စခန်းထိုင်ခဲ့ရသော နယ်မြေများမှာထက် ဤကချင်ပြည်နယ်ရှိ ဖော်ပြပါဒေသကို အနှစ်ခြိုက်ဆုံး၊ အပျော်ဆုံး ဖြစ်ခဲ့ရသည်။ ထို့ပြင် မိခင်တပ်မတော်မှ အနားယူခဲ့ပြီးသည့်တိုင်အောင် ယနေ့ထက်ထိ မေ့ပျောက်၍မရနိုင်သော နောင်ခိုင်ရွာ မုဆိုးကြီးလမုန်ထန်နှင့်တွဲ၍ စွန့်စားခန်းများကို တွေ့ကြုံခဲ့ရသည့်နေရာလည်း ဖြစ်နေပေသည်။

မုဆိုးကြီးလမုန်ထန်သည် ထိုနယ်တွင် အလွန်တော်သော မုဆိုးကြီးတစ်ယောက်ဖြစ်ရုံမက မုဆိုးပုံပြင်များကို မကုန်နိုင်မခန်းနိုင် ပြောပြတတ်သူလည်းဖြစ်၏။ သူလို လူ့ဘဝတွင် အလွန်ကံကောင်းပြီး ဘာမဆို အကောင်းဆုံးကိုချည်း ရထားသူအနည်းငယ်တွင် တစ်ယောက်ဖြစ်ပါသည်။ သူ၏ဝင်ချက်စတာသေနတ်မှာ တိကျမှန်ကန်မှုနှင့် အင်အားကောင်းမှုတွင် အတုမရှိပေ။

ယင်းမုဆိုးကြီးလမုန်ထန်ထံမှပင် ပူတာအိုနယ်မှ ကျားဆိုးကြီးအကြောင်းကို ပထမဆုံးကြားသိခဲ့ရ၏။ ကျားမှာ အမဖြစ်၏။ ထိုကျားမသည် ပူတာအိုနယ်ရှိ တောင်ယာတဲများမှ လူပေါင်းနှစ်ဆယ်ကျော်ကို သတ်စားသဖြင့် ပူတာအိုနယ်ရှိမုဆိုးများ စုပေါင်း၍ မောင်းနှင်ထုတ်လိုက်သောကြောင့် နောင်ခိုင်ကြိုးဝိုင်းဘက်သို့ ကူးလာခဲ့သော ကျားဖြစ်ပြီး နောင်ခိုင်ဘက်တွင်လည်း တစ်နှစ်တာကာလအတွင်း လူပေါင်းနှစ်ဆယ်ကျော် ထပ်မံသတ်ဖြတ်စားခဲ့ပြီးဖြစ်၏။

နောင်ခိုင်နယ်အတွင်းမှ လူမျိုးစုများ ကျားဆိုးအန္တရာယ်နှင့် ကြုံနေရသည့်အတွက် မုဆိုးကြီးလမုန်ထန်မှာ စိုးရိမ်သောကဖြစ်ရပုံကို ကျွန်တော့်အား ပြောပြလေသည်။

မကြာမီပင် တောင်ယာတဲမှ လီဆူးအမျိုးသမီးတစ်ယောက်ကို လူသားစားကျားမ ကိုက်သတ်လိုက်ကြောင်း တပ်စခန်းသို့ လူလွှတ်၍



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးလာ၏။

ကျွန်တော်သည် မုဆိုးကြီးလမုန်ထန်နှင့်အတူ တပ်ကြပ်ကြီးထွန်စန်နန်အပါအဝင် ရဲဘော်ငါးယောက်ကို အသင့်ပြင်ဆင်ခိုင်းပြီး ထွက်လာခဲ့ကြ၏။ နောက်တစ်ရက် နံနက်စာကို သောကြာနေ့ ရေကြည်အိုင်ရောက်မှ စားပြီး သင့်ရာတောင်ယာတဲစုရောက်မှ ညအိပ်လိုက်ကြ၏။ နောက်တစ်ရက် ညနေမှ ကျားကိုက်ခံရသော တောင်ယာတဲစုသို့ ရောက်၏။

ထိုတောင်ယာတဲစုရွာ၌ ကြီးငယ်ကျားမ လူသုံးဆယ်မျှ နေထိုင်ကြ၏။ တောင်ယာသမားများမှာ မည်မျှကြောက်လန့်နေကြသည်မှာ ပြောဖွယ်မရှိတော့ပေ။ ကျွန်တော်တို့ရောက်သွားချိန်မှာ နေမဝင်သေးသော်လည်း အားလုံး အိမ်တံခါးများကို အလုံပိတ်၍ နေကြ၏။ ကျွန်တော်တို့ တပ်စိတ်သည် ရွာလယ်၌ မီးများဖိုပြီး နေကြရ၏။ ထိုအခါမှပင် တစ်အိမ်ချင်း၊ တစ်ယောက်ချင်း တဲအိမ်တံခါးများဖွင့်ကာ ကြောက်ကြောက်လန့်လန့်နှင့် ထွက်လာကြ၏။

တောင်ယာရွာသားတို့သည် မည်သူမျှ အပြင်မထွက်ကြသည်မှာ ငါးရက်ပင်ရှိပြီဖြစ်သဖြင့် စားနပ်ရိက္ခာမှာလည်း ကုန်ခန်းလျက်ရှိကြောင်း၊ ထိုကျားကို မပစ်သတ်ပါက သူတို့မှာ တောင်ယာကိုလည်း မသွားဝံ့ကြသဖြင့် အစာရေစာငတ်မွတ်ကြရတော့မည်ဖြစ်ကြောင်း ကျွန်တော်နှင့် မုဆိုးကြီးလမုန်ထန်တို့အား ပြောပြကြ၏။

ကျားသည် ထိုတောင်ယာတဲများအနီးအနား၌ပင် ရှိနေသည်မှာ သိသာပါ၏။ တဲများနှင့် ကိုက်တစ်ရာခန့်သာဝေးသော တောစပ်ဆီမှ ကျားတစ်သည့်အသံကို သုံးညဆက်တိုက် ကြားကြရကြောင်း၊ ထိုနေ့ကဆိုလျှင် တောင်ယာတဲစု၏ အောက်ဘက်စွန်းရှိ တောင်ယာတဲ၌ ကျားကို မြင်လိုက်ကြရကြောင်း ရွာသားများက ပြောပြကြ၏။

www.burmeseclassic.com



ထိုနေ့ညစာကို ပါလာသည့် ပဲဘူးနှင့် ရွှေဖရုံသီးဖြင့် ညစာကို ဖြစ်သလိုစားပြီး တပ်ကြပ်ကြီးထွန်းဖန်နှင့် ရဲဘော်များကို ရွာခေါင်းကြီး ပေးသော တဲအိမ်မှ အခန်းတစ်ခန်းထဲတွင် နေရာချပေးပြီးမှ ကျွန်တော် နှင့် မုဆိုးကြီးလမုန်ထန်တို့က သစ်ပင်တစ်ပင်ကိုမှီကာ နေရာယူလိုက်ကြ၏။ ကျားသည် ဤလမ်းပေါ်တွင် လျှောက်သွားတတ်သည်ဟု ပြော၏။ လပြည့်ဝန်းကလည်း သာလျက်ရှိသဖြင့် အကယ်၍ ကျားလာလျှင် မုဆိုးကြီးလမုန်ထန်နှင့်ကျွန်တော် ကျောချင်းကပ်နေရာယူထားရာမှ ဦးအောင် မြင်ရလျှင် ပစ်ကောင်းပစ်ရလိမ့်မည်ဟု မျှော်လင့်မိ၏။

ကျွန်တော်သည် စစ်ဆင်ရေးသွားလာရင်း တောထဲ၌ ညပေါင်း များစွာနေဖူး၏။ သို့သော် လူသားစားကျားကိုစောင့်ရင်း နေသည်မှာမူ ဤညသည် ပထမဆုံးညပင်ဖြစ်ပါ၏။ ကျွန်တော်၏ရှေ့တည့်တည့်ရှိ လမ်းမှာ လရောင်ထိန်ထိန်လင်းနေသော်လည်း လက်ဝဲဘက်နှင့် လက်ျာဘက် တို့တွင် သစ်ပင်ကြီးများအုပ်မိုးလျက်ရှိသဖြင့် အရိပ်မည်းကြီးများကျနေ၏။ လေတိုက်၍ သစ်ကိုင်းများလှုပ်သောအခါ ကျွန်တော့်ထံသို့ ကျားဆယ် ကောင်ခန့်လာနေသည်ဟုထင်ကာ လူသားစားကျား၏လက်သို့ ကျွန်တော့် ကိုယ်ကျွန်တော် ဝ,ကွက်၍ အပ်ခဲ့ရလောက်အောင် စိတ်ရူးပေါက်မိသည် မှာ အမှားကြီးမှားလေပြီဟု တွေးမိ၏။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် မိမိဘာသာမိမိ ပေးအပ်ထားသော တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် ကြောက်ရွံ့လျက်ရှိနေသလို ချမ်းအေးလှသဖြင့် တခိုက်ခိုက်တုန်ကာ တစ်ညလုံးထိုင်နေခဲ့ရ၏။ ကျွန်တော်၏ မျက်နှာမူရာအရပ်ရှိ နှင်းဖုံးတောင်စွယ်များပေါ်သို့ အရုဏ်ဦးရောင်ခြည် များ ပက်ဖျန်းလာသည့်အချိန်တွင်မှ ကျွန်တော်လည်း ဒူးနှစ်လုံးပေါ်တွင် လက်တင်၍ ခေါင်းချလိုက်မိ၏။ ထို့နောက် တစ်နာရီခန့်အကြာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြပ်ကြီးထွန်ဖန်နန်နှင့် ရဲဘော်နှစ်ယောက်သည် ကျွန်တော်နှင့် မုဆိုးကြီးလမုန်ထန်တို့ အိပ်မောကျလျက်ရှိသည်ကို တွေ့ကြရ၏။ ကျား၏အစအနကိုကား ကြားလည်းမကြား၊ မြင်လည်းမမြင်ခဲ့ရချေ။

တောင်ယာတဲစုသို့ ပြန်ရောက်သောအခါ ကျွန်တော်တို့ကို ညက ကျားအဆွဲမခံရဘဲ ပြန်ရောက်လာကြသည်ကို အံ့ဩနေကြသည်ကို တွေ့ရ၏။ သူတို့အား ကျားကိုက်ခံခဲ့ရသောနေရာကို လိုက်ပြရန် ကျွန်တော်နှင့် လမုန်ထန်က ပြောသော်လည်း လိုက်ပြချင်ပုံ မရပေ။ ကျားဆွဲသွားသည့်နေရာများဆီသို့ တဲစုအတွင်းမှနေ လက်ညှိုးဖြင့်သာ ညွှန်ပြကြ၏။

နောက်ဆုံး ကျားကိုက်မှုသည် ရွာ၏အနောက်ဘက် တောင်ယာများအဆုံး ချောက်စွယ်အကွေ့တွင် ဖြစ်သည်ဟု ပြောကြ၏။ ထိုလီဆူအမျိုးသမီး ကျားဆွဲခံရစဉ်က ထိုအမျိုးသမီးနှင့်အတူ တောင်ယာစည်းရိုးကာရန်အတွက် သစ်ကိုင်းများသွားချိုင်ကြသူ အမျိုးသမီးဆယ်ယောက်ခန့်တို့က ဖြစ်ပျက်ပုံအလုံးစုံကို သူ့ထက်ငါဦးအောင် လုပြောကြ၏။

ဖြစ်ပုံမှာ ယာစည်းရိုးခတ်ရန် မွန်းမတည့်မီ နှစ်နာရီခန့်တွင် တောင်ယာတဲစုမှထွက်၍ တစ်မိုင်ခန့်သွားမိသော် သစ်ပင်များပေါ်သို့တက်၍ သစ်ကိုင်းများချိုင်ကြ၏။ ကျားဆွဲခံရသူနှင့် အခြားမိန်းမနှစ်ယောက်တို့သည် ချောင်းကမ်းဘေး၌ပေါက်သည့် သစ်ပင်တစ်ပင်ကို ရွေးချယ်ကြ၏။ ထိုသောသစ်ကိုင်းများကို ချိုင်ချပြီး၍ သစ်ကိုင်းတစ်ကိုင်းကိုခိုလျက် ပြန်အဆင်းတွင် ဘယ်သူမှမမြင်အောင် တိတ်တဆိတ်ချဉ်းကပ်လာသော ကျားသည် မတ်တတ်ရပ်၍ ထိုမိန်းမ၏ခြေနှစ်ချောင်းကို ကိုက်ဆွဲချ၏။ သစ်ကိုင်းကို အတင်းဆုပ်ထားသော်လည်း ကျားက ဆွဲချယူသွားကာ ချောင်းထဲရောက်မှ ခြေကို လွှတ်၏။ ထိုမိန်းမက ရုန်းကန်ထရန် အားထုတ်စဉ်တွင် ကျားက လည်မျိုကို ခဲလိုက်၏။ ထိုမိန်းမအား သတ်ပြီးသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကိုက်ချီ၍ ချောင်းကိုခုန်တက်ကာ တစ်ဖက်ကမ်းရှိ ချုံတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ဟု မှန်းဆကြည့်ရ၏။

ထိုဖြစ်ရပ်များသည် သူနှင့်အတူ သစ်ပင်ပေါ်တွင်ရှိနေသော အဖော်မိန်းမနှစ်ယောက်နှင့် သုံးလေးပေအကွာ၌ ဖြစ်ခဲ့ပြီး ထိုအဖွဲ့၌ ပါသောသူအားလုံး တွေ့မြင်ကြရ၏။ ကံဆိုးမနှင့် ကျားတို့ ပျောက်ကွယ်သွားသောအခါတွင် အလွန်ကြောက်လန့်နေကြသော အမျိုးသမီးကြီးငယ်တို့သည် ရွာဆီသို့ ပြန်ပြေးခဲ့ကြ၏။ တောင်ယာတဲစုသို့ရောက်မှ စည်များ၊ မောင်းများ တီးခတ်၍ ရသမျှ တူမီးသေနတ်၊ ဒူးလေး၊ လှံ၊ ဓားများယူကာ ကျားဆွဲခံရသူအား ကယ်ဆယ်ရန် လိုက်ကြ၏။ ယောကျ်ားများက ရှေ့က သွား၍ မိန်းမများက နောက်ကလိုက်ကြ၏။

ထိုမိန်းမကျားကိုက်ခံရသည့်ချောင်းထဲသို့ ရောက်ကြသောအခါ ဘာဆက်လုပ်ကြမည်ဆိုသည့် အရေးကြီးလှသော ပြဿနာကို ဆွေးနွေး ငြင်းခုံနေကြစဉ် သူတို့နှင့်ကိုက်သုံးဆယ်မျှသာဝေးသည့် ချုံများဆီမှ ကျား ဟိန်းသံကြီး ကျယ်လောင်စွာပေါ်ထွက်လာသဖြင့် တစ်ယောက်က စပြေး ရာမှ အားလုံး သူ့ထက်ငါ အလုအယက်ပြေးကြတော့၏။

နံနက်ပိုင်းက ကျွန်တော်နှင့် မုဆိုးကြီးလမုန်ထန်တို့ ကျားကိုများ တွေ့ရလေမည်လားဟု စိတ်ကလှည်းစောလျက် သုံးနာရီမျှ တောင်ယာတဲ စုပတ်လည်နှင့် တောစပ်ထိ ခြေရာခံခဲ့ကြ၏။ သစ်ပင်ရိပ်များအုပ်အုပ်ဆိုင်း ဆိုင်းရှိသော ချောက်ကြားတစ်နေရာ၌ ချုံတစ်ခုကို ကျွန်တော်နှင့်လမုန် ထန် လှည့်၍ချောင်းစဉ် ချုံထဲမှ ရစ်ငှက်တစ်အုပ်သည် စူးရှဆူညံစွာဖြင့် အော်ဟစ်ကာ ရုတ်တရက်ထပျံသွားလေရာ ကျွန်တော်နှင့် မုဆိုးကြီးလမုန် ထန်တို့မှာ ထိတ်လန့်ခဲ့ရပါသေးသည်။

ကျွန်တော်တို့ နံနက်စာစားပြီးသောအခါ တောင်ယာတဲစု ရွာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးက တောင်ယာစပါးများရိတ်သိမ်းရာတွင် ဘေးဆီးရန်ကာ စောင့်ရှောက်ပေးပါရန် ပြောလာ၏။ တောင်ယာတဲစုသမားများမှာ အိမ်ထဲမှ အိမ်ပြင်မထွက်ဝံ့အောင်ပင် ကြောက်လန့်နေကြသည်ဖြစ်၍ ကျွန်တော်တို့ တပ်စိတ်မှ စောင့်ရှောက်မပေးလျှင် တောင်ယာစပါးများ လုံးဝရိတ်သိမ်းရတော့မည်မဟုတ်ကြောင်း ပြောပြ၏။

သို့နှင့် တပ်ကြပ်ကြီးထွန်ဇန်နန်နှင့် ရဲဘော်များနှင့်အတူ ကျွန်တော်၊ မုဆိုးကြီးလမုန်ထန်ပါ ကူညီလျက် တောင်ယာတဲစုမှ လူများအားလုံးသည် တောင်ယာများ၌ အပူတပြင်းအလုပ်လုပ်ကြစဉ် ကျွန်တော်တို့က လှူခွဲပြီး သေနတ်ကိုင်၍ စောင့်ကြပ်ပေးရ၏။

ညနေဘက်တွင် တောင်ယာများမှ စပါးများကို ရိတ်သိမ်း၍ပြီး၏။ တောင်ယာတဲစုများနှင့်နီးသော တောင်ယာတဲစုနှင့်နီးကပ်သော တောင်ယာနှစ်ကွက်သာကျန်၍ နောက်တစ်ရက်မှ ဆက်လက်ရိတ်သိမ်းရန် ခက်ခဲတော့မည်ဟု လီဆူရွာခေါင်းကြီးက ပြော၏။

လီဆူရွာခေါင်းကြီးသည် ကျွန်တော်နှင့်မုဆိုးကြီးလမုန်ထန် နေထိုင်ရန် နောက်ထပ်တဲအိမ်ငယ်တစ်ခု ပေးလာ၏။ ထိုညက အဝင်တံခါးကို လေလည်းဝင်သာ၊ လူသားစားကျားလည်း မလာနိုင်အောင် ဆူးခက်များဖြင့် လုံခြုံစွာပိတ်ဆို့ပြီး လွန်ခဲ့သည့်ညက အိပ်ရေးပျက်ခဲ့သည်ကို အတိုးချ၍အိပ်ဖို့ စီစဉ်ရ၏။

ကျွန်တော်တို့ရဲဘော်များ ရှိနေခြင်းကြောင့် လူအများရဲတင်းလာကြပြီး လွတ်လပ်စွာသွားလာစပြုနေကြပြီဖြစ်သော်လည်း ကျွန်တော့်အဖို့ အရေးကြီးသော တော၏ခြေခင်းလက်ခင်းကို လိုက်ပြရန် ရွာခေါင်းကြီးကို ခေါ်၍ ပြောယူရ၏။

သူတို့ပြချင်လျှင် ကျား သို့မဟုတ် ကျားခြေရာများကို ညည်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ တွေ့နိုင်မည်ကို ပြနိုင်ကြပါ၏။

လူသားစားသွားသည့် သတ္တဝါမှာ ကျားဖြစ်သည်ကိုတော့ သိသာထင်ရှားပြီ။ သို့သော် ထိုကျားသည် ကြီးသည်၊ ငယ်သည်၊ ကျားထီးဖြစ်သည်၊ ကျားမဖြစ်သည် ခွဲခြားမသိရ။ ကျွန်တော်တို့အဖို့ ကျားကိုလိုက်၍ရှာဖွေရာတွင် အလွန်အရေးကြီးသဖြင့် ထိုအချက်များကို သိရန်မှာ ထိုကျား၏ခြေရာကို တွေ့ရမှသာ ဖြစ်ပေမည်။

ထိုနေ့နံနက်စာကို ဖန်ခါးရည်နှင့် ခေါပုတ်ထောင်းစားပြီး ဟင်းစားအတွက် အမဲများပစ်ခတ်၍ရနိုင်ရာနေရာကို ညွှန်ပြပေးရန် တောင်ယာသမားများကို ပြောရ၏။ ရွာခေါင်းကြီးနှင့် လမုန်ထန်တို့က ကချင်စကားဖြင့် အတော်ပြောတော့မှပင် တောင်ယာသမားလေးငါးယောက်က လိုက်ပြပေးပါမည်ဟု ပြောတော့၏။ ထို့နောက် လမုန်ထန်က တောင်ယာသမားနှစ်ယောက်ကိုသာခေါ်ပြီး ဟင်းစားအတွက် အမဲပစ်ထွက်ခဲ့တော့၏။

တောင်ယာထဲမှ ဖြတ်လာကြပြီး ကျွန်တော်တို့သည် လက်ဝဲ၊ လက်ျာကို သတိကြီးစွာထားလျက် မတ်စောက်သောတောင်စောင်းအတိုင်း ဆင်းခဲ့ကြ၏။ တောင်အောက်ချောက်ကြားနေရာ ရောက်သည်အထိ မည်သည့်သားကောင်ကိုမှ မတွေ့ရပေ။ လက်ျာဘက်၌ ကျောက်တုံးများထူထပ်၍ မြက်ခင်းများအုပ်သော ကမ်းပါးစောင်းကို ကောင်းစွာမြင်ရ၏။ ထိုနေရာ၌ပေါက်နေသော တောဖန်ခါးပင်ကြီးတစ်ပင်ကို မှီ၍ထိုင်ကာ ကျွန်တော်နှင့် မုဆိုးကြီးလမုန်ထန်က တောင်စောင်းတစ်ခုလုံးကို ဝေ့၍ စေ့စပ်စွာကြည့်နေစဉ်တွင် အတော်မြင့်သည့်တစ်နေရာမှ လှုပ်ရှားမှုတစ်ခုကို နှစ်ယောက်သား မြင်လိုက်ရ၏။ နောက်တစ်ကြိမ်အလှုပ်တွင် မုဆိုးကြီးလမုန်ထန်က..

"ဗိုလ်ကြီး.. အဲဒါ တောင်ဆိတ်ပဲဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိတ်သည် မြက်ပင်ရှည်များအကြား၌ ရပ်နေရာ ခေါင်းပိုင်းကိုသာ မြင်ရ၏။ တောင်ဆိတ်၏ခေါင်းမှာ အလွန်ငြိမ်သက်နေပြီး ပတ်ဝန်းကျင်အရာဝတ္ထုများနှင့် ရောနှောနေသဖြင့် အသေအချာစူးစိုက်ကြည့်မှသာ မြင်ရ၏။ ကျွန်တော်က မုဆိုးကြီးလမုန်ထန်အား ခေါင်းဆတ်ပြလိုက်သဖြင့် မုဆိုးကြီးလမုန်ထန်သည် ကိုက်နှစ်ရာအကွာအဝေးတွင်ရှိနေသော တောင်ဆိတ်ကို ဝမ်းလျားမှောက်လျက် သူ၏ဝင်ချက်စတာသေနတ်ပြောင်းကို တောဖန်ခါးမြစ်တစ်ခု၌တင်၍ ချိန်ကာ ပစ်လိုက်၏။

မုဆိုးကြီးလမုန်ထန်၏ သေနတ်ပဲ့တင်သံအဆုံးတွင် တောင်ဆိတ်သည် တစ်လိမ့်နှစ်လိမ့် လိမ့်ကာ မတ်စောက်သော တောင်စောင်းအရောက်တွင် အရှိန်နှင့်လိမ့်ကျလာတော့၏။ လမ်းတစ်ဝက်တွင် မြက်ရိုင်းတောထဲ၌ ပျောက်ကွယ်သွားပြီး ထိုမြက်တော၌ အိပ်နေကြသော အခြားတောင်ဆိတ်နှစ်ကောင်ကို တိုက်မိ၏။ တောင်ဆိတ်များသည် လန့်ဖျပ်အော်ဟစ်ပြီး မြက်တောထဲမှ တစ်ဟုန်ထိုးထွက်ကာ ခုန်ပေါက်လျက်တောင်စောင်းဘက်သို့ တက်ပြေးတော့၏။ ပစ်ကွင်းသည် ပို၍နီးလာသည်နှင့် ကျွန်တော့်သေနတ်ကိုပါ မုဆိုးကြီးလမုန်ထန်နှင့်အတူ ပြိုင်၍ သေချာစွာချိန်လိုက်၏။ တောင်ဆိတ်နှစ်ကောင်အနက် အကြီးကောင်ကို ကျွန်တော်က အပြေးရှိန်လျော့သည်အထိ စောင့်ချိန်ပြီး နောက်ပိုင်းသို့ ပစ်ထည့်လိုက်၏။ အခြားတစ်ကောင်မှာ တောင်စောင်းကိုကန့်လန့်ဖြတ်၍အပြေးတွင် မုဆိုးကြီးလမုန်ထန်က ပစ်ချလိုက်ပြန်သည်။

ချောက်ကမ်းပြတ်ငယ်များ၊ ကျောက်တုံးများ ထူထပ်ပေါများလှသည့် တောင်စောင်းမတ်စောက်စောက်တွင် မုဆိုးကြီးလမုန်ထန်ပစ်ခတ်လိုက်သော တောင်ဆိတ်သေကောင်သည် သူ၏အဖော်နှစ်ကောင် အိပ်နေရာသို့ တည့်တည့်မတ်မတ်လိမ့်ကျလာ၏။ ထို့နောက် သူက မြက်ခင်းမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်အောင် မရောက်မီ သူ၏အဖော်နှစ်ကောင်တို့သည် တစ်ကောင်ပြီး တစ်ကောင် တောင်စောင်းမှ လိမ့်ကျကြရပြန်၏။ တောင်ဆိတ်သုံးကောင်စလုံး ကျွန်တော်တို့၏ရှေ့ရှိ ချိုင့်ဝှမ်းထဲသို့ လိမ့်ကျလာကြချိန်တွင် တောင်ယာတဲစုမှ လီဆူအမျိုးသားနှစ်ယောက်သည် တောင်ဆိတ်များကိုကောက်ရန် ချိုင့်ဝှမ်းထဲသို့ လျှောဆင်းသွားကြသည့်အခိုက်အတန့်တွင် သူတို့သည် လူသားစားကျားအကြောင်းကို မေ့လျော့ထားလိုက်ကြပုံရ၏။

တောင်ဆိတ်များကို အရေဆုတ်၊ ခုတ်ထစ်ပြီး တောင်ယာသမားများကို ဝေငှလျက်ရှိစဉ် ကျွန်တော်တို့နှစ်ယောက်နှင့်အတူ တောပစ်ရာလိုက်ပါခဲ့သော ရွာသားနှစ်ယောက်မှာ သူတို့၏စိတ်၌ ထင်ရာကို အတားအဆီးမရှိ ပြောလျက်ရှိကြတော့၏။ သူတို့အဆိုအရ ‘မုဆိုးကြီးလမုန်ထန်နှင့် ကျွန်တော်သည် တစ်မိုင်ကျော်မျှဝေးသည့်အရပ်မှ တောင်ဆိတ်များကို ထိမှန်အောင်ပစ်ရုံမက သူ၏မှော်အတတ်ဖြင့် တောင်ဆိတ်သေကောင်တို့ကို မုဆိုးကြီးလမုန်ထန်နှင့် ကျွန်တော်တို့ခြေရင်းအထိရောက်အောင် ခေါ်ယူလိုက်သည်’ ဟူသောစကားကြောင့် တောင်ယာတဲများမှ လူများကဝိုင်း၍ တအံ့တသြချီးမွမ်းပြုကြသည့်အသံများကို ကျွန်တော်နှင့်ရဲဘော်များကြားနေရသဖြင့် အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

နေ့လယ်လောက်တွင် ရွာခေါင်းကြီးနှင့်တိုင်ပင်ပြီး တောင်ဆိတ်ပစ်ရာတွင် ပါဝင်ဖူးသူ လီဆူအမျိုးသားနှစ်ယောက်ကိုပင် ခေါ်၍လမ်းပြစေပြီး ကျားဆွဲသွားသည့်နေရာသို့ မုဆိုးကြီးလမုန်ထန်နှင့်အတူ ထွက်လာခဲ့ကြ၏။

လီဆူအမျိုးသမီး ကျားကိုက်ခံရစဉ်က တွေ့မြင်ခဲ့ကြသော မျက်မြင်သက်သေတို့၏ ပြောပြချက်များ ရှိပါ၏။ သို့သော် မျက်မြင်သက်



www.burmeseclassic.com

www.burmeseclassic.com



❋သေတို့သည် အခါခပ်သိမ်း အမှန်ကိုပြောနိုင်ကြသည်ဟု စိတ်ချထား၍ မရကြောင်းကို မုဆိုးကြီးလမုန်ထန်က သူ့အတွေ့အကြုံအရ သတိပေးလာပါသည်။ တောဓါသကော်တများကမူ တော၌ဖြစ်ခဲ့ပျက်ခဲ့သမျှ တိကျစွာ မှတ်တမ်းတင်ထားသည့်အရာများ ဖြစ်ကြ၏။ အချင်းဖြစ်သည့်နေရာသို့ ရောက်လျှင်ပင် ကျားသည် ထိုသစ်ပင်ဆီသို့ လူမမြင်အောင်လာဖို့ဆိုလျှင် သူ့အဖို့ တစ်လမ်းသာရှိ၏။ ထိုလမ်းမှာလည်း ချောက်တစ်လျှောက်တက်လာသည့်လမ်း ဆိုသည်ကို မုဆိုးကြီးလမုန်ထန်နှင့် ကျွန်တော်တို့ တွေ့မြင်ရ၏။ သစ်ပင်၏အောက်ဘက် ကိုက်တစ်ရာခန့်မှစ၍ ချောက်ထဲသို့ဆင်းတာ အထက်ဘက်သို့ကြည့်ရှုလေ့လာရင်း တက်လာခဲ့ကြရာ ကျောက်တုံးနှစ်ခု၏အကြားရှိ နုံးတင်မြေနုပေါ်တွင် ကျားခြေရာများကို ကျွန်တော်တို့ တွေ့မြင်ကြရ၏။

မုဆိုးကြီးလမုန်ထန်သည် ထိုခြေရာကို အသေအချာစူးစိုက်ကြည့်ပြီး ကျွန်တော့်အား..

"အရွယ်ကောင်းကျားမတစ်ကောင်ရဲ့ ခြေရာပဲ ဗိုလ်ကြီး"

သို့နှင့် ကျွန်တော်တို့နှစ်ယောက် အထက်ဘက်သို့ အနည်းငယ်တိုးခဲ့ရာ သစ်ပင်နှင့်ဆယ်ကိုက်ခန့်အကွာ တစ်နေရာတွင် ကျားမဝပ်ထားသည့်နေရာကို တွေ့ရ၏။ ထိုလီဆူအမျိုးသမီး သစ်ပင်ပေါ်မှအဆင်းကို စောင့်နေပုံရ၏။

ကံဆိုးမသည် ရှေးဦးစွာ မိမိလိုသော သစ်ကိုင်းသစ်ခက်များကို ချိုင်ပြီးသဖြင့် လုံးပတ်နှစ်လက်မမျှရှိသော သစ်ကိုင်းတစ်ကိုင်းကိုခိုကာ အောက်သို့လျှောအချတွင် ကျားမသည် ရှေ့သို့တွား၍လာခဲ့ပြီး နောက်ခြေ နှစ်ချောင်းဖြင့်ရပ်ကာ ထိုလီဆူမ၏ခြေကို ဖမ်းဆွဲ၍ ချောက်ထဲသို့ ပြေးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးမခိုဆင်းသည့် သစ်ကိုင်း၌ သူမ၏လက်ဖဝါးနှင့် လက်ချောင်းများမှ အရေပြားများ စုတ်ပြတ်ကပ်ငြိ၍ ကျန်ရစ်ခဲ့သည်ကို တွေ့ရခြင်းဖြင့် လီဆူမသည် မည်မျှအကြောက်အကန်ဆုပ်တွယ်ထားရာမှ ပါသွားကြောင်း သိသာ၏။ ထိုလီဆူမအား ကျားက ကိုက်သတ်လိုက်သည့်နေရာ၌လည်း ရုန်းကန်ထားသည့်အရာများနှင့် သွေးခြောက်ကွက်ကြီးတစ်ကွက်ကိုလည်း တွေ့ရ၏။ ခြောက်သွေ့နေပြီးဖြစ်သော်လည်း ထင်ရှားစွာမြင်နေရသေးသည့် သွေးစက်များအတိုင်း လိုက်ကြည့်သောအခါ သွေးစက်လမ်းသည် ချောက်ကိုဖြတ်၍ တစ်ဖက်ကမ်းသို့ တက်သွား၏။ ချောက်အတက်မှ ဆက်၍ခြေရာခံကြည့်သောအခါ ကံဆိုးမအား ကျားစားသည်ဆိုသော ချုံထဲမှ နေရာကို တွေ့ရလေသည်။

လူသားစားကျားတို့သည် လူကိုစားသောအခါ ဦးခေါင်း၊ ခြေလက်တို့ကို မစားဟု လူအများက ယုံကြည်ပြောဆိုခဲ့ကြသည်။ ထိုယုံကြည်ချက်သည် မှန်ကန်မှုမရှိပါ။ လူသားစားကျားတို့မည်သည် အနှောင့်အယှက်၊ အတားအဆီး မရှိပါက အလုံးစုံ အကုန်စား၏။ ကျွန်တော်တွေ့ခဲ့ဖူးသမျှ လူသားစားကျားများအနက် ကျားတစ်ကောင်သည် သွေးစွန်းသည့် အဝတ်များကိုပါမကျန် စားပစ်၏။ မည်သို့ပင်ဖြစ်စေကာမူ ထိုကြုံဆုံခဲ့ရသော အတွေ့အကြုံမှာ ယခုတွေ့ကြုံရသည်နှင့်တော့ မဆိုင်ပေ။ နောင်အခါ ကြုံကြိုက်ပါက ရေးသားဖော်ပြသွားပါမည်။

ယခုမူ ကျားစားခံရသော လီဆူအမျိုးသမီး၏ အဝတ်အစားများနှင့် အရိုးတစ်ချောင်းကို တွေ့ရသဖြင့် ကျွန်တော်တို့ယူလာခဲ့ကြသော အဝတ်စဖြင့် ထုပ်ယူခဲ့ကြ၏။ ဤရုပ်ကြွင်းမှာ ဘာမျှမဖြစ်လောက်သော်လည်း လီဆူလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံအရ သဂြိုဟ်၍ရပြီဖြစ်၏။

ကျွန်တော်တို့ ညနေစာစားသောက်ကြပြီးနောက် အခြားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကျားဆွဲခံရသည့်နေရာသို့ ခြေရာခံရန် လိုက်ကြရပြန်၏။ ခြောက်နှစ်သားယောကျ်ားကလေးတစ်ယောက်နှင့် လေးနှစ်သမီးမိန်းကလေးတစ်ယောက်တို့၏ မိခင်သည် သူ့တွင် အစ်မတစ်ယောက်ရှိ၏။

တစ်နေ့တွင် ထိုညီအစ်မနှစ်ယောက် တောင်ယာတဲ၏အထက်ဘက် တောင်စောင်း၌ ဆေးမြစ်ရှာဖွေနေကြစဉ် ကျားမသည် ရုတ်တရက်ထွက်လာပြီး အစ်မဖြစ်သူအား ဆွဲသွား၏။ ညီမဖြစ်သူလည်း ဆေးမြစ်တူးသည့် တူရွင်းပြားတစ်ဖက်၊ ဓားတစ်ဖက်ကိုင်ရင်း ခြိမ်းခြောက်လျက် သူ့အစ်မအားလွှတ်၍ သူ့အားချီသွားပါဟု အော်ဟစ်ပြောရင်း ကျားမနောက်သို့ ကိုက်တစ်ရာခန့်အထိ လိုက်သွား၏။ ထိုသို့ မယုံကြည်နိုင်စရာ ရဲစွမ်းသတ္တိဖြင့် ကိုက်တစ်ရာခန့်အထိလိုက်လာခဲ့သော သူမအား ကျားမသည် သေနေပြီဖြစ်သော အစ်မအား ချခဲ့ပြီး သူ့နောက်မှလိုက်လာသူ ညီမဘက်သို့လှည့်ကာ ကျယ်လောင်စွာဟိန်း၍ ခုန်အုပ်ပြန်၏။ ဤတွင် သတ္တိကောင်းလှသည့် မိန်းမသည် တောင်စောင်းအတိုင်း ပြေးဆင်းခဲ့ပြီး တောင်ယာကိုဖြတ်ကာ တဲစုရှိရာသို့ ပြေးဝင်ခဲ့၏။

သူက မသိဘူးထင်နေသော်လည်း ဖြစ်ပျက်ပုံအလုံးစုံကို မြင်ကြပြီဖြစ်သော တောင်ယာတဲစုမှလူများအား ထိုရဝမ်လူမျိုးအမျိုးသမီး စကားမပီမသနှင့် ကပေါက်တိကပေါက်ချာ ပြောနေသည်မှာ အကြောက်လွန်ပြီး အမောဆို့နေ၍ဟု ထင်ကြသော်လည်း ရွာမှလူများ ရရာလက်နက်များယူ၍ ကျားမနောက်သို့ လိုက်သွားပြီး မအောင်မမြင်ပြန်လာကြသောအခါတွင်မှ ထိုရဝမ်အမျိုးသမီး ကလေးနှစ်ယောက်မိခင်မှာ စကားပြော၍ မရအောင် အ,သွားကြောင်း သိရတော့၏။

ကျွန်တော်နှင့် မုဆိုးကြီးလမုန်ထန်တို့ လေ့လာကြည့်သောအခါ မျက်လုံးများကို စူးစိုက်၍ကြည့်သည်မှအပ စကားမပြောသည့်ရဝမ်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးမှာ လူကောင်းပကာတိပင် ဖြစ်ပါ၏။ မုဆိုးကြီးလမုန်ထန်က ကချင်စကားဖြင့် သူမအား •

"နှင့်အစ်မကို ကိုက်သတ်တဲ့ကျားကို ပစ်သတ်ဖို့ ငါနဲ့အတူ ဟောဒီဗိုလ်ကြီးတို့ လာခဲ့ကြတာပဲ"

ထိုအခါ ရဝမ်အမျိုးသမီးမှာ မုဆိုးကြီးလမုန်ထန်ကို လက်အုပ်ချီလိုက်၊ ကျွန်တော့်ကိုလက်အုပ်ချီလိုက်နှင့် ဖြစ်နေရာ ကျွန်တော့်မှာ လိမ်ညာဝါကြွားမိသူတစ်ဦးပမာ ရှက်ကိုးရှက်ကန်းပင် ဖြစ်မိတော့၏။

မှန်ပါသည်။ ကျွန်တော်တို့သည် လူသားစားကျားကိုပစ်ရန် အဓိဋ္ဌာန်ဖြင့် လာခဲ့သူမှန်သော်လည်း တစ်နေရာတည်း၌ ဘယ်တော့မှ နှစ်ခါပြန်မသတ်၊ သတ်ထားသည့်နေရာသို့လည်း နှစ်ခေါက်ပြန်လာလေ့မရှိသော ကျား၊ သူကျက်စားသည့်နယ်ပယ်မှာ စတုရန်းမိုင်ရာနှင့်ချီ၍ ကျယ်ဝန်းသည့် ထိုကျားသတ္တဝါအား ပစ်ခွင့်ရနိုင်ရန်မှာ ကောက်ရိုးပုံနှစ်ပုံမှာ ကျပျောက်သောအပ်ကို ရှာရသကဲ့သို့ ရှိပါလိမ့်မည်။

သို့တိုင်အောင် တစ်ခုခုကတော့ လုပ်ရမည်ဖြစ်၏။ သို့နှင့် ကျွန်တော်နှင့်မုဆိုးကြီးလမုန်ထန်က ရွာသားများအား ကျားမကို တွေ့နိုင်မည်ထင်ရသည့် နေရာအညွှန်းအတိုင်း လိုက်၍ တောအနှံ့တောင်အနှံ့သို့ သုံးရက်လုံးလုံး နေထွက်မှနေဝင်အထိ ရဲဘော်များနှင့်အတူ လျှောက်သွားခဲ့ရ၏။ ကျားမသည် ဤဒေသမှ ထွက်ခွာသွားပြီဟု ထင်စရာဖြစ်နေသဖြင့် ကျွန်တော်တို့လည်း တောင်ယာတဲစုရွာသားများကို နှုတ်သိမ့်စကားပြောပြီး မြစ်ဆုံရွာဘက်သို့သွားပြီး တပ်စခန်းသို့ပြန်ရန် ဆုံးဖြတ်လိုက်ရတော့၏။

ထိုတောင်ယာတဲစုမှ နံနက်စောစောထွက်လာခဲ့ကြပြီး နံနက်စာကို လမ်းတွင်ခေတ္တနားရင်း စားလိုက်ကြ၏။ ညနေ နေဝင်ချိန်မှ လိုက်ကြီး ဖော်ကျန်းပြည့်နေထိုင်ရာ မြစ်ဆုံရွာသို့ ရောက်လာ၏။ ဤနေ့တစ်ဝိုက်၌



www.burmeseclassic.com

www.burmeseclassic.com



တောလမ်းများသည် အလွန်အန္တရာယ်များ၏။ တစ်ရွာနှင့်တစ်ရွာ (သို့မဟုတ်) ဈေးနေ့ရှိရာသို့ သွားရာတွင် ယောက်ျားများသာ သွားလေ့ရှိကြပြီး လူစုလူဝေးနှင့်သာ သွားလေ့ရှိ၏။ ကျွန်တော်တို့တပ်စိတ်နှင့်အတူ ရွာများမှ လိုက်ပါလာကြသော လူများနှင့်ဆိုလျှင် လူသုံးဆယ်နီးပါးရှိ၏။ ကျွန်တော်တို့နှင့်ပါလာသူများထဲမှ အချို့မှာ လွန်ခဲ့သောနှစ်လခန့်က မချမ်းဘောသို့ သွားကြသော လူနှစ်ဆယ်အုပ်စုတွင် ပါဝင်ခဲ့ကြပြီး ကြေကွဲဖွယ်ရာအဖြစ်အပျက် ကြုံတွေ့ခဲ့ရပုံကို ပြောပြကြ၏။

"မချမ်းဘောရဲ့ ဒီဘက်က လေးငါးမိုင်လောက်မှာ လမ်းဟာ တောင်ရိုးရဲ့တောင်ဘက်မျက်နှာတစ်လျှောက် ချိုင့်ဝှမ်းနဲ့ပြိုင်ပြီး အထက်ဘက် ကိုက်ငါးဆယ်လောက်မှာ ရှိလိမ့်မယ် ဗိုလ်ကြီး။ လွန်ခဲ့တဲ့နှစ်လက ကျွန်တော်တို့ လူနှစ်ဆယ်အဖွဲ့ဟာ မချမ်းဘောဈေးနေ့ကို သွားကြတယ်။ အဲဒီနေရာရောက်တော့ အောက်ဘက်ချိုင့်ထဲက ကယ်ပါယူပါ တစာစာ အော်တဲ့အသံကြားရပြီး အသံဟာ တဖြည်းဖြည်းနီးနီးလာတော့ ကျွန်တော်တို့လည်း လမ်းဘေးအစွန်မှာ စုပြီးဝပ်နေကြတယ်။ မကြာခင်မှာပဲ ကျားကြီးတစ်ကောင်ဟာ အဝတ်ဗလာကျင်းနေတဲ့ မိန်းမတစ်ယောက်ကို ချီလာတာ မြင်ကြရတယ်။ ကျားက အဲဒီမိန်းမရဲ့ကုပ်ကို ကိုက်ချီလာတာမို့ ကျားရဲ့တစ်ဖက်မှာ ဆံပင်တွေ၊ နောက်တစ်ဖက်မှာ အဲဒီမိန်းမရဲ့ ခြေထောက်နှစ်ချောင်း မြေကြီးပေါ်တရွတ်တိုက်ပါလာပြီး မိန်းမဟာ သူ့ရင်ဘတ်ကို သူ့လက်နဲ့ ထုထုပြီး ဘုရားသခင်ကိုတစ်လှည့်၊ လူတွေကိုတစ်လှည့် ကယ်ပါယူပါ အော်ဟစ်လာရာတယ်။ အဲဒီလို ကျားက လူကိုချီလာတာ ကျွန်တော်တို့နဲ့ ကိုက်ငါးဆယ်လောက်က ဖြတ်သွားတယ်။ တဖြည်းဖြည်း အသံတွေဝေးသွားမှ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြရတယ်"

"ဒါနဲ့တောင် မင်းတို့လူနှစ်ဆယ်က ဘာမှမလုပ်ခဲ့ကြဘူးလား"

www.burmeseclassic.com



"မလုပ်ခဲ့ဘူး ဗိုလ်ကြီး။ ကျွန်တော်တို့လည်း သိပ်ကြောက်နေကြတာနဲ့ ဘာမှမလုပ်ဝံ့ကြဘူး။ လူများ ကြောက်ပြီဆိုမှတော့ ဘာလုပ်နိုင်တော့မှာလဲ။ ပြီးတော့ ကျားကိုလည်း စိတ်မဆိုးစေဘဲ ဒီမိန်းမကို ကယ်လို့ရတောင်မှ အကြောင်းကတော့ ထူးမှာမဟုတ်ပါဘူး။ သူ့တစ်ကိုယ်လုံးဟာ သွေးတွေနဲ့ ရဲနေတာပဲ။ ဒီဒဏ်ရာတွေနဲ့ပဲ မှချသေမှာပါပဲ"

ထို့နောက် ကျွန်တော်တို့ဆက်၍ကြားသိရသည်မှာ ထိုကျားဆွဲခံရသည့်မိန်းမသည် တောင်ယာတဲစုတစ်ခုမှဖြစ်ပြီး ထင်းခုတ်သွားရင်း ကျားဆွဲခံရခြင်းဖြစ်၏။ သူ့အဖော်များက တောင်ယာတဲစုသို့ ပြန်ပြေးပြီး လူစု၏။ လူစုပြီး အထွက်တွင် ထိုမိန်းမ ကျားချီသွားသည်ကို မြင်လိုက်ကြပြီး ထိတ်လန့်နေကြသည်။ ဈေးနေ့သွား လူနှစ်ဆယ်လည်း ရောက်လာကြ၏။ သူတို့က ထိုမိန်းမ ကျားချီသွားရာဘက်ကို သိကြသဖြင့် သူတို့ပါ လူစုနှင့် လိုက်ပါသွားကြ၏။ ထို့နောက် ဖြစ်ပျက်ပုံကို သူတို့ကပင် ဆက်ပြောပြလေသည်။

"ကျွန်တော်တို့ ကယ်တင်ရေးရွာသားတွေနဲ့ ရောလိုက်ကြတာ လူငါးဆယ်ကျော်လောက်ရှိမယ်။ တူမီးသေနတ်သမားတွေလည်း အတော်များပါတယ်။ အဲဒီမိန်းမ ထင်းခုတ်တဲ့ ထင်းချောင်းတွေနဲ့ သူ့ကို ကျားဆွဲသွားတဲ့နေရာကနေ တစ်ဖာလုံလောက်အကွာမှာ စုတ်ပြဲနေတဲ့ သူ့အဝတ်အစားတွေကို တွေ့ကြရတယ်။ အဲဒီနေရာကစပြီး လူတွေလည်း ဝါးဆစ်တွေခေါက်၊ စည်တွေမောင်းတွေတီး၊ သေနတ်တွေဖောက်ပြီး ဆူဆူညံညံအသံတွေပေးရင်း တစ်မိုင်လောက်သွားပြီး ချိုင့်ဝှမ်းထိပ်ရောက်တော့ ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှာ မိန်းကလေးရဲ့အလောင်းကို တွေ့ကြရတယ်။ ကလေးမဟာ လူမမယ်သာသာပဲ ရှိရှာသေးတယ်။ သူ့ခြေပေါ်က သွေးတွေကို ပြောင်စင်နေအောင်လျက်ထားတာကလွဲလို့ ကျားက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စားမသွားဘူး။ ကျွန်တော်တို့လူစုထဲမှာ မိန်းမပါမလာတော့ ယောက်ျားတွေထဲကပဲ တစ်ယောက်ယောက်ကပေးတဲ့ ခြုံစောင်ပိုင်းနဲ့ပတ်ပြီး ယူကြရတယ်။ သူ့ခမျာ ပက်လက်လေးလဲနေပုံဟာ အိပ်ပျော်နေသလိုပဲမို့ ကျွန်တော်တို့သွားကိုင်လိုက်လို့များ နိုးလာရင် သူ့ခမျာရှက်ချေရဲ့ဆိုပြီး ကျွန်တော်တို့တစ်တွေဟာ မျက်နှာတွေလွှဲထားကြရပါတယ်"

တောင်ယာတဲစုအိမ်တံခါးများကို အသေအချာ အလုံပိတ်ဆို့၍ ညမအိပ်ဘဲစောင့်ရင်း ထပ်ခါတလဲလဲပြောပြစရာ ဤကဲ့သို့သောအတွေ့အကြုံများဖြင့် တစ်နှစ်ကုန်ကုန်၊ တစ်နှစ်ဆန်းဆန်း လူသားစားကျားရဲ့ သည့်ဒေသ၌ နေကြရသည့် လူမျိုးစုများ၏ စရိုက်နှင့် ဘဝအမြင်များ ပြောင်းလဲလာသည်မှာ အံ့သြစရာတော့ မဟုတ်ပါချေ။ အပြင်လောကမှ ဝင်ရောက်လာသူအဖို့ စားကောက်သွား ကျားကြီးများ၏ အန္တရာယ်ကြောင့် လူသားများသည် ကျောက်ဥမင်များ၌ ခိုအောင်းခဲ့ကြရသည့် သားရဲ တိရစ္ဆာန်များကြီးစိုးသော ကာလပိုင်းက ဒိဋ္ဌမမ္ဘလောကထဲသို့ ရောက်ရှိလာရသကဲ့သို့ ထင်မှတ်ရပေလိမ့်မည်။

ထိုစဉ်အခါက ကျွန်တော့်မှာ မှဆိုးအတွေ့အကြုံအားဖြင့် နုနယ်လှပါသေး၏။ သို့ပင်ဖြစ်သော်လည်း ထိုကျားရဲသောင်းကျန်းရာ နောင်ခိုင်မြစ်ဆုံဒေသ၊ ဒရုခတ်ပစခန်းထိုင်ဒေသ၌ ခေတ္တမျှ တာဝန်အရ နေခဲ့ရသည်နှင့်ပင် လူသားစားကျားရဲ၏ လောင်းရိပ်အောက်၌ နေထိုင်ရခြင်းထက် ဆိုးရွားသောအဖြစ် မရှိပါတကားဟု ယုံကြည်စွဲမြဲခဲ့မိ၏။

ထိုသို့ယုံကြည်စွဲမြဲမှုသည် ထိုမှ နောက်ဖြစ်သော ဆယ့်ငါးနှစ်ကာလအတွင်းမှ အတွေ့အကြုံဖြင့် ရင့်ကျက်ခိုင်မာလာခဲ့ပါသတည်း။

❋ ❋ ❋

မောင်ခင်စိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လေချွန်သံ

## ၁

အောက်ဖော်ပြလတ္တံ့ ဖြစ်ရပ်လေးသည် ကျွန်ုပ် ကေပီအောင် သိန်းနှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့ ပဲခူးမြို့မှာ အရေးပိုင်မင်းသမီးတော် ပျောက်ဆုံးမှုကို ဖော်ထုတ်ရန် ရောက်ရှိခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်လေးတစ်ခုဖြစ်၏။

၎င်းဖြစ်ရပ်လေးကို မှတ်တမ်းတင်ရန် မိတ်ဆွေကြီးစုံနံ့သာမင်းမောင်ထံ ခွင့်ပန်ပြီး ခွင့်ပြုချက်အရ ရေးသားခြင်းဖြစ်ပေ၏။

မိုးဦးကျ နယုန်လ မိုးကောင်းကင်ယံမှ မိုးများသည် အချိန်အခါ မရွေး ရွာသွန်းလျက်ရှိ၏၊ ထိုမြို့နေသူများသည် မိုးရေများထိမှန်မည်စိုး၍



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကိုမထွက်။ နေထိုင်ရာ အိမ်အတွင်း၌သာ အနားယူနေကြ၏။

ည (၈) နာရီအချိန်မှ အပြင်သွားရန် ပိုခက်နေကြ၏။

ထိုအချိန်တွင် ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် အခန်းတွင်းမှာ အနားယူနေကြ၏။ ထို့အတူ အရေးပိုင်မင်းသမီးတော် ပျောက်ဆုံးမှုအတွက် သက်သေများကို လေ့လာကြ၏။ ၎င်းအချိန်၌ အခန်းတံခါးခေါက်သံကို ကျယ်လောင်စွာကြားလိုက်ရ၏။

"အမလေး။ ဒီလောက်ကြီးမားတဲ့ဒုက္ခသည် ကမ္ဘာလောကကြီးမှာ ရှိနေသေးတာကိုဗျာ ကိုအောင်သိန်းရာ"

စုံနံ့သာမင်းမောင်၏စကားကို ကျွန်ုပ်သဘောမပေါက်ပေ။

တံခါးခေါက်သံကြားရုံဖြင့် မည်သို့ကြောင့် ဤမျှလောက်သိနေရသလဲ စဉ်းစားမရအောင်ဖြစ်ပြီး စုံနံ့သာမင်းမောင်အား ကြည့်လိုက်ရာ ၎င်းက မျက်ရိပ်ပြပြီး အခန်းတံခါးဖွင့်ပေးရန် အမိန့်ပေးလိုက်၏။ ကျွန်ုပ်သည် အခန်းတံခါးဖွင့်လိုက်သည်။ လွန်စွာတုန်လှုပ်အံ့သြသွားစရာ မြင်ကွင်းကို တွေ့လိုက်ရသည်။

မိုးရေများရွှဲရွှဲစိုနေသည့် အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပြီး မိန်းကလေး၏မျက်နှာသည် ဖြူဆွတ်ပြီး ကြောက်ရွံ့စိတ်များ လွှမ်းမိုးနေ၏။ မျက်နှာမှာလည်း အရေးကြီးသည့် အကူအညီ တောင်းချင်နေသည်ဆိုတာ ပေါ်လွင်နေ၏။ ကျွန်ုပ်သည် မိန်းကလေးအား အခန်းတွင်းသို့ ဝင်ခွင့်ပြုလိုက်၏။

စုံနံ့သာမင်းမောင်ကတော့ စီးကရက်ကို အေးဆေးစွာသောက်ပြီး မိန်းကလေးကို ကြည့်နေ၏။

"ကျွန်မကို ကယ်ပါ။ ကျွန်မ သေရမှာကြောက်လို့ပါ ဆရာတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် စုန့်သာမင်းမောင်အား ကျယ်လောင်သည့် အသံဖြင့် အကူအညီတောင်းနေသည်။

"ကျွန်မကို ကူညီပါနော်။ ကျွန်မ သေရမှာကြောက်လို့ပါရှင်"

"ကျုပ်ကူညီပါ့မယ်။ ခင်ဗျားရဲ့အဖြစ်အပျက်ကို ပြောပါ"

"ကျွန်မနာမည်က မာလာပါ။ ကျွန်မမှာ အမေမရှိတော့ပါဘူး။ ပထွေးဖြစ်သူနဲ့ အတူနေကြပါတယ်။ တစ်ချိန်က ကျွန်မအမေဟာ ချမ်းသာကြွယ်ဝသူ တစ်ယောက်ပါ။ ကျွန်မတို့အဖေကလည်း ချမ်းသာတဲ့ အသိုင်းအဝိုင်းကပါ။ ကျွန်မသုံးနှစ်အရွယ်မှာ အဖေဟာ မော်လမြိုင်ကို ခရီးသွားရင်း လမ်းမှာ ကားမှောက်ပြီး သေဆုံးသွားတယ်။ အဖေသေဆုံးပြီး သုံးနှစ်ကျော်တော့ ကျွန်မအမေဟာ ပထွေးနဲ့ အိမ်ထောင်ပြုလိုက်တယ်"

"ကျုပ်သဘောပေါက်ပြီ။ ဒါနဲ့ ခင်ဗျားပထွေးက လူချမ်းသာမိသားစုက မွေးဖွားလာတာမဟုတ်လား"

စုန့်သာမင်းမောင်၏စကားကြောင့် မိန်းကလေးမာလာ ခေါင်းညိတ်လိုက်သည်။ စုန့်သာမင်းမောင်က အရိပ်လောက်ပြောလျှင် အကောင်လောက်ထင်သွားသူတစ်ယောက်ဖြစ်၏။

"သိပ်ဟုတ်တာပေါ့ရှင်။ ကျွန်မပထွေးက ချမ်းသာတဲ့မိသားစုကပါ။ ဆွေမျိုးတွေ အခုထိ ရှိနေပါသေးတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။ ဆွေမျိုးတွေ တစ်ယောက်မှ လာတာမတွေ့ဘူး။ အဲဒါက ထူးခြားနေသလို ထင်နေတယ်"

မာလာသည် သူမ၏ပထွေး ဦးတင်အေးအကြောင်းများအား ပြောပြရာ စုန့်သာမင်းမောင်သည် နားထောင်ရင်း စီးကရက်ကို ဖွာရှိုက်နေ၏။ သူမ၏အကြောင်းများသည် စုန့်သာမင်းမောင်အတွက် လွန်စွာစိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစရာဖြစ်နေပြီ။ ဦးတင်အေး၏အကြောင်းများကို ဆက်လက်စဉ်းစားနေ၏။ ဒါကို ကျွန်ုပ် ကောင်းစွာသိနေ၏။

"မင်းရဲ့အမေက လွန်စွာချမ်းသာတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ အမေဟာ လွန်စွာချမ်းသာပါတယ်။ ကျွန်မ အမေ သေဆုံးသွားတော့ စိန်ရွှေငွေမြောက်မြားစွာ ကျန်နေခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မပထွေးဟာ ဆင်းရဲစရာ အကြောင်းမရှိတော့ပါဘူး"

"ကျုပ်ကို ဒါထက်ပိုပြီး ပြောနိုင်မလား"

မာလာ့စကားများကို ဘဝင်မကျ၍ အစထုတ် မေးလိုက်၏။ သူမသည် စုံနှံသာမင်းမောင်အား ကြည့်လိုက်၏။

"ဟုတ်ကဲ့ ။ ကျွန်မပြောပါ့မယ်။ ကျွန်မပထွေးဟာ ဒေါသလွန်စွာကြီးတဲ့ လူတစ်ယောက်ပါ။ စကားပြောတိုင်း ဒေါသကို ရှေ့မှာ အမြဲထားပါတယ်။ ကျွန်မအမေပြောတာ ကြားဖူးတယ်။ အိန္ဒိယမှာနေစဉ်တုန်းက အိန္ဒိယအိမ်စေတစ်ယောက် သတ်လိုက်သေးတယ်တဲ့။ ဒါ့ကြောင့်လည်း သူထောင်ကျသွားခဲ့တာ။ ကျွန်မပထွေး ထောင်ကလွတ်ပြီး တစ်နှစ်လောက်မှာ ကျွန်မအမေ သေဆုံးသွားတယ်"

"မင်းအမေ သေဆုံးတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်လိုသေရတာလဲ"

"လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကပါ။ မန္တလေးကိုသွားတုန်း လမ်းမှာ ကားမှောက်ပြီး သေသွားတာပါ"

"အဲဒီတုန်းက မင်းပထွေး ပါသွားလား"

"ပါမသွားဘူး။ ကျွန်မတို့နဲ့ အဖော်နေခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မပထွေးဟာ အမေ့ရဲ့ငွေကြေးဥစ္စာအားလုံးကို ရသွားပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့အစ်မ မယောမာဖြစ်စေ၊ ကျွန်မဖြစ်စေ အိမ်ထောင်ပြုမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မတို့ကို နှစ်စဉ် ငွေသုံးသောင်းပေးရမှာ''

မာလာသည် မျက်ဝန်းအိမ်မှထွက်ကျလာသည့် မျက်ရည်များကို သိမ်းသုတ်နေ၍ ပြောလက်စ စကားများကို ရပ်လိုက်သည်။

စုံနံ့သာမင်းမောင်သည် မိန်းကလေးမာလာအား အကဲခတ် ကြည့်နေရာ မိန်းကလေးသည် လွန်စွာကြေကွဲနေ၏။ မာလာသည် မိခင်၏ အိမ်ကြီး၌ ပထွေးနှင့်အတူ နေထိုင်၏။ သူမ၏ပထွေးသည် မိခင်သေဆုံးပြီး ကတည်းက နောက်ထပ်အိမ်ထောင်မပြုဘဲနေ၏။

သူမပြောနေသည့်စကားများ စုံနံ့သာမင်းမောင်အတွက် ခိုင်လုံ သည့်အထောက်အထားများ ရရှိထားခြင်းမရှိအောင် ဖြစ်နေ၏။ ထို့အတူ သူမက မည်သည့်အတွက်ကြောင့် လာရောက်အကူအညီတောင်းတာလဲ ဆိုတာ စဉ်းစားမရဖြစ်နေ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၂

"အခု မင်းပထွေးနဲ့ အတူနေတာပေါ့"

"ဟုတ်ပါတယ်။ သူက အိမ်မှာပဲနေပြီး ဘယ်သူ့ကိုမှ အတွေ့မခံဘူး။ ဘာဖြစ်တယ်ဆိုတာ ကျွန်မ မတွေးတတ်ဘူး။ သူဟာ အခုအခါမှာ ပိုပြီးသတ်ပုတ်ချင်နေတယ်။ တစ်ခါတလေ ရပ်ကွက်ထဲကလူတွေနဲ့ ခိုက်ရန်ဖြစ်တတ်တယ်။ အခုဆို ရပ်ကွက်ထဲက လူတွေက ရှောင်သွားတတ်ကြတယ်။ သူ့ကို အတွေ့မခံတတ်ကြဘူး။ ရှင်းအောင်ပြောရရင် ဘေးမဲ့ပေးထားသလိုပေါ့"

"ဒါဆို လောလောဆယ် သူ့မှာ မိတ်ဆွေမရှိဘူးလား"

"ရှိပါတယ် စုံထောက်ကြီး"

သူမစကားသည် ကျွန်ုပ်အတွက် လွန်စွာစိတ်ဝင်စားသွားပြီး ကြည့်လိုက်ရာ သူမကတော့ ထိတ်လန့်နေ၏။ စုံနှံ့သာမင်းမောင်ကတော့ ထူးခြားပြောင်းလဲမှုမရှိ။ စီးကရက်ကိုသာ အေးဆေးစွာသောက်ပြီး သူမစကားကို နားထောင်နေ၏။ စုံနှံ့သာမင်းမောင်သည် သူမတို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသူများကို သိချင်၍ မေးလိုက်၏။

"အဲဒီလူတွေက တခြားမဟုတ်ပါဘူး။ သူမြှေဖမ်းတုန်းက မိတ်ဆွေတွေပါ။ သူတို့ဟာ မကြာခဏ လာရောက်လည်ပတ်ကြတယ်။ တောရိုင်းကောင်တွေကို လာရောက်ပြီး လက်ဆောင်ပေးတတ်ကြတယ်။ သူတို့ပေးလိုက်တဲ့ အရိုင်းတိရစ္ဆာန်တွေဟာ ခြံထဲမှာ လွတ်လွတ်လပ်လပ်သွားနေကြတယ်။ မလွတ်လပ်လို့ သနားစရာကောင်းတာက ကျွန်မနဲ့ ဟေမာပဲ။ ကျွန်မတို့အိမ်မှာ အိမ်စေမရှိဘူး။ ပထွေးကိုကြောက်ကြတာကြောင့် သူတို့မမြဲဘူး။ အိမ်အလုပ်အားလုံးကို ကျွန်မလုပ်ရပါတယ်"

"အခု ခင်ဗျားရဲ့အစ်မ ဟေမာ ဘယ်ရောက်နေလဲ"

"မရှိတော့ဘူး..။ သေဆုံးသွားပြီ"

ကျွန်ုပ် လွန်စွာအံ့သြပြီး သူမကို ကြည့်လိုက်သည်။ လောလောဆယ် သူမသည် အားကိုးရာမဲ့သူတစ်ယောက်ဖြစ်နေ၏။ ဟေမာသေရခြင်းအကြောင်းအား မေးလိုက်၏။

"ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပါ။ ကျွန်မတို့ဟာ ဘယ်ဆွေမျိုးမိတ်ဆွေနဲ့မှ တွေ့ခွင့်မရဘူး။ ဘယ်သူမှလည်း လာမလည်ကြဘူး။ ကျွန်မအမေဘက်က ဆွေမျိုးတွေ မြို့ပေါ်မှာရှိပါတယ်။ ကျွန်မပထွေးကို မကျေနပ်လို့ မလာကြတော့ တစ်ခါတလေ ကျွန်မတို့သွားလည်ကြတယ်။ အတိုဆုံးပြောရရင်တော့ ပထွေးက အမေ့ဆွေမျိုးတွေကို လာမလည်ရဘူးလို့ ပြောတာကြောင့် မလာကြတာပါ။ အဆိုးဆုံးက ကျွန်မအစ်မ သေဆုံးတာပဲ"

"အဲဒီအကြောင်းလေး ပြောပြနိုင်မလား"

"ဟုတ်ကဲ့.. ပြောပြနိုင်ပါတယ်"

မိန်းကလေးသည် စကားကိုရပ်ပြီး ကျလာသည့်မျက်ရည်များကို



www.burmeseclassic.com

www.burmeseclassic.com



သုတ်သိမ်းလိုက်၏။ ကြေကွဲမှုများသည် သူမကိုနှိပ်စက်နေ၏။ စုံနံ့သာမင်းမောင်သည် သူမပြောလာမည့်စကားများအား အေးဆေးစွာနားထောင်နေသည်ဟု ကျွန်ုပ်ထင်ထားပေမယ့် စုံနံ့သာမင်းမောင်ကတော့ ထိုကဲ့သို့မဟုတ်။ သူမပြောစကားများထဲက အဖြေများထုတ်နေ၏။

"အစ်မဟာ ဆွေမျိုးတွေဆီသွားတုန်း ကိုမြင့်နိုင်ဆိုသူတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်။ ကိုမြင့်နိုင်က အစ်မဟေမာကို လက်ထပ်ခွင့်တောင်းတယ်။ အဲဒီကိစ္စကို အစ်မက ကျွန်မပထွေးကို ဖွင့်ပြောပြီး ခွင့်တောင်းတယ်။ ပထွေးကလည်း သဘောတူပြီး ခွင့်ပြုခဲ့တယ်။ ဒါပေမဲ့ အစ်မဟေမာဟာ သူ့ချစ်သူ ကိုမြင့်နိုင်နဲ့ လက်မထပ်လိုက်ရဘူး။ ကျွန်မနဲ့ သူချစ်တဲ့ချစ်သူကိုပါ အပြီးအပိုင်ခွဲသွားတယ် စုံထောက်ကြီးရာ"

"အဲဒါက စိတ်ဝင်စားစရာပဲ ကိုအောင်သိန်း"

စုံနံ့သာမင်းမောင်သည် ထိုသို့ပြောပြီး စီးကရက်အား မီးညှိ၍ သောက်လိုက်၏။ ပြာလဲ့လဲ့မီးခိုးများသည် လေခေါ်ရာကို လိုက်ပါသွားကြ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏စကားကို ထောက်ခံသည့်သဘောအဖြစ် ခေါင်းညိတ်ပြလိုက်၏။

သူမသည် ကြေကွဲစိတ်များစွာ လွှမ်းမိုးနေ၍ မျက်ဝန်းအိမ်မှ မျက်ရည်များစွာ အလိပ်လိုက်ကျဆင်းနေသည်။

"ဟေမာသေရတဲ့အကြောင်းကို ပြောပြနိုင်မလား မိန်းကလေး"

"ဟုတ်ကဲ့ . . ပြောပြနိုင်ပါတယ်ရှင်။ အစ်မသေရတဲ့ပုံကို အခုထိ မျက်လုံးထဲက မထွက်သေးပါဘူး။ ကျွန်မတို့ရဲ့အိမ်က နှစ်ထပ်ပါ။ ကျွန်မတို့ဟာ အောက်ထပ်မှာ အခန်းဖွဲ့ပြီး နေကြပါတယ်။ အဲဒီလိုပဲ အခန်းသုံးခန်း ရှိပါတယ်။ ပထမအခန်းက ကျွန်မပထွေးနေပါတယ်။ သူ့ဘေးထပ်လျက်က အစ်မဟေမာအခန်းပါ။ အခန်းအားလုံးရဲ့ ပြတင်းပေါက်က မြက်ခင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ခြမ်းမှာ ရှိပါတယ်။ အဲဒီကကြည့်ရင် တစ်ဖက်ခြံကို မြင်ရပါတယ်။

တစ်ညမှာ ဆေးပြင်းလိပ်အနံ့ကို ရတယ်။ အစ်မဟာ ဆေးပြင်းလိပ်အနံ့ရှူရှိုက်ရတာကြောင့် အစ်မဟာ အိပ်လို့မရဘူး။ အဲဒီအကြောင်းကို ကျွန်မအခန်းထဲကို လာပြီးပြောပါတယ်"

"ဒါနဲ့ မင်းပတွေးက ဆေးလိပ်သောက်လား"

"ဟင့်အင်း.. သောက်တာ တစ်ခါမှမတွေ့ဘူး"

"အဲဒီအချိန်မှာ ညှော်သည်များရှိလား"

မာလာခေါင်းခါလိုက်သည်။

"ကျွန်မနဲ့ တော်တော်ကြာအောင် စကားပြောပြီး သူ့အခန်းကို ပြန်သွားတယ်။ အဲဒီအချိန်မှာ ကျွန်မကို လှမ်းမေးတယ်။ သူလေချွန်သံ ကြားရတယ်၊ ကျွန်မကြားလားတဲ့။ ကျွန်မက မကြားဘူးလို့ ပြောလိုက်တယ်။ အချိန်က သန်းခေါင်ကျော်နေပြီ။ မကြားဘူးပြောတော့ ကျွန်မကို စိတ်ဆိုးတယ်။ ဒီလေချွန်သံက ထူးဆန်းတယ်လို့ ပြောတယ်။ ကျွန်မက တကယ်ကိုမကြားတာပါ။ ဂုံဆိုးတယ်ပဲပြောရမလား မသိတော့ပါဘူးရှင်"

"ဘာကိုလဲ မိန်းကလေး"

"အစ်မက အဲဒီလိုပြောပြီး မကြာခင်မှာပဲ လေမိုးတွေ ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်လာတယ်ရှင်။ ခဏကြာတော့ မိန်းကလေးတစ်ယောက်ရဲ့အော်သံကို စူးစူးဝါးဝါးကြားလိုက်ရတယ်။ အသံပိုင်ရှင်က တခြားလူမဟုတ်ဘူး။ ကျွန်မအစ်မရဲ့ အသံပါပဲ။ အဲဒီအချိန်မှာ စိုးရိမ်စိတ်နဲ့ ကျွန်မလည်း အစ်မရဲ့အခန်းဘက်ကို ထွက်လာတော့ လေချွန်သံတစ်ချက်ကို ကြားလိုက်ရတယ်။ တစ်ဆက်တည်းမှာ သတ္တုပစ္စည်းလို အရာတစ်ခု လဲကျသံ ကြားလိုက်ရတယ်။ အစ်မဟောမာဟာ ကျွန်မခေါ်သံကြောင့် တံခါးကိုဖွင့်ပေးပြီး လဲကျသွားတယ်။ သူတကယ်ကြောက်နေနဲ့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ကယ်ပါ.. ကယ်ပါ။ သူသေရတော့မယ်လို့ ပြောတယ်''

မာလာသည် သူ့အစ်မ၏အကြောင်းများကို ပြောပြီး ကြေကွဲစွာ ငိုနေလေ၏။ ကျွန်ုပ်တို့သည် သူမပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေ၏။ ဟေမာ့ကိုသတ်တဲ့ တရားခံဟာ ဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ ဆေးပြင်းလိပ်ကြောင့်လား၊ တခြားမည်ကဲ့သို့သေရတာလဲ စဉ်းစားနေပေမယ့် မိန်းကလေးကတော့ ဆက်မပြောနိုင်အောင်ပဲ ဖြစ်နေ၏။

''မင်းအစ်မ မသေခင်မှာ ဘာပြောသွားသေးလဲ''

''ပြောသွားပါတယ်။ ဖဲကြိုးအကွက်အပြောက်နဲ့ဆိုပြီး သေဆုံးသွားတာပါပဲရှင်''

''အဲဒါက သဲလွန်စတစ်ခုပဲ ကိုအောင်သိန်း။ ဒါနဲ့ မိန်းကလေး။ လေချွန်သံနဲ့ သတ္တုပစ္စည်းလဲကျတယ်ဆိုတာ တကယ်ပဲလား။ သေချာရဲ့လား''

''အဲဒီလိုပဲ ထင်ပါတယ်။ ခက်တာတစ်ခုက အဲဒီညမှာ လေပြင်းမုန်တိုင်းတွေကလည်း တိုက်တယ်။ မိုးကလည်း သည်းထန်စွာ ရွာတယ်။ ကျွန်မနားကြားမှားတာများလား မသိဘူး။ ကျွန်မသိချင်တာ ကျွန်မအစ်မဟာ သော့ခတ်ထားလျက်နဲ့ ဘာကြောင့် အခုလိုဖြစ်ရတယ် ဆိုတာပါပဲ''

''အခု မင်း ကျုပ်ဆီကိုလာတဲ့ အဓိကအကြောင်းလေး ပြောစမ်းပါဦး''

''အစ်မမရှိတဲ့နောက်ပိုင်းမှာ စိတ်အားငယ်ခဲ့ရတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့တစ်နှစ်လောက်က တွေ့ဆုံခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်က ကျွန်မနဲ့ လက်ထပ်ချင်တယ်တဲ့။ ကျွန်မက လက်ခံပြီး ပထွေးကိုဖွင့်ပြောတော့ သဘောတူတယ်တဲ့။ လွန်ခဲ့တဲ့သုံးရက်လောက်က ကျွန်မအခန်းကို ပြောင်းရွှေ့နေထိုင်ခဲ့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ထိတ်လန့်တုန်လှုပ်သည့်စိတ် များစွာလွှမ်းမိုးပြီး ပြောသက်စ စကားတွေကို ရပ်လိုက်၏။ စိုးနဲ့သာမင်းမောင်ကိုလည်း အားကိုးသည့်အကြည့်များဖြင့် ကြည့်နေ၏။

ကျွန်ုပ်သည် စိုးနဲ့သာမင်းမောင်ကို ကြည့်လိုက်ရာ ၎င်းသည် သူမပြောလာမည့် စကားလုံးတွေကို ကြိုတင်သိနေဟန်တူနေ၏။

''မင်းနေတဲ့အခန်းကို ပြင်နေတယ်မဟုတ်လား''

''ဟုတ်ပါတယ်''

''ကျန်ခဲ့တဲ့ညက လေချွန်သံကို မင်းကြားလိုက်ရတယ်မဟုတ်လား''

''ဟုတ်ပါတယ်ရှင်။ ကျွန်မကို ကူညီပါ။ ကျွန်မ. . ကျွန်မအစ်မလို မသေချင်သေးဘူး''

''ကျုပ်တို့ အမြန်ဆုံးလှုပ်ရှားရမယ် ကိုအောင်သိန်း''

''သိပ်ကောင်းတာပေါ့ဗျာ''

''ဒါနဲ့ မင်းအိမ်ကို ကျုပ်တို့လိုက်ကြည့်လို့ရမလား။ တစ်ခုပြောချင်တာက ကျုပ်တို့လာတဲ့အကြောင်း မင်းပထွေး မသိဖို့ပဲ''

''ဟုတ်ကဲ့. . ။ လိုက်ကြည့်လို့ ရပါတယ်။ ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး။ တစ်ခုသတိထားရမှာက ကျွန်မပထွေးမွေးထားတဲ့ အသားစားခွေးကြီးနှစ်ကောင်ကိုပါပဲ''

''ကျုပ်တို့ သတိထားပါ့မယ်။ ဒါဆို မင်းပြန်တော့။ ကျုပ်တို့ အခုပဲ လိုက်လာခဲ့မယ်''

မာလာသည် စိုးနဲ့သာမင်းမောင်၏စကားကို လက်ခံပြီး ပြန်သွား၏။ ကျွန်ုပ်နှင့် စိုးနဲ့သာမင်းမောင်တို့သည် ထိုအိမ်ကိုကြည့်ရန် စီစဉ်ကြလေ၏။

* * *

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ၃

စုံနံ့သာမင်းမောင်သည် ထိုအိမ်ကို သွားရောက်မကြည့်ခင်မှာ တစ်ယောက်တည်း အပြင်ထွက်သွားရာ ကျွန်ုပ်ကို လိုအပ်သည်များကို ပြင်ဆင်နိုင်းထား၍ သေချာစွာပြင်ဆင်ထားသည်။ စုံနံ့သာမင်းမောင်သည် နေ့ခင်းမှ ပြန်ရောက်လာ၏။

စုံနံ့သာမင်းမောင်၏မျက်နှာသည် ပျော်ရွှင်နေသည်။ ရည်မှန်းချက်အောင်မြင်၍ ပျော်ရွှင်နေသူတစ်ယောက်ကဲ့သို့ပုံစံ ဖြစ်နေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား တွေ့လိုက်ရ၍ ကျေနပ်သွား၏။

"အဆင်သိပ်ပြေသွားပြီ ကိုအောင်သိန်း"

ဟု ပြောပြီး အခန်းတွင်းသို့ ဝင်ရောက်လာ၏။

"ကျုပ်သဘောမပေါက်ဘူး ကိုမင်းမောင်"

"မိန်းကလေးကို ဒုက္ခပေးနေတဲ့သူကိုပေါ့ဗျာ။ ကဲ.. ကျုပ်တို့ ခရီးထွက်ကြမယ်ဗျာ"

စုံနံ့သာမင်းမောင်ပြောစကားကို လက်ခံလိုက်ပြီး နားမရှင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ မေးချင်ပေမယ့် လောလောဆယ်မှာ မမေးဖြစ်သေး။ လမ်းရောက်မှ မေးရန် ဆုံးဖြတ်လိုက်၏။ ကျွန်ုပ်နှင့် စုံနှံ့သာမင်းမောင်တို့သည် အခန်းကို ကျော်ခိုင်းပြီး ထွက်လာခဲ့ပေ၏။

လမ်းထိပ်ကိုအရောက်တွင် မြင်းလှည်းတစ်စီးကိုငှားပြီး သူမတို့ နေထိုင်ရာအရပ်ကို မောင်းခိုင်းလိုက်သည်။ မြင်းလှည်းမောင်းသမားသည် ကျွန်ုပ်တို့အား လူစိမ်းများမှန်း သိနေ၏။ စုံနှံ့သာမင်းမောင်သည် မာလာတို့ နေထိုင်ရာ ရပ်ကွက်အကြောင်းကိုမေးရာ မာလာတို့နေထိုင်ရာရပ်ကွက် သည် တိတ်ဆိတ်သည့်ရပ်ကွက်ဖြစ်၏။

ခြံကြီးဝင်းကြီးများနှင့် နေထိုင်ကြပြီး အသားစားခွေးရိုင်းများကို လည်း အပြိုင်အဆိုင်မွေးထားပြီး ခြံထဲဝင်ရောက်လာသည့် လူစိမ်းများ သည် ထိုခွေးများကြောင့် အသက်များသေဆုံးကြရ၏။ မြင်းလှည်းသမား၏ စကားသည် ကျွန်ုပ်တို့အတွက် လွန်စွာအထောက်အကူဖြစ်သွား၏။

ကျွန်ုပ်တို့သည် မာလာနေထိုင်ရာခြံနှင့် မနီးမဝေးနေရာမှာ ရပ်ခိုင်းလိုက်၏။ ထိုရပ်ကွက်သည် လူအသွားအလာကင်းရှင်းပြီး ကိစ္စမရှိ လျှင် အပြင်ကိုထွက်လေ့မရှိအောင် ဖြစ်နေ၏။ ကျွန်ုပ်တို့သည် မာလာတို့ အိမ်ကို အပြင်ကနေ သေချာလေ့လာပြီးမှ ခြံအတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်၏။ ကျွန်ုပ်တို့ကိုတွေ့လိုက်သောအခါ မာလာသည် ခြံတံခါး ကို လာရောက်ဖွင့်ပေး၏။

"ကျွန်မ စုံထောက်ကြီးတို့ကို မျှော်နေတာ။ လာမှလာပါ့မလား လို့"

"ကျုပ်လာမယ်ပြောပြီးသားပဲဗျာ မိန်းကလေး။ ကျုပ်တို့အတွက် အချိန်သိပ်မရှိဘူး။ အခန်းတွေကို လေ့လာကြမယ်"

ကျွန်ုပ်တို့သည် အခန်းသုံးခန်းကို လေ့လာရာ ပထမဆုံး သူမ



www.burmeseclassic.com

www.burmeseclassic.com



အခန်းကို လေ့လာကြ၏။

"အခန်းကို ဘာကြောင့်ပြင်တာလဲ။ အခန်းက ဘာမှဖြစ်တာမှ မဟုတ်တာ"

"စုံထောက်ကြီးပြောတာ မှန်ပါတယ်။ အခန်းကို ဘာကြောင့် ပြင်တယ်ဆိုတာ ကျွန်မနားမလည်ဘူး"

"ဒါဆို မင်းအခုနေတဲ့အခန်းကို ပြစမ်းပါ"

"ဟုတ်ကဲ့။ ရပါတယ်"

သူမလက်ရှိနေသည့်အခန်းကို ဝင်လိုက်ကြ၏။ စုံနံ့သာမင်းမောင် သည် အခန်းကို သေချာစွာလေ့လာကြည့်ရှုနေ၏။ စုံနံ့သာမင်းမောင်သည် ပြတင်းပေါက်ကို..

"ဒီပြတင်းပေါက်က လူအဝင်အထွက်လုပ်လို့ မရဘူး"

ဟု ပြောပြီး စုံနံ့သာမင်းမောင်သည် အခန်းကို သေချာကြည့်နေ ၏။ စုံနံ့သာမင်းမောင်သည် ခုတင်ပေါ်ကျနေသည့်ကြိုးကို သေချာကြည့် နေ၏။

"ဒီလူခေါ်ခေါင်းလောင်းဆွဲတဲ့ကြိုးက ခုတင်ပေါ် ဘာကြောင့် ထားတာလဲ"

"လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်မပထွေးက ဒီနေရာမှာ တပ် ထားတာပါ။ အိမ်စေခေါ်ဖို့အတွက်တဲ့"

"မင်းတို့အိမ်မှာ အိမ်စေရှိလား"

"တစ်ယောက်မှမရှိပါဘူး စုံထောက်ကြီး"

စုံနံ့သာမင်းမောင်သည် သူမစကားကို သဘောပေါက်ပြီး လူခေါ် ခေါင်းလောင်းကြိုးကို ဆွဲလိုက်၏။ ထူးခြားမှုမရှိသည့်အတွက် လွန်စွာအံ့ဩ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်စွာထူးဆန်းပါလား။ ကြိုးက ဆွဲလို့မရဘူး။ စိတ်ဝင်စား ရာကောင်းတာက ဒီကြိုးဟာ လေဝင်ပေါက်တည့်တည့်မှာ။ ထုံးစံအတိုင်း ဆိုရင် လေဝင်ပေါက်ဟာ အိမ်အပြင်နံရံမှာ ရှိရမှာ။ အခု အိမ်ထဲမှာဆို တော့ စိတ်ဝင်စားစရာပဲ"

စုံနှံ့သာမင်းမောင်၏စကားသည် သူမအတွက် ထိတ်လန့်စရာ ဖြစ်သလို ကျွန်ုပ်အတွက် လွန်စွာစိတ်ဝင်စားစရာတစ်ခုဖြစ်နေ၏။ စုံနှံ့သာ မင်းမောင်သည် သူမ၏ပထွေးနေထိုင်သည့်အခန်းကို ဝင်ရောက်လေ့လာ ၏။ အခန်းထဲတွင် ထူးထူးဆန်းဆန်းမရှိပေမယ့် ဂိတ်ဝင်စားစရာ သတ္တု သေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရ၏။

သူမပြောစကားသည် သတ္တုသေတ္တာသည် သူမပထွေးနှင့်သက် ဆိုင်သည့် စာရွက်စာတန်းများကို ထည့်ထားသည့်တဲ့။ ထူးဆန်းတာက သေတ္တာ၏အပေါ်တွင် နွားနို့အနည်းငယ်ရှိသည့် ပန်းကန်တစ်ချပ် ရှိနေ၏။

"မင်းပထွေး ကြောင်မွေးထားတာ ရှိလား"

"ကျွန်မ တစ်ခါမှမတွေ့မိဘူး စုံထောက်ကြီး"

"ကဲ. . ကိုအောင်သိန်း။ မိန်းကလေးအတွက် အသက်အန္တရာယ် နီးနေပြီဗျ။ ဒီအခန်းထဲမှာ ကျုပ်တို့ ဒီည နေမှဖြစ်တော့မယ်"

ကျွန်ုပ်နှင့်မာလာတို့သည် နားမလည်စွာဖြင့် စုံနှံ့သာမင်းမောင် အား ကြည့်လိုက်ကြ၏။

"ဒီမှာမိန်းကလေး. . ။ ကျုပ်ပြောမယ်။ သေချာနားထောင်ပါ။ မင်းရဲ့ပထွေး အိပ်ရာဝင်တဲ့အချိန်မှာ မင်းအစ်မအခန်းကို မီးထွန်းပြီး ပြတင်းပေါက်ကိုပါ ဖွင့်ထားပါ။ ပြီးရင် မင်းက အရင်အခန်းကို ပြန်ဝင်နေ ။ လေချွန်သံနဲ့ သတ္တုပစ္စည်းကျသံကို ကျုပ်တို့စောင့်နေမယ်"

"ဒါနဲ့ မေးပါရစေ။ ကျွန်မအစ်မ ဘယ်လိုပုံစံနဲ့ သေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သိပါရစေ''

''မကြာခင်အချိန်မှာ သိရမှာပါ။ ကျုပ်တို့ပြောတဲ့အတိုင်း လုပ်ဖို့သာ မမေ့ပါနဲ့။ ကျုပ်တို့ နောက်ထပ်စုံစမ်းစရာရှိလို့ သွားလိုက်ဦးမယ်''

စုံနှံ့သာမင်းမောင်သည် မိန်းကလေးကို မှာစရာများ မှာကြားလိုက်သလို အားပေးစကားပြောခဲ့၏။ ထို့နောက် ကျွန်ုပ်တို့ အိမ်ကြီးကို ကျောခိုင်းပြီး ထွက်လာခဲ့ကြပေတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၄

ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် ထိုအိမ်နှင့် ပတ်သက်သည့် အထောက်အထားများကို အသေးစိတ်စုံစမ်းပြီး အချက် အလက်များစုဆောင်းကြပြီးနောက် နေထိုင်ရာသို့ပြန်ပြီး အချိန်စောင့်ရင်း အနားယူနေကြ၏။

စုံနံ့သာမင်းမောင်သည် မာလာ၏အိမ်ကြီးကို ရောက်ရှိခဲ့စဉ်က တွေ့ခဲ့ရသည့် သဲလွန်စများအား ပြောပြရာ၌ လွန်စွာစိတ်ဝင်စားစရာ ကောင်းနေ၏။ ထိတ်လန့်စရာကောင်းနေပေမယ့် စုံနံ့သာမင်းမောင်ကတော့ ဘာမှမထူးခြားသလို စီးကရက်အား ဖွာရှိုက်နေ၏။

"ဒီညဟာ လွန်စွာအန္တရာယ်ရှိလိမ့်မယ်။ လူသတ်သမားဟာ လွန်စွာသွေးအေးတယ် ကိုအောင်သိန်း။ တကယ်လည်း ရက်စက်တယ်"

"တစ်ခုတောင်းဆိုချင်တယ်ဗျာ"

"ဘာများလဲ ကိုအောင်သိန်း"

"ကျုပ် ခင်ဗျားနဲ့အတူ ကူညီခွင့်ရမယ်ဆိုရင် ကူညီပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဗျာ။ ကျုပ် ခင်ဗျားရဲ့အကူအညီ လိုတယ်။ လူခေါ် ခေါင်းလောင်းကြိုးနဲ့ လေဝင်ပေါက်ကို ခင်ဗျားတွေ့ခဲ့တယ်မဟုတ်လား"

"တွေ့ခဲ့တယ်လေ။ အဲဒါတွေက အခုကိစ္စနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ကိုမင်းမောင်"

"ကျုပ်တို့တွေ့ခဲ့တဲ့ လေဝင်ပေါက်လေးက အခုမှရှိတာ မဟုတ်ဘူး။ လွန်ခဲ့တဲ့သုံးလေးနှစ်ကတည်းက ရှိတာ။ မာလာရဲ့အစ်မဟာ ဆေးလိပ်နံ့ရခဲ့တာ ဒီအနံ့ဟာ ဒီလေဝင်ပေါက်ကြောင့်ပဲဗျာ"

"ဒါဆို ပဟေဠိသေရတာက ဒီလေဝင်ပေါက်နဲ့ ပတ်သက်နေတယ်ဆိုတဲ့သဘောလား ကိုမင်းမောင်"

စုံနှံ့သာမင်းမောင်သည် ကျွန်ုပ်၏စကားကို လက်ခံပြီး ခေါင်းညိတ်လိုက်၏။

"သိပ်ကိုပတ်သက်နေတာပေါ့ဗျာ"

"ချီးကျူးတယ်ဗျာ။ ခင်ဗျားဟာ စဉ်းစားဉာဏ်လွန်စွာထက်မြက်တဲ့သူပဲ"

ကျွန်ုပ်၏ချီးကျူးမှုသည် စုံနှံ့သာမင်းမောင်အတွက် ထူးခြားမှု သိပ်မရှိသလို။ စုံနှံ့သာမင်းမောင်သည် အမှုတစ်ခုအားလိုက်လျှင် ချီးကျူးစရာကောင်းသည့် လုပ်ရပ်တွေကို လုပ်ပြလေ့ရှိ၏။ ပုလိပ်မင်းကိုယ်တိုင်၏ ချီးကျူးခြင်းကို ခံရ၏။

စုံနှံ့သာမင်းမောင်သည် ပြုံးတုံ့ဆဲဆဲ မာဖလာကို ပြင်လိုက်၏။

စုံနှံ့သာမင်းမောင်သည် နာရီအား ကြည့်လိုက်ရာ အချိန် ညတစ်ချက်နာရီကျော်၍ နေရောင်သည် ပျောက်ကွယ်သွား၏။ ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးနေပေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ‹၇›

တစ်နေ့သ၌ ကျွန်ုပ်နှင့် မိတ်ဆွေကြီးစုံနံ့သာမင်းမောင်တို့သည် အဆိုပါအိမ်ကြီးသို့ ပြန်လည်သွားရောက်ကြရာ ပတ်ဝန်းကျင်သည် လူသွားလူလာမှု ကင်းမဲ့နေ၏။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်များကို အကဲခတ်နေကြရာ နေအိမ်များရှိ လူများသည် နေအိမ်အတွင်းမှာသာ နေထိုင်ကြပြီး ခြံတံခါးများကို သော့ခတ်ပိတ်ထား၏။ ခြံအတွင်းတွင် ခြံစောင့်လူတွေအစား ခွေးများကို ခြံစောင့်အဖြစ်သာ ထားရှိ၏။ ၎င်းခွေးများကို နေ့ဘက်၌ လှောင်အိမ်ထဲမှာထားပြီး ညဘက်၌ လွှတ်ထား၏။

ထိုလုပ်ရပ်သည် တစ်ဦးတစ်ယောက်တည်းမဟုတ်။ အိမ်တိုင်းရှိ၏။ ကျွန်ုပ်တို့သည် ၎င်းအိမ်ရှေ့၌ အကဲခတ်လေ့လာရာ အသားစားခွေးကြီးနှစ်ကောင် ခြံထဲတွင်ရှိနေပြီး ရန်သူများကို ရှာဖွေနေ၏။ အိမ်ထဲဝင်ရောက်ရန် မလွယ်ကူ။ ခြံစည်းရိုးအုတ်နံရံများက လူတစ်ရပ်မက မြင့်၏။

ကျွန်ုပ်တို့သည် ခြံအတွင်းသို့ ဝင်ရောက်ခြင်းမရှိ။ အပြင်ဘက်တွင်သာ အချိန်ကုန်ခံ စောင့်ဆိုင်းနေ၏။ အသားစားခွေးတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ အလွယ်တကူဝင်ရောက်ရန် မလွယ်ကူအောင်ဖြစ်နေ၏။ ကျွန်ုပ်တို့သည် ခြံအတွင်းသို့ ဝင်ရောက်ရန် အချိန်ကိုစောင့်ဆိုင်းနေ၏။ မာလာသည် အခန်းတွင်းမှ မီးထွန်းထားသလို ပြတင်းပေါက်လည်း ဖွင့်ထား၏။

အခွင့်ကောင်းတစ်ခု ရရှိသွားသည်ဟု ဆိုရမည်။ ခြံစောင့်ခွေးများသည် ခြံဝကိုပြေးထွက်သွားချိန်၌ ကျွန်ုပ်နှင့် စုံနှံသာမင်းမောင်တို့သည် ခြံစည်းရိုးကိုကျော်တက်ပြီး အခန်းထဲကို ဝင်ရောက်လိုက်ကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် အခန်းတွင်း၌ တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းနေကြ၏။ ပတ်ဝန်းကျင်အား အကဲခတ်နေ၏။

အခန်းတွင်း၌ သုံးနာရီလောက်စောင့်ဆိုင်းနေချိန်၌ မာလာ၏ ပဌွထွေးအခန်းမှ မီးရောင်ကိုမြင်လိုက်ပြီး အသံတစ်သံကိုပါ ဆက်လျက်ကြားလိုက်ရ၏။ ကျွန်ုပ်သည် လူသတ်သမား ကျွန်ုပ်တို့ရှိရာအခန်းကို ဦးတည်လာနေပြီဟု ထင်မှတ်ပြီး လွယ်အိတ်အတွင်းသို့ လက်နှိုက်လိုက်၏။ အသင့်ပါလာသည့်သေနတ်ကို ကိုင်မိ၏။

ကြားလိုက်ရသည့်အသံသည် မည်သို့မျှ ထပ်မံကြားရခြင်းမရှိတော့သည့်အတွက် ဆက်လက်စောင့်ဆိုင်းနေကြ၏။ ဆယ့်ငါးမိနစ်လောက်ကြာသည့်အခါ တိုးညင်သောအသံတစ်သံကို ကြားလိုက်ရာ စုံနှံသာမင်းမောင်သည် ရုတ်တရက် ခုန်ထလိုက်ပြီး လူခေါ်ခေါင်းလောင်းကြိုးကို ခပ်နာနာဆွဲရိုက်လိုက်၏။

"ခင်ဗျား ဒါကိုတွေ့လိုက်သလား ကိုအောင်သိန်း"

ဟု ပြောလိုက်ပေမယ့် ကျွန်ုပ် ဘာမှမတွေ့လိုက်ပေ။ စုံနှံသာမင်းမောင် ဘာကြောင့်လုပ်လိုက်ရသလဲဆိုတာကိုလည်း ကျွန်ုပ်သဘောမပေါက်အောင်ဖြစ်နေချိန်၌ လွန်စွာညင်သာသည့် လေချွန်သံတစ်ခုကို ကြားလိုက်ရပြီး တစ်ဖက်ခန်းမှ အထိတ်တလန့်အော်သံကို ကျွန်ုပ်တို့ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

ထို့နောက် တစ်အိမ်လုံးတိတ်ဆိတ်သွားပြီး စုံနံ့သာမင်းမောင်ကို ကြည့်လိုက်မိ၏။

"ဘာအစီပွာယ်လဲ ကိုမင်းမောင်"

ဟု မေးလိုက်ပေမယ့် ကျွန်ုပ်အသံသည် ထိတ်လန့်တုန်လှုပ်နေ၏။

"လူမိုက်ဇာတ်သိမ်းသွားပြီပေါ့ဗျာ။ ကဲ.. ကျုပ်တို့ သွားကြည့်ရအောင်"

စုံနံ့သာမင်းမောင်သည် စကားကို အဆုံးသတ်ပြီး ရှေ့ကထွက်သွား၏။ ထို့နောက် မာလာ၏ပထွေး ဦးလောဘအခန်းသို့ ဝင်လိုက်ရာ ထမဆုံးမြင်ကွင်းမှာ နေ့ခင်းကတွေ့လိုက်သည့်သေတ္တာ ပွင့်နေ၏။ ဦးလောဘသည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှိပြီး မျက်နှာသည် သေဝင်ပေါက်သို့ ရှိနေ၏။ ထူးဆန်းသည်မှာ ခေါင်းပေါ်တွင် ခွေလျက်အနေအထားနှင့် ရှိနေသည့် အရာဝတ္ထုတစ်ခုကို တွေ့လိုက်ရ၏။

၎င်းဦးခေါင်းပေါ်တွင် အဝါရောင်အကွက်အပြောက်နှင့် ဖဲကြိုးတစ်ခုဖြစ်၏။ ဦးလောဘသေဆုံးသွားပြီဆိုတာကို သိလိုက်ရ၏။

"အကွက်အပြောက်နဲ့ ဖဲကြိုးလေး"

စုံနံ့သာမင်းမောင်က ခပ်အေးအေးပြောလိုက်၏။ ထိုဖဲကြိုးသည် သွပ်ရှားကာ ဦးခေါင်းကို လှည့်စပြုနေ၏။

"သတိထား ကိုအောင်သိန်း။ ဒါဟာ မြွေဗျ။ အိန္ဒိယနိုင်ငံက မြွေမျိုးဖြစ်တယ်။ သူ့အဆိပ်ဟာ အမြန်ဆုံးသေစေနိုင်တယ်။ ဒီမြွေကို ကျုပ်တို့ သေတ္တာထဲ ပြန်ထည့်ရမယ်ဗျာ"

စုံနံ့သာမင်းမောင်စကားက ကျွန်ုပ်အတွက် ထိတ်လန့်စေသည်။ ထိုမျှလောက်အဆိပ်ပြင်းသည့်မြွေကို သေတ္တာထဲပြန်ထည့်ရမည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com


မြွေအလယ်မှာယ်ဆရာမဟုတ်၍ အခက်ကြုံရ၏။ စုံနံ့သာမင်းမောင်သည် မြွေကို ဘယ်လိုပုံစံနှင့် သေတ္တာထဲထည့်မလဲ စဉ်းစားနေချိန်တွင် စုံနံ့သာမင်းမောင်သည် မြွေကို အမြီးကဆွဲပြီး သေတ္တာအတွင်းသို့ ပစ်သွင်းလိုက်၏။

"ဒီမြွေအကြောင်းကို ခင်ဗျားဘယ်လိုလုပ်သိလဲ ကိုမင်းမောင်"

"ပထမတော့ ဦးလောဘရဲ့မိတ်ဆွေ မုဆိုးတွေပဲလို့ ထင်ခဲ့တာ။ ဒါပေမဲ့ နောက်တော့ ကျုပ်သဘောပေါက်သွားတယ်။ တစ်စုံတစ်ခုဟာ လေဝင်ပေါက်ကတစ်ဆင့် လူခေါ်ခေါင်းလောင်းကြိုးကနေ ခုတင်ပေါ်ကို ဆင်းလာမယ်လို့ ကျုပ်တွေးမိတယ်။ ကျုပ်အတွေးကို မှန်စေတာက သေတ္တာပေါ်က နွားနို့ပန်းကန်ကို တွေ့လိုက်ရလို့ပဲ။ နောက်တစ်ချက်က အခန်းထဲမှာရှိတဲ့ ခုတင်ဟာ ပြောင်းရွှေ့လို့မရအောင် လုပ်ထားတာပဲဗျာ"

"ဒီလူ တော်တော်ဉာဏ်များတာပဲဗျာ"

"သိပ်ဟုတ်တာပေါ့ဗျာ။ ဦးလောဘဟာ ညတိုင်းဆိုသလို မြွေကို လေဝင်ပေါက်ကနေ သွင်းတယ်။ မြွေဟာ လူခေါ်ခေါင်းလောင်းကြိုးကနေ ခုတင်ပေါ်ကို ဆင်းသွားတယ်။ ပြီးတော့ လေချွန်ပြီး မြွေကို ပြန်ခေါ်တယ်။ သတ္တုပစ္စည်းလဲကျသံဆိုတာက မြွေနေတဲ့သေတ္တာအသံပဲ ကိုအောင်သိန်း"

"ဒါနဲ့ စောစောက ခေါင်းလောင်းကြိုးကို ခင်ဗျားဆွဲရိုက်လိုက်တာ ဘာသဘောလဲ ကိုမင်းမောင်"

"မြွေဟာ လူခေါ်ခေါင်းလောင်းကြိုးကတစ်ဆင့် ခုတင်ပေါ်ဆင်းလာတယ်။ ကျုပ်က ကြိုးကို တအားဆွဲရိုက်လိုက်တော့ 'မြွေဟာ ဒေါသထွက်ပြီး လေဝင်ပေါက်ကနေ ပြန်ဝင်သွားပြီး ဦးလောဘကို ပေါက်သတ်လိုက်တာပဲဗျာ"

"သြော်. . အဖြစ်က ဒီလိုကိုးဗျ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကောင်းစွာသဘောပေါက်သွားပြီး ဦးလောဘ၏လုပ်ရပ်အတွက် မည်သည့်အခါမှ မေ့ပျောက်မရအောင် ဖြစ်ရ၏။

ပိုင်ဆိုင်မှုများအတွက် တစ်ဖက်လူကို ရက်စက်စွာသတ်ရက်တာကို မကျေနပ်နိုင်အောင်ဖြစ်ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် မာလာတွေ့ကြုံနေရသည့် အသက်အန္တရာယ်များက ထိုနေ့ကစ၍ ပြီးဆုံးသွား၏။ ကျွန်ုပ်တို့သည်လည်း အမှုတစ်ခုကိုဖော်ထုတ်ပြီး နေထိုင်ရာကို ပြန်လာခဲ့ကြပေတော့၏။ ။

* * *

မင်းပုည

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လှူဝင်စားလား တစ္ဆေလား

အညာရွာတို့၏ ထုံးစံအတိုင်း ရွာအပြင်တွင် ကွယ်လွန်သည့် အလောင်းကို ရွာထဲသို့ သွင်းခွင့်မရှိပါ။

ထို့ကြောင့် မောင်သန်းကြီး၏အလောင်းကို ရွာအပြင်မှာပဲ ထားရသည်။ ရွာအပြင်မှာ လေးတိုင်စင်လေးထိုး၍ အလောင်းကိုတင်ထားသည်။

သာမန်အချိန်မျိုးဆိုလျှင် နာရေးအတွက် ပူပင်စရာမလိုပါ။ ဂုံညှင်းတန်းတစ်ရွာလုံးက လူမှုရေးနားလည်ပြီးသား။ တစ်ဦးနှင့်တစ်ဦး ကူညီရကောင်းမှန်းလည်းသိ၊ ရွာဦးဘုန်းတော်ကြီးရဲ့ ဆိုဆုံးမမှုများကလည်း တစ်ရွာလုံးအပေါ် ပေါက်ရောက်သောကြောင့် သာရေးနာရေးမှန်သမျှ တစ်အိမ်တစ်ယောက် ကူညီသူတွေ ထွက်ပေါ်လာတတ်မြဲပင်။ ရွာထဲမှာဖြစ်တဲ့ နာရေးဖြစ်ဖြစ်၊ ရွာပြင်မှာဖြစ်တဲ့ နာရေးဖြစ်ဖြစ်၊ သေသူ ရှမ်းသာသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်နှင့် အလောင်းမြေကျသွားစမြဲဖြစ်သည်။

မောင်သန်းကြီးနာရေးကိစ္စကျမှ ခုလိုကြုံရတော့ မောင်သန်းကြီး ကံဆိုးရှာသည်ဟု ပြောကြသည်။

မောင်သန်းကြီးကံဆိုးပုံကလည်း စာဖွဲ့လောက်ပေသည်။

မောင်သန်းကြီးအသုဘ မစည်ကားခြင်းအကြောင်းမှာ သူကြီး၏မြေးများ ရှင်ပြုအလှူပွဲနှင့် တိုက်ဆိုင်နေသောကြောင့်ပင်။ လူတို့ထုံးစံ အတိုင်း မျက်နှာကြီးရာ ဟင်းဖတ်ပါကြ၏။ ဟင်းဖတ်ကလည်း သူကြီးလို မျက်နှာကြီး၊ ကျေးရွာခေါင်းဆောင်ဘက်က ပါနေတာ မဆန်း။ သူကြီးနှင့် ယှဉ်လျှင် မောင်သန်းကြီးသည် ဘာမှမဟုတ်။ မောင်သန်းကြီးကား သူကြီး အိမ်က သူရင်းငှားတစ်ယောက်သာ ဖြစ်သည်လေ။

အဲဒီလိုဂုဏ်ခြင်းကွာခြားရုံသာမက မောင်သန်းကြီးမှာ ဆွေမျိုးသားချင်းရယ်လို့ ထောက်ထားစရာ တစ်ယောက်မှမရှိလေရာ မောင်သန်းကြီး၏ လေးတိုင်စင်အသုဘမဏ္ဍပ်မှာ လူမရှိတာ မဆန်းပြန်ပေ။

မောင်သန်းကြီးဟာ ငယ်စဉ်ကပင် မိဘမဲ့အဖြစ် ရွာဦးဘုန်းကြီးနှင့် အတူပါလာပြီး ဘုန်းကြီးက သူကြီးအိမ်မှာ အပ်နှံပေးထားခြင်းဖြစ်သည်။ ယခုတော့ မောင်သန်းကြီးကိုခေါ်လာခဲ့သော ဘုန်းကြီးသည်လည်း ပျံလွန်တော်မူပြီ။ မောင်သန်းကြီးနှင့်ပတ်သက်ပြီး ငဲ့ညှာစရာ၊ ထောက်ထားစရာ၊ မျက်နှာသူစရာ ဘယ်သူမှ မရှိပါပေ။

ဒါ့ထက်ပိုပြီး တွေးကြည့်လျှင် မောင်သန်းကြီးအဖြစ်က ဒါ့ထက် ပိုပြီး ရင်နာစရာကောင်းသေးသည်။

မောင်သန်းကြီးသေရပုံမှာ သူကြီးမြေးများရှင်ပြုပွဲအတွက်ပဲရိက္ခာ ရှစ်ပါးနှင့် အလှူအတွက်လိုအပ်သောပစ္စည်းများကို မြို့သွားဝယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လမ်းမှာ ပိုးထိ၍ ကွယ်လွန်ရခြင်းဖြစ်သည်။

ထိုနေ့က မိုးတွေက အခါမဟုတ် ရွာနေသည်။ မိုးဦးစောသည်ဟု ပြောရပေမည်။

မြို့ကိုပစ္စည်းအဝယ်ထွက်မည့်အဖွဲ့ထဲမှာ မောင်သန်းကြီးကို သူကြီးက ထည့်လွှတ်လိုက်သည်။ တကယ်တော့ မောင်သန်းကြီးကို သူကြီးက အားကိုးလို့၊ စိတ်ချလို့ လူကြီးများနှင့်အတူ ထည့်လိုက်ခြင်းဖြစ်ပါသည်။ သူကြီးကရော၊ သူကြီးကတော်ကရော အသောက်အစားမရှိ၊ လောင်းကစားမရှိ၊ အလုပ်ကြိုးစား၍ လူကြီးကိုလူကြီးမှန်းသိသော မောင်သန်းကြီးကို ချစ်ခင်ကြသည်။ နောင်နှစ်ဆိုလျှင် သင့်တော်ရာမိန်းကလေးတစ်ယောက်နှင့်ပေးစားပြီး လယ်တစ်ကွက်၊ နွားတစ်ရှဉ်း လက်ဖွဲ့ကာ စီးပွားရှာစေဖို့ပင် စီစဉ်ထားပြီးသား။ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သော်ငြား မောင်သန်းကြီးသည် သူကြီးအိမ်တွင် ကံကောင်းနေခဲ့ပါသည်။

ကံမကောင်းတာက မြို့က အလှူပစ္စည်းတွေဝယ်ပြီး ပြန်အလာလမ်းမှာဖြစ်သည်။

အချိန်အခါမဟုတ်ဘဲ မိုးက ရွာလာတော့ မြေထဲအောင်းနေတဲ့ ကောင်ဗလောင်တွေ ထွက်လာသည်။ ရွာအဝင်နားမှာ သဲချောင်းကြီးရှိသည်။ မိုးရွာလျှင် တောင်ကျရေတရဟောစီးကျတတ်သည်။ မြို့မှပြန်လာတဲ့အဖွဲ့ ချောင်းစပ်အရောက်မှာ တောင်ကျရေက စီးကျစပြုနေပြီ။ သည်မှာ မောင်သန်းကြီးက အရဲစွန့်ပြီး ဟိုဘက်ကမ်းကို ကူးသည်။ လူချည်းကူးတာ မဟုတ်။ အလှူမှာကျွေးမယ့်ငါးခြောက်တွေ ထည့်ထားသည့် ပုတ်ကြီးထမ်းပြီး ကူးခြင်းဖြစ်သည်။ လူရော၊ ပုတ်ပါ တစ်ဖက်ကမ်း ရောက်သွားပါ၏။

နောက်တစ်ခေါက်ပစ္စည်းထပ်သယ်ဖို့ဆိုပြီး မောင်သန်းကြီး သည်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကမ်းသို့ ပြန်ကူးလာ၏။

သဲချောင်းထဲကိုစီးကျလာသည့် တောင်ကျရေက ကူးမရလောက်အောင် မဆိုးဝါးသေး။ ချောင်းရေထဲမှာ အမှိုက်တိုအမှိုက်စ၊ သစ်ပင်ချုံဖုတ်အသေးလေးများ၊ ထင်းချောင်းသစ်ကိုင်းများ မျောပါလာသည်။ ထိုသို့မျောပါလာသော သစ်ကိုင်းသစ်ခက်များတွင် မြွေများ၊ ကင်းများ၊ အဆိပ်ရှိသတ္တဝါများ ပါလာတတ်တာ မဆန်းပါပေ။

ဖြစ်ချင်တော့ မောင်သန်းကြီးက အထက်ကမျောလာသော သစ်ကိုင်းခြောက်ကြီးတစ်ခုကို ထင်းအဖြစ် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့်ထင်ပါသည်။ သစ်ကိုင်းကြီးကို လှမ်းဆယ်လိုက်တာ လူကြီးတွေမြင်လိုက်သည်။ သစ်ကိုင်းသူ့လက်ထဲရောက်သည်နှင့် မောင်သန်းကြီးအော်လိုက်ကာ သစ်ကိုင်းကြားထဲက လူးလူးလွန့်လွန့်အရာတစ်ခုက သူ့ကိုတွယ်ထားတာတွေကို မိုးရွာနေတဲ့ကြားထဲက မြင်နေရသည်။

မြွေကိုက်ခံရပြီဆိုတာ ချက်ချင်းသဘောပေါက်သည့် လူကြီးများက မောင်သန်းကြီးရှိရာ ချက်ချင်းပြေးသွားကြပါသည်။

သို့သော် ကယ်တင်ချိန် မရလိုက်တော့။ သူ့အနားရောက်သည်နှင့်..

"ကျုပ်ကို ပိုးထိပြီဗျ။ မြွေပွေးကြီး.."

လို့ပဲ ပြောနိုင်တော့သည်။ လူက ချောင်းရေထဲမှာ လူးလွန့်နေ၏။ လူကြီးတွေ ဝိုင်းသယ်ပြီး ကုန်းမြေပေါ်တင်လိုက်တော့ မောင်သန်းကြီးအသက်ပျောက်နေပြီ။

သူကြီးကိုပြေးအကြောင်းကြားတော့ သူကြီးလည်း ဘာမှမတတ်နိုင်။ သူကြီးရော၊ သူကြီးကတော်ပါ မိုးရေထဲ ပြေးလွှားလိုက်လာရှာပါသည်။ သူကြီးကတော်ကြီးမှာ မွေးစားသားသဖွယ် သဘောထားသော မောင်သန်း

www.burmeseclassic.com



ကြီးအဖြစ်ကိုကြည့်၍ ဟာစ်ဒိုရှာသည်။

သို့သော် အလှူအတန်းကိစ္စက ရှိနေသေးသည်။ မောင်သန်းကြီး အတွက်ချည်း တွေးပူမနေအား။ သေတဲ့သူက သေသွားပြီ။ သည့်တော့ ထုံးစံအတိုင်း ရွာပြင်သေတဲ့လူ ရွာထဲမသွင်းရ ကန့်သတ်ချက်ဖြင့် မောင် သန်းကြီးအလောင်းကို ရွာပြင်မှာ လေးတိုင်စင်ကလေးထိုး၍ ထားရလေ တော့သည်။

❋ ❋ ❋

မောင်သန်းကြီးအဖြစ်အတွက် သူကြီးတို့တစ်မိသားစုလုံး စိတ် မကောင်းကြ။ အားကိုးရသော အလုပ်သမားတစ်ယောက် ဖြစ်သည့်အပြင် ငယ်ကတည်းက သားသမီးသဖွယ် နေလာသူဖြစ်၍ ယူကျုံးမရဖြစ်ရသည်။ တစ်ဖက်ကလည်း မြေးတွေရဲ့ ရှင်ပြုနားသ,အလှူကို ရက်ပိုင်းအတွင်းမှာ မြိမ့်မြိမ့်သဲသဲကြီး ကျင်းပရန် စီစဉ်ထားပြီးသားဆိုတော့ မောင်သန်းကြီး အသုဘကိစ္စကို ပုံကြီးမချဲ့အားတော့ချေ။ သေတာတောင် အလောင်းရွာထဲ အသွင်းမခံရတဲ့ မောင်သန်းကြီးအဖြစ်ကို စုတ်တသပ်သပ်ဖြင့်သာ အလှူ ကိစ္စကို မလစ်ဟင်းအောင် ကွပ်ကဲနေရ၏။

သူကြီးကတော်ကြီးက .

"ကံဆိုးရှာတဲ့ ငါ့သားလေးနာရေးကိုလည်း ဝိုင်းကြပါဦးဟဲ့။

www.burmeseclassic.com



ကြည့်ကြရှုကြပါဦးဟဲ့''

ဟု ဝိုင်းပါကြီးနှင့်ပြောသော်လည်း သူကြီးတစ်မိသားစုလုံး အလျှို ကိစ္စ လုံးပန်းနေကြ၍ အသုဘဆီ တစ်ခဏသာ ရောက်ဖြစ်ကြသည်။ မောင်သန်းကြီး၏အလောင်းက ရွာပြင်တောစပ်တွင် လေးတိုင်စင်လေးနှင့် မိုးထဲလေထဲမှာ သည်အတိုင်း။

မောင်သန်းကြီး၏ ကံဆိုးလှတဲ့အဖြစ်က လူတချို့အတွက်တော့ ရတနာပုံဆိုက်တဲ့ကိန်း ကြုံသွားရသည်။ ဂုံညှင်းတန်းရွာမှာ ဖဲရိုက်၊ ကြက် တိုက် လုပ်နေတဲ့ လောင်းကစားသမား ပွေးစိန်နှင့်တိုးအောင်တို့အုပ်စု။ ပွေးစိန်နှင့်တိုးအောင်က မောင်သန်းကြီး၏ အသုဘကိစ္စအဝဝကို သူတို့ တာဝန်ယူပါမည်၊ သူတို့တာဝန်ထားပါဟု သူကြီးကို သွားပြောကြသည်။ ပွေးစိန်တို့ ဘယ်လိုအချိုး ချိုးမယ်ဆိုတာ သိသော်လည်း သူကြီးလည်း မတတ်နိုင်ဘဲ ခွင့်ပြုလိုက်ရ၏။ မဏ္ဍပ်ထိုးဖို့အတွက် ပိုက်ဆံပင်ထုတ်ပေး လိုက်ရသေးသည်။

''ဟေ့ကောင်တွေ. . ရှုတ်ရှုတ်သဲသဲအသံတော့ ငါမကြားချင်ဘူး နော်''

ဟု တစ်ခွန်းပဲ သတိပေးလိုက်နိုင်သည်။

ပွေးစိန်တို့ကလည်း လူဆိုးလူမိုက်ပေမယ့် သူကြီးကိုယ်တိုင် တာဝန် လွှဲလိုက်တော့လည်း ပိပိပြားပြားလုပ်ကြရှာပါသည်။ လေးတိုင်စင်နံဘေးမှာ မဏ္ဍပ်ကလေးဆောက်သည်။ ဖဲဝိုင်းသုံးဝိုင်းစာလောက်ဆံ့ပြီး လူတွေလည်း ခြေဆန့်လက်ဆန့်အိပ်နိုင်လောက်တဲ့အရွယ် မဏ္ဍပ်တစ်ခုဖြစ်သည်။

ပွေးစိန်နှင့်တိုးအောင် ဦးစီးတယ်ဆိုတာနှင့် လိုက်ရှာလှုနေရာပင် မလို။ ညရောက်တော့ ရွာနီးချုပ်စပ်က ကစားသမားတွေပါ ရောက်ချလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွေးစိန်နှင့်တိုးအောင်က ညှိထားပြီးသား။ သည်ပွဲမှာ သူတို့ဝင်ကစား။ သူတို့က ပိုင်းတွေကို ထိန်းမည်။ အကောက်ကောက်မည်။ ခုနှစ်ရက်ခုနစ်လီရတဲ့ အကောက်နဲ့ပဲ သူတို့ကျေနပ်လိုက်မည်။ သူကြီးကသည်း သူတို့ကို တာဝန်လွှဲပေးထားတော့ အသုဘ အေးအေးဆေးဆေးနှင့်ပြီးမြောက်သွားအောင် သူတို့ဦးစီးနိုင်ကြောင်း သူကြီးသိအောင် လုပ်ပြလိုက်မည်။

ဝင်မကစားတော့လည်း ဘာအရေးလဲ။ ဖဲပိုင်းလာတဲ့ လူတွေကိုဆရာကြီးလုပ်ပြီး ဦးစီးကွပ်ကဲရမည်။ ပြီး • အရက်လည်း အဝသောက်ရမည်။ အကောက်ထဲက ငွေနဲ့ အရက်သောက်စမ်း။ နိုင်တဲ့လူဆီက ထွက်လာမှာက, ရှိသေးသည်။

သည်လိုနှင့် အသုဘလေးတိုင်စင်ဘေးက မဏ္ဍပ်လေးမှာ ညဆိုဖဲပိုင်းဖြစ်ခဲ့လေ၏။

❋ ❋ ❋

ပွေးစိန်တို့စီစဉ်ထားသည့်အတိုင်း အစပိုင်းရက်များမှာ ဖဲပိုင်းသုံးပိုင်း ကစားနိုင်ခဲ့သည်။ သုံးပိုင်းဆိုတော့ အကောက်ငွေတွေလည်း လျှံနေအောင် ရသည်။ ပွေးစိန်နှင့်တိုးအောင် အရက်တွေသောက်လိုက်၊ ပေါင်မှောင်ဖွာနှင့် ဟိုလူ့ငေါက်လိုက်၊ သည်လူ့ငေါက်လိုက်ဖြင့် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ ကောင်းနေသည်။

ဖဲလာကစားသူများထဲတွင် အခြားရွာမှ လူများလည်း ပါလာ အထူးခြားဆုံးမှာ ပေါက်ဦးတောရွာမှ 'ကျောက်မလုံး' တို့ ဆရာတပည့်နှ ယောက်ဖြစ်သည်။ ကျောက်မလုံးတို့က နယ်တကာလှည့်ပြီး ဖဲရိုက်နေတဲ့ ကျားတွေ။

ကျောက်မလုံးနာမည်ရင်းက ခင်ကြိုင်။ ကျောက်မလုံးခင်ကြိုင် လို့ ခေါ်ကြသည်။ ခင်ကြိုင့်ညာမျက်လုံးက မွေးရာပါမျက်လုံးအစစ် မဟုတ် တော့။ လူပျိုပေါက်ကတည်းက ဖဲဝိုင်းမှာ ရန်ဖြစ်၊ ဓားခုတ်ခံရ၍ ထွက်ကျ သွားသော မျက်လုံးနေရာတွင် ကျောက်မျက်လုံးထည့်ထားရသည်။ ယခု ထိ ညာမျက်လုံးအထက်အောက် အစင်းလိုက် ဓားခုတ်ရာအမာရွတ်ကြီး ရှိသေးသည်။ ကင်းခြေများကြီးတစ်ကောင် ကပ်နေသလိုမျိုး။

'ကျောက်မျက်လုံးခင်ကြိုင်၊ ကျောက်မျက်လုံးခင်ကြိုင်' ဟု ခေါ် နေရာမှ ကြာတော့ လျှာလိပ်ပြီး 'ကျောက်မလုံး' ဖြစ်သွားခြင်းဖြစ်သည်။

အခုတော့ ခင်ကြိုင်ဆိုသည့် နာမည်ရင်းကို ဘယ်သူကမှ ထည့် မခေါ်တော့။ ကျောက်မျက်လုံးတပ်ပြီးမှ ရသည့် သူ့မိန်းမ 'မအုံးချို' ကိုယ် တိုင်က 'ကိုကျောက်မလုံး' လို့ပဲ ခေါ်သည်။ ကျောက်မလုံးဆိုလျှင် တစ်နယ် လုံးသိသည်။

ကျောက်မလုံး၏တပည့်က ဖိုးထိန်။ ဖိုးထိန်က ဖဲလိမ်ရိုက်သည့် ပညာကို ကျောက်မလုံးဆီမှာ သင်ရင်းက ကျောက်မလုံးတပည့် ဖြစ်နေ သူ။ ဖိုးထိန်ဖဲရိုက်လျှင် ဘယ်တော့မှမနိုင်။ လောင်းကစားနှင့် လုံးဝအချ မပေးသည့် ဖိုးထိန်။ ဖဲမရိုက်ဘဲလည်း မနေနိုင်၍ ကျောက်မလုံးထံတွင် တပည့်ခံကာ ဖဲလိုက်ရိုက်နေသူဖြစ်သည်။ ဖဲရှုံးလျှင် ကျောက်မလုံးက သူ့ကို ရင်းစားပြန်ပြန်ပေး၏။ သည်လိုနှင့် ကျောက်မလုံးတပည့်ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖဲဝိုင်းတကာလိုက်ရင်းက ကျောက်မလုံး၏ဝေယျာဝစ္စတွေ လိုက်လုပ်ပေး ရင်း ဖဲကိုင်ခွင့်ရတာလေးကို ကျေနပ်နေရသူဖြစ်သည်။

ကျောက်မလုံးကလည်း ပေးကမ်းရတာနှင့်တန်အောင် ဖိုးထိန် အပေါ်မှာ နိုင်နင်းလှသည်။ လူကြားသူကြားမရှောင် အော်သည်။ ငေါက် သည်။ ဖဲရိုက်ရင်းသောက်ဖို့ အရက်ကို အချိန်မဆိုင်းဘဲ ဝယ်ပေးရသည်။ သူဇက်ကြောတက်လျှင် ဖိုးထိန်က နှိပ်ပေးရသည်။ သူကတော့ ဖဲရိုက်ရင်း က အနှိပ်ခံခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူတို့ဆရာတပည့် သူ့ဟာနှင့်သူတော့ ဟုတ်နေ ကြသည်။

* * *

အစပိုင်းနှစ်ရက်မှာ ဝိုင်းသုံးဝိုင်းနှင့် စိုပြည်နေသော်လည်း ကြာ သာတော့ ရှုံးသူတွေ ထွက်ထွက်သွားသည်နှင့် တစ်ဝိုင်းပြီးတစ်ဝိုင်း လျော့ သွားသည်။ တောအရပ်က တောသူတောင်သား လက်လုပ်လက်စားတွေ ဆိုတော့လည်း သီးနှံပေါ်ချိန်မဟုတ်လျှင် ငွေပိုက မရှိ၊ ထင်တိုင်း မကြဲနိုင်။ ကိုယ့်ရှိတဲ့ငွေလေး ကုန်သည်နှင့် တောက်ခေါက်ကာ ဝိုင်းထဲက ထွက်သွား ကြရသည်။

တချို့လည်းအိမ်ပြန်၊ တချို့လည်း သူများကစားတာ ထိုင်ကြည့်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကတော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ အလှူမဏ္ဍပ်က တစ်ညလုံးဖွင့်ထားသည့် အသံချဲ့စက်သံက အသုဘမဏ္ဍပ်ထိ ကြားနေရသည်။ သူကြီးကိုယ်တိုင် အလှူအတန်းလုပ်နေတော့လည်း ပွေးစိန်တို့တာဝန်ယူထားသည့် မသာဖဲဝိုင်းကို လာပြီးမစစ်ဆေးအား။ ဖဲဝိုင်းရှင်လိုဖြစ်နေသည့် ပွေးစိန်ရော၊ ဖဲနိုင်နေသည့် ဖဲဝိဇ္ဇာကျောက်မလုံးရော အဆင်ပြေချင်တိုင်း ပြေနေသည်။ ကျောက်မလုံးက ဖဲနိုင်လွန်း၍ အရက်ဝယ်ရာမှာ ပွေးစိန်နှင့် တိုးအောင်အတွက်ပါ ပိုဝယ်စေသည်။ အကောက်ငွေထဲကတောင် ထိစရာမလိုတော့။ သည်တော့ အကောက်ငွေကို ပွေးစိန်နှင့်တိုးအောင် တစ်ယောက်တစ်ဝက်ခွဲ၊ မနက်မနက်ဆို အိမ်ပြေးပို့နှင့် သိပ်ဟုတ်နေကြလေ၏။

နှစ်ရက်မြောက်သောညတွင် သူကြီး အသုဘမဏ္ဍပ်ကို ခဏလာကြည့်၏။

သုံးရက်မြောက်သည့် နောက်တစ်နေ့မနက်မှာ အသုဘချမည်ဟု ပြောသည်။

ပွေးစိန်နှင့်တိုးအောင်၊ ကျောက်မလုံးနှင့်ဖိုးထိန် ပျာပျာသလဲဖြစ်သွား၏။ သူကြီးကို ဝိုင်းတောင်းပန်ကြသည်။

"သူကြီးရယ်.. အလှူကြီးက သန်ဘက်ခါမဟုတ်လား။ အလှူအတန်းပြီးမြောက်မှ အသုဘကိစ္စလုပ်ပါဗျာ။ အလှူလာဘ်တိတ်ပါတယ်"

"ဟုတ်ပါတယ်သူကြီး။ မောင်သန်းကြီးကိစ္စ ကျွန်တော်တို့တာဝန်ယူပါတယ်။ အသုဘဆိုတာ ခုနစ်ရက်ထားလို့ ရတာပဲ။ အလှူကိစ္စသာလုံးပန်းပါဗျာ"

အားလုံးက ဝိုင်းတောင်းပန်နေကြ၍ သူကြီးလည်း (၇) ရက်ပြည့်အောင်ထားဖို့ သဘောတူလိုက်ရလေ၏။

သုံးရက်မြောက်သည့်နေ့တွင် ဖဲဝိုင်းက တစ်ဝိုင်းပဲရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့်တစ်ဝိုင်းကိုလည်း ကျော်မလုံးက ဒိုင်ကိုင်သည်။ ကျန်သူများက ထိုးသားများအဖြစ်သာ။

ငွေအားလုံးလိုလိုကလည်း ကျော်မလုံးရှေ့မှာချည်း ပုံလျက်သား ရောက်နေသည်။ ငွေကား သိန်းဆယ်ဂဏန်းမက ရှိလောက်သည်။

နိုင်လာသည်နှင့်အမျှ ကျော်မလုံးစကားပြောပုံတွေက လေလုံးထွားလာသည်။ ဘယ်သူ့ကိုမှ လူမထင်သလို ဆက်ဆံလာသည်။ သူ့ကို တပည့်ခံနေသည့် ဖိုးထိန်အပေါ်မှာလည်း ကျွန်တစ်ယောက်လို ပြောဆိုလာသည်။ ဖဲနိုင်၍ ငွေသိန်းချီပိုက်မိလာပြီး သွေးနားထင်ရောက်လာခြင်းပင် ဖြစ်တော့သည်။

အိမ်ရှင်လိုဖြစ်နေသည့် ပွေးစိန်တို့၊ တိုးအောင်တို့ကို အရက်တိုက်ထားက တိုက်တာတစ်ပိုင်း၊ အရက်အလကားတိုက်ရတာနှင့် ကာမိအောင် ခိုင်းစေ၊ ပြောဆိုလာခဲ့သည်။

"ပွေးစိန်. . အရက်သွားဝယ်စမ်းဗျာ။ ခင်ဗျားလူ တိုးအောင် ဝယ်လာတဲ့အရက်က ပျော့တယ်။ ဒီလူ လမ်းမှာသောက်ပြီး ရေရောထည့်လာသလားမသိဘူး။ အို. . ခင်ဗျားလည်း မယုံရပါဘူး။ ဟော့ကောင် ဖိုးထိန်. . လိုက်သွားစမ်း။ နှစ်ယောက်ပေါင်းပြီးတော့လည်း ခိုးသောက်မလာကြနဲ့"

အဲဒီလို စကားပြော လူပါးဝလာသည်။ အထက်စီးကနေ ရင့်ရင့်သီးသီးပြောသည်။ သူက တိုက်ကျွေးနေတော့လည်း ပွေးစိန်တို့ သည်းခံနေခဲ့သေး၏။

ပွေးစိန်နှင့်တိုးအောင် သည်းမခံနိုင်ဆုံးက သေသူမောင်သန်းကြီးကို တ,တ,ခေါ်ပြီး ဖဲနိုင်အောင် လုပ်ခိုင်းသည့်ကိစ္စ။

"မောင်သန်းကြီးရေ. . လုပ်ပါဦးဟ"

"မောင်သန်းကြီးရေ. . ကူပါဦးဟ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်သန်းကြီး. . ညီလေး. . သည်အတိုင်း ကြည့်နေတော့မလား။ ရှေ့က ငွေတွေ စားရအောင်လေကွာ"

တကယ်ဟုတ်လေသလား၊ မဟုတ်သလားတော့ မသိ။ ထိုသို့ တ,လိုက်တိုင်း ထိုးကြေးတွေအားလုံးကို ကျောက်မလုံးစားရသည်။

ပွေးစိန်နှင့်တိုးအောင်တို့က မောင်သန်းကြီးကို တ,ပြီး ခိုင်းသည့်ကိစ္စကို မကြိုက်ကြ။ သေသူကို အနှောင့်အယှက်မပေးစေချင်။ ကျောက်မလုံးကိုလည်း ပြောရခက်နေသည်။

သည်လိုနှင့် လေးရက်မြောက်နေ့ ရောက်လာ၏။ သူကြီးအလှူက သိုင်းသိုင်းဝိုင်းဝိုင်းနှင့် ပြီးဆုံးသွားပေပြီ။

လေးရက်မြောက်ညဝိုင်း. . ။

ဝိုင်းက တစ်ဝိုင်းတည်းရှိတော့သည်။ ရှိသမျှငွေတွေကလည်း ဒိုင်လုပ်သည့် ကျောက်မလုံးရှေ့မှာချည်း ရောက်နေသည်။

ကျောက်မလုံး တဟားဟားနှင့် အော်ရယ်သည်။

"ကျေးဇူးတင်တယ် ညီလေးမောင်သန်းကြီးရေ၊ ဒီပွဲပြီးရင်လည်း မင်း ငါနဲ့လိုက်ပြီး ငါ့ကိုကူစမ်းကွာ။ ကဲ. . ကဲ. . တစ်ဝိုင်းလုံးက ပိုက်ဆံအစ်ကို့လက်ထဲရောက်အောင် ကူလိုက်စမ်းပါဦး ငါ့ညီမောင်သန်းကြီးရေ"

ကိုယ့်ဟာကိုယ်ဖဲနိုင်တာကို အငြိမ်မနေဘဲ သေသူမောင်သန်းကြီးအလောင်းဘက် လှည့်လှည့်ကြည့်ကာ တ,လိုက်၊ ပြောလိုက်၊ ခိုင်းလိုက်လုပ်နေပုံကို ဝိုင်းကလူတွေအားလုံး အမြင်ကပ်လာသည်။

ကျောက်မလုံး မူးလည်း အတော်မူးနေပြီ။ မူးနေသည့်ကြားက အရက်ဝယ်ခိုင်းသေးသည်။

"ဟေ့ကောင်တွေ. . အရက်သွားဝယ်စမ်း။ လမ်းမှာ နိုးအောက်မလာကြနဲ့နော်။ ရေလည်း ရောမလာကြနဲ့။ ထွီ. . မင်းတို့အရက် မူးလည်း



www.burmeseclassic.com

www.burmeseclassic.com



မမူးဘူး''

တိုးအောင်နှင့်ဖိုးထိန် အရက်ဝယ်ဖို့ ထွက်သွားသည်။

''အလကား။ ။ ဘယ်သူ့မှပိုက်ဆံမကျန်တော့ဘူး။ ဒီနေ့ ဝိုင်းစော စောသိမ်းရမှာပဲ။ အဝသောက်ပြီး အိပ်နေတာ ကောင်းတယ်။ နောက်နေ့မှ ဟိုဘက်ရွာက လူတွေကို ဖိုးထိန်လိုက်ခေါ်ခိုင်းရမယ်။ အလကား။ ။ ဒီရွာက ကောင်တွေ ငမွဲတွေ''

ကျောက်မလုံးက လှောင်သလိုလို ပြောသည်။ ပြောလည်းပြော စရာ။ ငွေကုန်လို့ ကစားနိုင်သူပင် မရှိတော့။ ဒိုင်နှင့် ထိုးသားနှစ်ယောက်ပဲ ရှိတော့သည်။

''မင်းတို့လက်ထဲက ပိုက်ဆံတွေ အကုန်ကုန်ရင် ဝိုင်းသိမ်းမယ် ကွာ''

ကျောက်မလုံး နိုင့်ထက်စီးနင်းပြောစကားတွေကို ပွေးစိန်သည်း မခံနိုင်တော့။ အရက်သွားဝယ်နေတဲ့ တိုးအောင်နှင့်ဖိုးထိန်နောက်ကို ပြေး လိုက်သွားသည်။

ရွာအဝင်ဝမှာ မီသည်။

သူတို့နောက်ပြေးလိုက်လာသည့် ကိုပွေးစိန်ကိုမြင်တော့ တိုးအောင် တို့က ရပ်စောင့်နေ၏။

''ဘာလဲ ကိုကြီးပွေးစိန်''

''ဖိုးထိန်။ ။ မင်းကောင် လူပါးဝလွန်းတယ်ကွာ။ စကားပြောတာ စော်ကားလွန်းတယ်''

''ဟုတ်ပါတယ် ကိုကြီးပွေး။ ကျွန်တော်လည်း မကျေနပ်ဘူး။ သူ့ကျေးဇူးရှိလို့သာ ကြည့်နေတာ။ ဒီလူက သူ့လက်ထဲ ငွေရှောရင် အောက်ခြေလွတ်နေကျဗျ။ တော်ပြီဗျာ။ ကျွန်တော်လည်း ရှုံနေတဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဒါနောက်ဆုံးပဲ"

ဖိုးထိန်၏ မကျေနပ်ချက် ပွင့်ဟလာ၏။

"အေး။ ။ အခု မင်းတို့ အရက်များများဝယ်ခဲ့စမ်းကွာ။ ဒီကောင့်ကို ငါတို့ဆုံးမရအောင်"

"ကျုပ်မခံချင်ဆုံးက မောင်သန်းကြီးကို ခေါ်ခေါ်ပြီး ခိုင်းတာပဲ ကိုကြီးမွေး။ သေတဲ့လူ အေးအေးနေပါစေဗျာ။ ဒါ။ ။ ကျုပ်တို့ရွာလာပြီး သက်သက်ကျောတာဗျ"

တိုးအောင်ကလည်း သူ့မကျေနပ်ချက်ကို ဖွင့်ထုတ်လိုက်သည်။

"ဒီကောင့်ကို ပညာပေးရမယ်။ အရက်ဝယ်ပြီး မင်းတို့ မြန်မြန်သာ ပြန်လာခဲ့ကြ"

မွေးစိန်ပြန်သွားတော့ ဖိုးထိန်နှင့်တိုးအောင် ဒီအကြောင်းကိုပဲ ဆက်ပြောဖြစ်ကြသည်။ ဖိုးထိန်ကလည်း မူးမူးနှင့် သူ့ကို ကျောက်မလုံး နိုင်စားလွှန်းတဲ့အကြောင်းတွေ ရင်ဖွင့်သည်။

သည်လိုနှင့် ကျောက်မလုံးကိုပညာပေးရမယ့်အစီအစဉ်ကို သူတို့နှစ်ယောက် လမ်းမှာပဲ တိုင်ပင်ခဲ့ကြသည်။

ဘယ်လိုပညာပေးမလဲ။ ကျောက်မလုံးလက်ထဲမှာ ဖဲနိုင်ငွေတွေ ဆယ်သိန်းမက ရှိနေတာကိုလည်း သူတို့အားလုံးအမြင်။

အပြန်လမ်းမှာ ရှေးတုန်းက တစ်ရွာလုံးရေခပ်လေ့ရှိတဲ့ ရေတွင်းပျက်ကြီးနားက ဖြတ်ပြန်ခဲ့ကြသည်။

တိုးအောင်က သူ့အကြံကို ဖိုးထိန်အား တီးတိုးပြောပြ၏။

"ကျုပ်တို့ ကိုကြီးမွေးစိန်ကို ပြောကြည့်တာပေါ့ ကိုတိုးအောင် ကောင်းပါတယ်။ ဒီလိုလူမျိုး ဒီလိုဇာတ်လမ်းဖြတ်မှ ကောင်းမှာ"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အသုဘတဲကိုပြန်ရောက်တော့ ဖဲဝိုင်းက ပြီးနေပြီ၊ မပြီးလို့လည်း မဖြစ်။ ကျောက်မလုံးနှင့် ပြိုင်ပြီးကစားနိုင်သူ မရှိတော့။ လောင်းကြေး အားလုံးက ကျောက်မလုံးလက်ထဲ ရောက်နေပြီ။

တိုးအောင်တို့ပြန်ရောက်သွားတော့ ကျောက်မလုံးက တဟားဟားအော်ရယ်ရင်း ငွေများကို သူပါလာသည့် ဝါတာဖလူးခေါ် မိုးကာခြုံထည်ကြီးဖြင့် သိမ်းထုပ်နေသည်။

ဖဲလာကစားသူများလည်း စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားကြ၏။ ကျောက်မလုံးမှာ မူးလည်းအတော်မူးနေပြီဖြစ်၍ မဟန်နိုင်တော့ပေ။ တိုးအောင်တို့ပြန်လာတာကိုမြင်တော့ စကားလှမ်းပြောသေးသည်။ မူးနေသည့်ကြားက အရက်လှမ်းတောင်းသေးသည်။

"ကိုကြီးကျောက်မလုံး . . လယ်ကွက်ကင်တွေရလို့ ဝယ်လာတယ်ဗျ။ မီးတောက်အရက်နဲ့တော့ အပီပဲဗျာ"

ဖိုးထိန်က မျက်နှာချိုသွေးရင်း ပြောလိုက်သည်။

"အေးကွာ . . ကစားမယ့်လူလည်း မရှိတော့ဘူး။ အရက်သောက်ပြီးရင် အိပ်မယ်ကွာ"

ကျောက်မလုံးက ငွေများထုပ်ထားသည့် မိုးကာကို ခေါင်းအုံး အိပ်ရန် ခေါင်းရင်းဘက်ချထားရင်း ပြောသည်။

ဖိုးထိန်က အရက်ပုလင်းများကို ကျောက်မလုံးရှေ့တွင်ချကာ ကြွက်ကြော်ကို ရေဒီးဖုံးထားသော သံပန်းကန်ပြားဖြင့် ထည့်ပေးရင်း သူပါ ကျောက်မလုံးရှေ့ သွားထိုင်သည်။

တိုးအောင်က ပွေးစိန်ကို လက်ကုပ်၍ မဏ္ဍပ်အောက်ခေါ်သွားကာ လမ်းမှာ သူတို့ရလာသည့်အကြောင်းကို ပြောပြသည်။

ပွေးစိန်ကလည်း သဘောတူ၏။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်ပေါ်ပြန်တက်အလာတွင် ပွေးစိန်က ကျောက်ခဲကြီးကြီး တစ်လုံးကို ခါးပုံစထဲ ထည့်လာ၏။

နှစ်ယောက်သား ကြွန်မပျက် မဏ္ဍပ်ပေါ်ပြန်တက်လာ၏။

ကျောက်မလုံးနှင့် ဖိုးထိန်တို့ရှေ့မှာ ဝိုင်းထိုင်သည်။

ကျောက်မလုံး မဟန်နိုင်တော့။ စိတ်ရှိလက်ရှိ သောက်ထား၍ ခေါင်းငိုက်စိုက်ကျနေပြီ။ ဖိုးထိန်က ကြွက်ကြော်ကို အသားနွှင်ပေးရင်း မျက်ခုံးပင့်ပြသည်။ အချက်ပြလိုက်ခြင်းဖြစ်၏။

ကျောက်မလုံးက ပွေးစိန်နှင့်တိုးအောင် ဝင်အထိုင်တွင် စကား တစ်ခွန်း ဗလုံးဗထွေးပြောလိုက်သည်။

"မနက်ဖြန်. . မနက်ဖြန်အတွက်. . စိန်ပန်းကုန်းက ကစားသမား တွေကို. . အေ့. . စိန်. . စ. . အိမ်. . စိန်ပန်းကုန်း. ."

"ကိုကြီးကျောက်မလုံး. . ခင်ဗျားသိပ်မူးနေပြီ။ အိပ်လိုက်တော့ ဗျာ"

"ဖိုးထိန်. . မနက်ဖြန်ကစားဖို့ စိန်ပန်းကုန်းက လူတွေကို အခု ကတည်းက မင်းသွားခေါ်ထား။ ပွေးစိန်နဲ့တိုးအောင်က. ."

ကျောက်မလုံး စကားမဆုံးလိုက်ရ။ စကားပြောရင်း ရှေ့ကိုငိုက် ကျအလာတွင် ပွေးစိန်က ခါးပုံစထဲဝှက်ထားသည့် ကျောက်တုံးကို ထုတ် ကာ. .

"မနက်ဖြန်အထိ မင်းက အသက်ရှင်ဦးမှာမို့လား လူပါးဝတဲ့ အကောင်။ ကိုင်းကွာ. ."

နှုတ်ကလည်းပြော၊ လက်ကလည်း ခဲလုံးကို လက်နှစ်ဖက်ဖြင့်ကိုင် ကိုင်ကာ ငိုက်ကျလာသည့် ကျောက်မလုံးခေါင်းကို အားရပါးရထုချလိုက်၏။

ကျောက်မလုံး၏မေးစေ့က ကြမ်းပြင်ပေါ် အင်းနဲ့သွားအပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှ သွေးများ ဖြာခနဲထွက်လာသည်။

ပွေးစိန်က သုံးလေးချက် ဆက်တိုက်ထုနေ၏။ သွေးများ ဖွာခနဲ ဖွာခနဲ စဉ်သွား၍ တိုးအောင်နှင့်ဖိုးထိန် ထိုင်ရာမှ ခုန်ထသည်။

"ကိုပွေးစိန်. . တော်တော့. . တော်တော့၊ သွေးသိပ်မထွက်စေနဲ့၊ သေလည်းသေလောက်ပါပြီ"

တိုးအောင်က သတိပေးသည်။

ပွေးစိန်အထုရပ်လိုက်မှ တိုးအောင်နှင့်ဖိုးထိန်က ကျောက်မလုံး ကို ငုံ့ကြည့်သည်။ တိုးအောင်က ခြေထောက်ဖြင့် နှစ်ချက်သုံးချက်ကန် ကြည့်သည်။ ကျောက်မလုံး မလှုပ်တော့။

ဖိုးထိန်က ကျောက်မလုံးကိုယ်ကို ဆွဲလှန်လိုက်သည်။

"သေပြီဗျ"

ဖိုးထိန် အသံတွေတုန်နေသည်။ လူလည်းတုန်နေသည်။ သူ့အနေ ဖြင့် ဆရာတင်ထားသော တစ်ရွာတည်းသားမို့ တကယ်သတ်လိုက်ပြီးသည့် အခါ စိတ်လှုပ်ရှားမိသည်မှာ မဆန်းပေ။

ပွေးစိန်က လက်ထဲကခဲလုံးကို အပြင်သို့လှမ်းပစ်ရန် အရွယ် လိုက်တွင်. .

"ကိုကြီးပွေးစိန်. . အဲဒီလိုမပစ်နဲ့လေ။ ခဲမှာ သွေးတွေနဲ့"

ဖိုးထိန်က သတိပေးခြင်းဖြစ်သည်။

"ကျွန်တော်တို့ ခဲလုံးကိုပါ ရေတွင်းထဲပစ်ချမှဖြစ်မယ်။ ကြမ်းပေါ် က သွေးတွေလည်း သုတ်ဦးမှဗျ"

ဖိုးထိန် စိတ်လှုပ်ရှားနေသော်လည်း အကွက်စေ့အောင်တော့ တွေးတတ်သေးသည်။

"အေး. . မင်းပြောတာ ဟုတ်တယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ဒီလူ့အလောင်းကို ရေတွင်းနားအရောက် သယ်ရအောင်။ ရေတွင်းထဲပစ်ချပြီးမှ ကျန်တာတွေ လုပ်တာပေါ့"

ထိုအချိန်တွင် မိုးက ရွာလာသည်။ သဲသဲမဲမဲ ရွာလာသည်။ အလှူရက်မှာ မိုးမရွာအောင်ဆိုင်ရာပိုင်ရာတွေကို တောင်းပန်ထားလို့ မရွာခဲ့သမျှ အတိုးချရွာလေသလားမသိ။ ရုတ်တရက် ဖြုန်းဖြုန်းဒိုင်းဒိုင်း ရွာချလိုက်ခြင်းဖြစ်သည်။

တိုးအောင်နှင့်ဖိုးထိန်က ကျောက်မလုံးအလောင်းကို ခြေတွေ လက်တွေ ဖြောင့်ဖြောင့်တန်းတန်းဖြစ်အောင် ဆွဲဆန့်လိုက်သည်။ သယ်ရ လွယ်အောင် လုပ်လိုက်ခြင်းဖြစ်၏။

"ကဲ . . မ,ပေတော့ ကိုတိုးအောင်။ ကိုကြီးပွေးစိန်ကတော့ တာဝန် ကျေပြီ။ အဲဒါကြီး ရေတွင်းအရောက် သယ်ဖို့က ခင်ဗျားနဲ့ကျွန်တော့် တာဝန်"

"ဟော့ကောင်တွေ . . နေကြဦး"

အလောင်းကို မ,ရန်ပြင်နေသည့် ဖိုးထိန်နှင့်တိုးအောင်ကို ပွေးစိန် က ဟန့်လိုက်၏။

"မင်းတို့ ဒီကောင့်အလောင်းကို ရေတွင်းပျက်ထဲပစ်ချဖို့ စီစဉ် ထားတာမဟုတ်လား"

"ဟုတ်တယ်လေ"

"မလုပ်နဲ့တော့။ သူ့ကို ဟိုအခေါင်းထဲ ထည့်မယ်"

ပွေးစိန်က မောင်သန်းကြီးအလောင်းထည့်ထားသော အခေါင်း ကို လက်ညှိုးထိုးပြ၍ ပြောသည်။

"ဗျာ . . "

"ဟင် . . ကိုပွေးစိန်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲက ပိုပြီးလုံခြုံတယ်ကွ။ မောင်သန်းကြီးက သေပြီးပြီ။ မောင်သန်းကြီးက အများရှေ့မှာ တရားဝင်သေတာ။ ဘယ်သူမှစိတ်မဝင်စားတော့ဘူး။ စစ်ဆေးမနေတော့ဘူး။ ကျောက်မလုံးကို အဲဒီထဲထည့်မြှုပ်လိုက်တော့ ပြီးရောမဟုတ်လား။ ကျောက်မလုံးဆိုတာ ပျောက်ကရော။ မင်းတို့ရေတွင်းပျက်ထဲကမှ မတော်တာဆ ပေါ်ရင်ပေါ်လာဦးမယ်"

"ဟုတ်ပါပြီ။ အဲဒါ ထားပါတော့ ကိုပွေးစိန်။ မောင်သန်းကြီးအလောင်းကိုကျတော့ ကျုပ်တို့ဘယ်လိုလုပ်မလဲ"

"မင်းတို့ ရေတွင်းပျက်ထဲပစ်ချမယ့် အစီအစဉ်အတိုင်း ပစ်ချလိုက်ရုံပေါ့ကွ"

"ဗျာ. ."

"ဒီမယ်ဟေ့ကောင်တွေ. . တောခွေးတွေ၊ တောဝက်တွေယက်လို့ရေတွင်းထဲက အလောင်းပေါ်လာရင်တောင် မောင်သန်းကြီးအလောင်းဆိုတော့ ကိစ္စမရှိဘူး။ မောင်သန်းကြီးမှာ ဘာအမှတ်အသားမှ မရှိဘူး။ ဘယ်သူ့အလောင်းမှန်းလည်း သိကြမှာ မဟုတ်ဘူး။ ကျောက်မလုံးမှာက ကျောက်မျက်လုံးကြီးနဲ့ကွ။ ကျောက်မျက်လုံးက ပျက်စီးမှာမဟုတ်ဘူး။ ကျောက်မျက်လုံးတွေ့တာနဲ့ ဒါဟာ ကျောက်မလုံးအလောင်းဆိုတာ လူတိုင်းသိနိုင်တယ်။ အဲဒီတော့ ကျောက်မလုံးအလောင်းက ပိုပြီးလုံခြုံတဲ့နေရာမှာ ရှိသင့်တယ်မဟုတ်လား"

"ဟုတ်လိုက်လေ ကိုကြီးပွေးစိန်ရယ်။ တော်လိုက်တာဗျာ"

"တော်မနေနဲ့။ ငါပြောတဲ့အတိုင်း သဘောတူရင် လုပ်ကြ။ မောင်သန်းကြီးအလောင်းကို အခေါင်းထဲက အရင်ထုတ်။ ကဲ. . ကဲ. . လုပ်ကြကွာ။ တော်ကြာ ရောင်နီလာတော့မယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မောင်သန်းကြီးအခေါင်းကို လေးတိုင်စင်မှ ချကာ အလောင်းထုတ်ကြသည်။ မောင်သန်းကြီးအလောင်းနေရာတွင် ကျောက်မလုံးအလောင်းကို လဲထည့်သည်။

မှူလက မောင်သန်းကြီးအခေါင်းကို သံဖြင့်အသေရိုက်ပိတ်မထားသေး။

ကျောက်မလုံးအလောင်းထည့်အပြီးတွင်တော့ သံဖြင့်အသေရိုက်ပိတ်ပစ်လိုက်ကြသည်။ ပြီးတော့ ကျောက်မလုံးအလောင်းထည့်ထားသည့် အခေါင်းကို လေးတိုင်စင်ပေါ် ပြန်တင်ထားလိုက်၏။

မောင်သန်းကြီးအလောင်းကိုမူ သုံးယောက်သား မ,ကြကာ မလှမ်း မကမ်းမှ ရေတွင်းပျက်ကြီးဆီ သယ်ခဲ့ကြသည်။

ရေတွင်းပျက်မှာ ရှေးအခါက တစ်ရွာလုံးရေလာခပ်ရသည့် အများသုံးရေတွင်းကြီးဖြစ်သည်။ နက်ရှိုင်းသည်။ ကျယ်ပြန့်သည်။ ကြိုးဖြင့်ရေငင်ရသည့် ရေတွင်းကြီးဖြစ်ပါ၏။ နောက်ပိုင်းတွင် သက်ဆိုင်ရာများက ကျေးရွာများတွင် စက်ရေတွင်းများတူးပေး၍ ရေကို ရှာပြင်ထွက်၍ ခက်ခက်ခဲခဲခပ်ရန် မလိုတော့။ မသုံးဘဲပစ်ထားတာ ကြာသောကြောင့် ရေတွင်းမှာလည်း ကောသွားသည်။ တွင်းနံရံများလည်း ပြိုကျ။ ရေတွင်းကို မိုးထားသည့် သွပ်မိုးကိုလည်း ဖြုတ်ခိုးကြနှင့် ရေတွင်းပျက်ကြီးအဖြစ်သာ ရှိနေတော့ခြင်းဖြစ်သည်။

တစ်ခါတစ်ရံ တွင်းပျက်ထဲ ကျွဲနွားများကျတတ်သည့်အတွက် ရေတွင်းနားသို့ ကျွဲနွားများမရောက်နိုင်အောင် သစ်ကိုင်းများချထားသည်။

ရေတွင်းပျက်ဆီသို့ လူနှင့်တကွ မည်သည့်သတ္တဝါမှ မရောက်ကြတော့။ ရေတွင်းပျက်ထဲသို့ အလောင်းပစ်ချဖို့ စိတ်ကူးမှာ ဒေါ်တော်ပင် ကောင်းပေသည်။ တိုးအောင်နှင့်ဖိုးထိန်စိတ်ကူးထက် အလောင်းချင်းလဲပြီး



www.burmeseclassic.com

www.burmeseclassic.com



စ်ချဖို့ ပွေးစိန်၏စိတ်ကူးက ပို၍ပင်ကောင်းသေးသည်။

နာရီဝက်အတွင်းမှာ အလောင်းနှစ်ခုလဲလှယ်ခြင်းနှင့် ဖျောက်ဖျက်ခြင်းလုပ်ငန်းက ပြီးသွားသည်။

သုံးယောက်သား မဏ္ဍပ်ပေါ်ပြန်သွားကာ ကျောက်မလုံး၏သွေးစသွေးနများကို သုတ်သင်ကြသည်။

ထို့နောက် ကျောက်မလုံးထုတ်ထားခဲ့သော မိုးကာစထဲက ငွေများကို ရေကြသည်။ ပြီးတော့ သုံးပုံပုံကာ တစ်ယောက်တစ်ပုံ ခွဲယူလိုက်ကြ၏။

တစ်ယောက်ကို သုံးသိန်းကျော်လောက်စီ ရလိုက်ကြလေသည်။

"ကဲ.. နှုတ်လုံပစေနော်"

"စိတ်ချပါ ကိုကြီးပွေးစိန်"

"ကျောက်မလုံးပျောက်သွားတာကို ဘယ်လိုအကြောင်းပြမတုံး"

"ဟုတ်တယ်။ ခုနစ်ရက်လည်မှ အသုဘချမယ် လုပ်ထားတာ။ အလောင်းမြေမကျသေးဘဲ ကျောက်မလုံးပြန်သွားတယ်ဆိုရင် သဘာဝကျဘူး"

"ဒီလိုလုပ်မယ်ကွာ"

သူတို့ထဲမှာ ခေါင်းဆောင်လိုဖြစ်သွားသော ပွေးစိန်က အကြံပြုသည်။

"မိုးတွေရွာလာတော့ မောင်သန်းကြီးအလောင်း အနံ့ထွက်လာတာ မင်းတို့အမြင်ပဲ။ မနက်လင်းတာနဲ့ သူကြီးဆီ ငါသွားမယ်။ အလောင်းအနံ့ထွက်လာလို့ ငါးရက်နဲ့ သင်္ဂြိုဟ်ဖို့ သွားပြောမယ်"

"ဟုတ်တယ်။ မနက်ဆို မောင်သန်းကြီးသေတာ ငါးရက်မြောက်နေ့ပဲ"

"ငါးရက်နဲ့သင်္ဂြိုဟ်မယ်ဆိုတာသိလို့ ကျောက်မလုံးပြန်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သတင်းလွှင့်လိုက်ရုံပေါ့"

"ဒါဖြင့် ဖိုးထိန်ကရော..."

"ဖိုးထိန်..မင်းလည်းပြန်တော့။ ကျောက်မလုံးနဲ့ မင်းနဲ့ အတူတူ ပြန်တဲ့သဘောနဲ့ ပြန်ပေတော့။ နောက်ပိုင်း ကျောက်မလုံးပျောက်နေတဲ့ အကြောင်း လူတွေသတိထားမိလာရင် မင်းဘယ်လိုပြောမလဲ။ အဲဒါတော့ မင်းအပိုင်းပဲ"

"ရတယ် ကိုကြီးပွေးစိန်။ သူ့မိန်းမ မအုံးချိုက ကျောက်မလုံးကို သံယောဇဉ်ထားတာ မဟုတ်ဘူး။ ပြန်လာလာ၊ မလာလာ ဂရုစိုက်တာ မဟုတ်ဘူး။ ကျောက်မလုံးက အိမ်အတွက် စရိတ်ရှာမပေးတော့ သူ့ကို အားလည်းမကိုးဘူး။ ကျွန်တော် ဒီကပြန်တာနဲ့ ရွာသွားမယ်။ ကိုကျောက်မလုံး မောင်သန်းကြီးအသုဘမှာ တော်တော်နိုင်လိုက်လို့ မြို့တက်သွားတယ်လို့ သတင်းလွှင့်ထားမယ်။ သူ့မိန်းမကိုလည်း အဲဒီအတိုင်း သွားပြောထားမယ်ဗျာ"

"ကောင်းတယ်..။ နောက်ပိုင်း မင်းကို မေးမြန်းလာရင်လည်း ရှေ့စကားနောက်စကား ညီစေနော်"

"စိတ်ချပါ ကိုကြီးပွေးစိန်"

"ကျောက်မလုံးကို သတ်တာက ငါမို့လို့ ဒီကိစ္စတွေပေါ်လာရင် ငါပဲခံရမှာ၊ မင်းတို့မခံရဘူးလို့ မထင်နဲ့နော်။ အားလုံး ကြိုးရာပါချည်းပဲ။ ခံရင် အတူတူခံကြရမှာ"

ပွေးစိန်က ကျောက်မလုံးကို သူတစ်ယောက်တည်းသတ်လိုက်တာမို့ ကျန်လူနှစ်ယောက် ပေါ့ပေါ့လေးသဘောထားမှာစိုးပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"စိတ်ချပါ ကိုကြီးပွေးစိန်။ ကျွန်တော်တို့ ရဲဘော်ရဲဘက်တွေပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ပေါ်လည်းမပေါ်စေရဘူး။ လုံခြုံအောင်လည်း နေမယ်''

''အေး. . ငွေတွေကိုလည်း ချက်ချင်းမသုံးနဲ့။ ဗုံးပေါလအောသုံးနဲ့။ ချင့်ချင့်ချိန်ချိန်နေကွာ''

''ကျွန်တော့်ကို စိတ်ချပါ ကိုကြီးပွေးစိန်''

အစီအစဉ်အရ ဖိုးထိန်ပြန်မှ ဖြစ်မည်မို့ ဖိုးထိန်ကို ပြန်လွှတ်လိုက်ကြသည်။ ကျောက်မလုံးမိုးကာကြီးကိုလည်း တစ်နေရာမှာ လွှင့်ပစ်ခဲ့ရန် ဖိုးထိန်နှင့်အတူ ပေးလိုက်သည်။

ဖိုးထိန်ပြန်သွားတော့ ပွေးစိန်နှင့်တိုးအောင် နှစ်ယောက်တည်း ကျန်ရစ်သည်။ နှစ်ယောက်တည်းကျန်မှပင် စိတ်ချောက်ချားလာကြ၏။ အကယ်တော့ လေးတိုင်စင်ပေါ်က ခေါင်းထဲမှာ ကျန်ရစ်သည့်အလောင်းကြီးက ဖမောင်သန်းကြီးအလောင်း မဟုတ်တော့။ ကျောက်မလုံးအလောင်း ဟုတ်လား။

အသုဘဆိုသော်လည်း ညစဉ် ဖဲဝိုင်းများဖြင့် လူအများနှင့် စည်စည်ကားကားနေခဲ့ရ၍ ကြောက်ရလန့်ရမှန်း မသိခဲ့။ အခုလို နှစ်ယောက်တည်းကျန်သည့်အချိန်တွင် ကိုယ်လုပ်ထားသည့်မကောင်းမှုကလည်း ရှိနေတော့ နေမရအောင် စိတ်ချောက်ချားမိ၏။

ကျန်သည့်အရက်များကို ရေမရောဘဲ သောက်ပစ်လိုက်ကာ ရအောင်အိပ်ပစ်လိုက်၏။

အိပ်လို့မရသော်လည်း မကြာခင် ရောင်နီပျို့လာပြီမို့ စိတ်ချောက်ချားသည့်ဒဏ်ကို ကြာကြာမခံလိုက်ရချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းသည်နှင့် ပွေးစိန်က သူကြီးအိမ်ကို သွားသည်။

ညက မိုးရွာ၍ မောင်သန်းကြီးအလောင်းမှ အနံ့အသက်များထွက်လာကြောင်း ပြောသည်။ ယနေ့ပင်သင်္ဂြိုဟ်မှ တော်ကာကျမည်ဟု လောဆော်လိုက်၏။

"ငါ့လခွေး.. ထားချင်တော့လည်း မင်းတို့ ချချင်တော့လည်း မင်းတို့ပါလားဟ"

"ကျုပ်က ဖဲဝိုင်းမက်ပြီး ခုနစ်ရက်ထားခိုင်းတာပါ သူကြီးရာ။ ဖဲဝိုင်းက မဖြစ်တော့ဘူးဗျ။ ညဦးပိုင်းကတည်းက ဝိုင်းသိမ်းသွားတာ။ အကုန်ကျောက်မလုံးတစ်ယောက်တည်းနိုင်သွားလို့ ညကတည်းက ပြန်သွားပြီဗျို့။ လာကစားမယ့်လူလည်း မရှိတော့ဘူး။ အဲဒါကြောင့် ချလိုက်တာပဲ ကောင်းတယ်လို့ လာပြောတာ"

"အေးကွာ.. ဒါဖြင့် နေ့ခင်းလောက်ချဖို့ လုပ်ကြတာပေါ့။ ဘုန်းကြီးကို မင်းပဲဝင်လျှောက်သွားလိုက်။ ကြားလား"

"ဟုတ်ကဲ့ သူကြီး"

ပွေးစိန် ပိပိရိရိနှင့် အပြောကောင်း၍ မည်သူမှ သံသယမဝင်။ နေ့လယ်ပိုင်းမှာ မောင်သန်းကြီးအသုဘကိုချဖို့ တစ်ရွာလုံး ရွာပြင်မဏ္ဍပ်ကို ရောက်လာကြ၏။

လူစုံသည်နှင့် ပွေးစိန်က လောဆော်ကာ အသုဘကို ချစေသည်။

ဘုန်းကြီးငါးပါးက သင်္ချိုင်းဇရပ်တွင် အဆင်သင့်စောင့်နေ၏။

ပွေးစိန်နှင့်တိုးအောင်တို့က ရင်တထိတ်ထိတ်။ သူတို့လုပ်ထားသည့် လုပ်ရပ်က မကြာခင်အချိန်လေးမှာ ပြီးဆုံးတော့မည်။ သည်အချိန်လေးအတွင်းမှာ ကတိမ်းကပါးမဖြစ်ပါစေနှင့်ဟု ဆုတောင်းနေကြရ၏။

အလောင်းကို သရဏဂုံတင်အပြီးမှာ သူကြီးကတော်ကြီးက အော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ငိုလိုက်ကာ..

"အမလေး.. ငါ့သားလေးမျက်နှာကို နောက်ဆုံးကြည့်ပါရစေဦး တဲ့"

တိုးအောင်က..

"အဘွားကြီးတော့ သူကြီးကတော်ပီပီ ပိုပြီ"

ဟု တွေးကာ စိတ်တွင်းမှ ဆဲရေးလိုက်သည်။

ပွေးစိန်က အခေါင်းရှိရာ ကပျာကယာပြေးသွားကာ..

"အရီးရဲ့.. ညက အနံ့တွေသိပ်ထွက်လာလို့ ကျုပ်တို့ အခေါင်းကို ပိတ်ပစ်လိုက်ပြီ။ သံရိုက်လိုက်ပြီ။ မိုးရေထဲမှာ ဒီအတိုင်းထားတော့ ရုပ်လည်းပျက်နေပြီအရီး။ မကြည့်ပါနဲ့တော့ဗျာ။ ကဲ.. လာဗျို့.. လာကြ.. အခေါင်းလာသယ်ကြ"

ပွေးစိန် ဟန်လုပ်ကောင်းလို့ အားလုံးကပင် ယုံကြည်ကြလေ၏။

အရက်မူးအောင်သောက်ထားသော ကာလသားများက အခေါင်းကို ဆွဲထုတ်သွားကြသည်။ အဆင်သင့်တူးထားသော မြေကျင်းထဲ ထည့်လိုက်ကြသည်။

အခေါင်းကို မြေမြှုပ်၊ မှတ်တိုင်စိုက်ပြီးမှပင် ပွေးစိန်နှင့်တိုးအောင် သက်ပြင်းချနိုင်ကြတော့သည်။

မှတ်တိုင်က 'မောင်သန်းကြီး၊ အသက် (၂၄) နှစ်' တဲ့။

မြေပုံထဲက အခေါင်းထဲမှာရှိတဲ့ တကယ့်အလောင်းကောင်ဟာ ကျောက်မီးသွေး (ခေါ်) ခင်ကြိုင်ရဲ့အလောင်းဆိုတာ ဤကမ္ဘာပေါ်မှာ လူသား သုံးယောက်ပဲသိလေသည်။

* * *

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပွေးစိန်တို့၊ တိုးအောင်တို့ သူတို့၏ရာဇဝတ်မှု ပေါ်လေမလား ပေါ်လေမလားနှင့် ရင်တထိတ်ထိတ်ဖြင့် နေလာလိုက်သည်မှာ အချိန်ကာလတွေ ကြာလာသည်။ ကံကောင်းထောက်မစွာ မပေါ်ခဲ့ပေ။

သူတို့ကလည်း အများသံသယမဝင်အောင် ပိပိရိရိနေခဲ့ကြ၏။ သုံးသိန်းကျော်ဆိုသောငွေမှာ တောအရပ်တွင် မနည်းလှ။ ဝင့်ဝါမော်ကြွားလောက်သည့် ငွေအချိုးအစား ဖြစ်သည်။ သို့သော် သူတို့ ပိပိရိရိနေခဲ့ပါသည်။ ဟော့ဟော့ရမ်းရမ်း မသုံးကြ။

သူတို့လိုပဲ ပေါက်ဦးတောရွာမှ ဖိုးထိန်ကလည်း ပိပိရိရိရှိသည်။ ကျောက်မလုံးပျောက်ဆုံးမှုကို သူ့မိန်းမ မအုံးချိုကိုယ်တိုင်က 'ပျောက်သွားတယ်။ အိမ်ပြန်မလာဘူး' ဟုသာ မှတ်ချက်ချခဲ့သည်။ စုံစမ်းခြင်း၊ မေးမြန်းခြင်း မပြုခဲ့။

ယခုဆိုလျှင် သုံးနှစ်ပင်ကြာခဲ့ချေပြီ။

သုံးနှစ်ပင်ကြာပြီဖြစ်သော အမှုတစ်ခုသည် ပေါ်စရာလည်းမရှိတော့။

ပွေးစိန်၊ တိုးအောင်နှင့် ဖိုးထိန်တို့ သက်ပြင်းကိုချကာ အေးအေးဆေးဆေးနေနိုင်ကြပေပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



သူကြီး၏အငယ်ဆုံးသမီး မအေးကြင်သည် အသက်လေးဆယ်ကျော်မှ ကလေးတစ်ယောက်မွေးခဲ့သည်။

ယခင် ကလေးလေးယောက်မွေးဖူးရာ နောက်ဆုံးကလေးကို အသက် (၃၂) နှစ်အရွယ်မှာ မွေးခဲ့ခြင်းဖြစ်၏။ မအေးကြင်က သူ့ကိုယ်သူ သွေးဆုံးပြီ၊ ကလေးမရနိုင်တော့ဟုတောင် ထင်နေသူဖြစ်သည်။ လေးဆယ်ကျော်မှ မွေးလာတော့ အရင်ကလေးတွေနှင့် အသက်ချင်းကွာနေကြ ပေ၏။ အကြီးယောက်ျားလေးနှစ်ယောက်ဆိုလျှင် မောင်သန်းကြီးပိုးထိဆုံး ခဲ့သည့် ရှင်ပြုပွဲတုန်းကပင် ရှင်ပြုပြီးကြပြီ။

ကလေးကို မောင်ချစ်ပိုဟု အဘိုးဖြစ်သူ သူကြီးက မှည့်ပေး၏။ သူကြီးကတော်ကြီးက မွေးလာကတည်းက မောင်ချစ်ပိုလေးကို လူဝင်စား ဟု စွပ်စွဲသည်။ ဘယ်သူဝင်စားမှန်းတော့ မသိသေး။

သည်လိုနှင့် ကလေးက စကားပြောတတ်သောအရွယ် ရောက်လာ၏။ အသက် (၂) နှစ်အရွယ်လောက်မှာ ထူးထူးခြားခြားအပြောအဆိုတွေ ပြောဆိုလာ၏။

တစ်နေ့တွင် အိမ်ရှေ့မှ ကိုပွေးစိန်ဖြတ်သွားရာ မောင်ချစ်ပိုလေးက. .

"ဟော့ကောင်. . ပွေးစိန်" ဟု လှမ်းအော်သည်။

ပွေးစိန်ကိုယ်တိုင်ရော၊ မိဘများပါ အံ့သြသွားကြ၏။

ပွေးစိန်က အိမ်ထဲဝင်မလာပါ။ မောင်ချစ်ပိုလှမ်းခေါ်လိုက်သည် ကို သတိထားမိသော်လည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ မစပ်စုမိ။

မောင်ချစ်ပိုမိဘများက မောင်ချစ်ပိုကို မေးကြသည်။

"သားက ကိုပွေးစိန်ကို သိလို့လား"

"သိတာပေါ့။ ဒီကောင်လူသတ်သမား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

ကလေးစကားမှ သိပ်ပြီးအရေးအရာမထားမိကြသေး။

နောက်တစ်ပတ်ဆယ်ရက်အကြာတွင် မအေးကြင်သည် မော
ချစ်ပိုလေးကိုချီပြီး ယောက္ခမများအိမ်မှပြန်လာရာ လမ်း၌ ကိုတိုးအော
နှင့် ဆုံလေ၏။

"အမေ. . အမေ. . အဲဒီလူ. . တိုးအောင်. . တိုးအောင်. ."

ကိုတိုးအောင်ကို လက်ညှိုးထိုးကာ မောင်ချစ်ပိုက သူ့မိခင်
ပြသည်။

ကိုတိုးအောင်လည်း အံ့သြကာ ကလေးနား ကပ်လာ၏။

"မင်းက ငါ့ကိုသိလို့လား"

ကိုတိုးအောင်က ကလေးကို ပြုံးရွှင်စွာကြည့်ရင်း မေးလိုက်

"သိတာပေါ့။ မင်း. . တိုးအောင်လေ။ လူသတ်သမား"

"ဟင်. ."

ကိုတိုးအောင်မျက်နှာပေါ်က အပြုံးရိပ် ပျောက်သွားသည်။

"အမေ. . ဒီလူ လူသတ်သမားဗျ။ ပွေးစိန်နဲ့ သူနဲ့ အတူတူသ
တာ။ ပေါက်ဦးတောက ဖိုးထိန်လည်း ပါတယ်"

"ဟဲ့. . သား"

တိုးအောင်သည် စကားဆုံးအောင်ပင် မစောင့်တော့ဘဲ တစ်ချ
ဟည်း လစ်ပြေးလေတော့သည်။

မအေးကြင်သည် သည်တစ်ခါတော့ ကလေးစကားကို အလေ
ထားရမှန်း သိလာသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာပဲဖြစ်ဖြစ် ထ
တာတော့ အမှန်။

မအေးကြင်က သူ့မအမေ သူကြီးကတော်ကြီးကိုသို့အကြော



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်သည်။ သို့သော် ကလေးစကား ဘာကိုဆိုလိုမှန်းတော့ သူတို့ သဘောမပေါက်သေး။

❀ ❀ ❀

ပွေးစိန်နှင့်တိုးအောင်တို့ကတော့ နေစရာမရှိတော့ပြီ။

လမ်းတွင် ၂ နှစ်သားအရွယ် မောင်ချစ်ပိုလေးပြောလိုက်သည့် စကားကို တိုးအောင်က ပွေးစိန်ကို ပြေးပြောသည်။ ပွေးစိန်လည်း ကြားခင်က မောင်ချစ်ပိုက သူ့ကို 'ပွေးစိန်' လို့ ရွယ်တူချင်းလို လှမ်းခေါ် လိုက်တာကို သတိရမိသည်။

သုံးနှစ်လုံး သဲလွန်စတစ်စွန်းတစ်စပင်မပေါ်ဘဲ ပိပိရိရိနေလာခဲ့ သမျှ ဒီကလေးနှင့်ကျမှ ဒုက္ခရောက်ရတော့မလို ဖြစ်နေသည်။

"ဒါဆိုရင် သူကြီးမြေးဟာ ကျောက်မလုံးဝင်စားတာပေါ့"

"အဲဒီလိုပဲဖြစ်မှာပေါ့ ပွေးစိန်။ မင်းစဉ်းစားကြည့်လေ။ မင်းနဲ့ငါနဲ့ အ လူသတ်သမားတဲ့။ ပေါက်ဦးတောက ဖိုးထိန်လည်း ပါတယ်တဲ့။ အဲ..အသက်နှစ်နှစ်အရွယ်ကလေးက ဒါတွေ ဘယ်လိုသိမှာလဲ။ ဟိုကိစ္စ ကို သူသိနေမှတော့ ကျောက်မလုံးဝင်စားတာပေါ့"

"ဒုက္ခပါပဲကွာ"

❀ ❀ ❀

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပွေးစိန်တို့ ကံကောင်းနေသေးသည်ဟု ဆိုရမည်ပင်။

မောင်ချစ်ပိုက လူသတ်သမားပါဟု တော့တော့ဆိုင်ဆိုင်စွပ်စွဲပြော ဆိုသော်လည်း ဘယ်သူကမှ စေ့စေ့စပ်စပ်မမေးမိကြ။ ကလေးစကားမို့ အလေးမထားတာလည်း ပါသည်။

သို့သော် တစ်နေ့ ဟိုဘက်ရွာက ကထိန်ကိုအသွားမှာ မောင်ချစ်ပို စကားများကို အလေးထားစရာအဖြစ်နှင့် ထပ်ကြုံရပြန်သည်။

ကထိန်မှ အပြန်လမ်းတွင် ဖြစ်သည်။

မောင်ချစ်ပိုကို သူ့ဖခင်ကိုသန်းကျော်က ချီလာ၏။ မအေးကြင် က ဘေးမှလိုက်လာသည်။ ကလေးအကြီးလေးယောက်လည်း ပါသည်။ ကလေးများက ရှေ့မှ ပြေးရင်းလွှားရင်း၊ ဆော့ရင်း သွားနှင့်ကြလေ၏။

ရွာအနီး ရေးဟောင်းရေတွင်းပျက်ကြီးနားအရောက်တွင် မောင် ချစ်ပိုက ရေတွင်းပျက်ကြီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"ဟိုထဲမှာ ကျွန်တော့်အလောင်းရှိတယ်"

"ဘာ. ."

ကိုသန်းကျော်သည် လမ်းလျှောက်နေရာမှ တန့်သွား၏။ မအေး ကြင်ကလည်း မောင်ချစ်ပိုစကားကို သဲသဲကွဲကွဲကြားလိုက်ကာ လက်ညှိုး ထိုးပြရာသို့ ကြည့်လိုက်သည်။

"ငါ့သား ချစ်ပို. . မင်းဘာပြောတာလဲ"

"ဟောဟိုရေတွင်းပျက်ထဲမှာ ကျွန်တော့်အလောင်းဗျ။ ပွေးစိန် တို့တွေ ပစ်ချထားတာ"

"ဟော. . ဒါဖြင့် မင်းက ဘယ်သူတုံး"

"မောင်သန်းကြီးလေ. . ကျွန်တော် မောင်သန်းကြီး။ ဒေါ်ဘိုးညို့ အိမ်မှာ နေခဲ့တဲ့ မောင်သန်းကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"အမလေး.."

"မင်း မောင်သန်းကြီးဆိုရင် မှားနေပြီငါ့သား။ ငါတို့က မောင်သန်းကြီးကို ကောင်းကောင်းမွန်မွန်သဂြိုဟ်ပေးခဲ့တာပဲ။ ရွာသုသာန်မှာ သဂြိုဟ်ခဲ့တာလေ"

"အဖေတို့ မှားနေပြီ။ အဲဒါ ကျွန်တော့်အလောင်း မဟုတ်ဘူး"

"ဘာကွ.."

"ပွေးစိန်တို့ ယုတ်မာထားတာဗျ။ ဒီကောင်တွေ လူသတ်သမားတွေ"

"အစ်ကို..ချစ်ပိုလေး ဒီစကားပြောတာ ဒါနဲ့ဆို သုံးခါရှိပြီ" မအေးကြင်က ဝင်ပြောလိုက်သည်။

"အေးလေ..တစ်ခါ ပွေးစိန်ကို လှမ်းအော်ခေါ်ပြီး ပြောလိုက်တာ ငါ့ရှေ့တင်ပဲ"

"သား..ချစ်ပို..မင်းဟာ တကယ်ပဲ မောင်သန်းကြီးလား"

"ဟုတ်ပါတယ်ဆို။ အမေကလည်း.."

"ဒါပေမဲ့ မင်းက ပွေးစိန်တို့ကို လူသတ်သမားတွေလို့ ပြောခဲ့တယ်။ မင်းသေရတာက ပိုးထိလို့လေ ငါ့သားရယ်"

"ဒါတွေ ကျွန်တော်အကုန်မှတ်မိပါတယ်။ သူတို့သတ်တာက ကျွန်တော့်ကို မဟုတ်ဘူးဗျ"

"ဟင်.."

"ဒါဆိုရင် မင်းအကြောင်းပြောပြစမ်း ငါ့သားရယ်"

မောင်ချစ်ပိုက ပြန်ပြောပြရာ သေသူမောင်သန်းကြီးဘဝက အမြင်များ ဖြစ်နေသည်။ သူ့အလောင်းနှင့် ကျောက်မလုံးလောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲထည့်ခဲ့ပြီး သူ့အလောင်းကိုတော့ ရေတွင်းပျက်ထဲ ပစ်ချထားခဲ့သည့် အကြောင်း မကျေမနပ်ပြောပြသည်။

သူမကျေနပ်တာက မောင်သန်းကြီးအတွက် ရည်ရွယ်ပြီး ဝေခဲ့တဲ့ အမှုကုသိုလ်ကို မရခဲ့သောကြောင့်ဟု ဆိုလေသည်။

❋ ❋ ❋

မောင်ချစ်ပိုပြောပြသောဇာတ်ကြောင်းက တစ်ခဏချင်းပင် ရွာထဲသို့ ပျံ့လွင့်သွားသည်။ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူး အငြင်းပွားစရာတွေ ဖြစ်လာသည်။

ဖြစ်ရပ်က သူကြီးမိသားစုနှင့် တိုက်ရိုက်ပတ်သက်နေသည်မို့ ဟုတ်၊ မဟုတ်ကို ချက်ချင်းစုံစမ်းကြသည်။

သချိုင်းထဲက မြေပုံအလောင်းကို ပြန်ဖော်ဖို့က သူကြီးဆန္ဒပါမှ နှင့် မဖြစ်နိုင်သည်မို့ ရေတွင်းပျက်ထဲက အလောင်းဆိုတာကိုပဲ တကယ်ဟုတ်၊ မဟုတ် ကြည့်နိုင်ကြသည်။

တကယ်ပင် ရေတွင်းပျက်ထဲမှာ လူသေအလောင်းတစ်လောင်းကို တွေ့ရသည်။ အလောင်းဆိုသော်လည်း အရိုးကျနေပြီဖြစ်၍ မည်သူမည်ဝါ့အလောင်းဆိုတာတော့ မသိတတ်နိုင်တော့ပြီ။

သူကြီးက ကျေးရွာအုပ်စုရဲကင်းကို အကြောင်းကြားဓော်။ သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



က အလောင်းကို ပြန်ဖော်ကြည့်ဖို့လည်း ခွင့်တောင်းသည်။

လူဝင်စားလိုလို ပူးပြောသလိုလို ပြောသည့် ကလေးစကားသည် သက်သေခံမဝင်သော်လည်း ရေတွင်းပျက်ထဲက အလောင်းကို တွေ့ထားသည့်အကျိုးဆက် ရှိနေ၍ ရဲစခန်းက စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးသည်။

ရွာသူသားနှက မောင်သန်းကြီးမြေပုံကို လူကြီးစုံရာရှေ့မှာ ပြန်ဖော်ကြသည်။ အလောင်းမှာ သုံးနှစ်ကြာပြီဖြစ်၍ အရိုးကျနေပြီဖြစ်သော်လည်း ခေါင်းထဲမှ အလောင်းမှာ ကျောက်မလုံးအလောင်းဖြစ်ကြောင်း သိသာထင်ရှားသည့် အထောက်အထားများ တွေ့ရလေ၏။ အထူးသဖြင့် ကျောက်မျက်လုံး။ ကျောက်မျက်လုံးကြီးကို 'အကောင်းပကတိအတိုင်း ခေါင်းကြွမ်းပြင်မှာ တွေ့ရသည်။

သည်အချိန်တွင် ရွာ၌ ပွေးစိန်ရော၊ တိုးအောင်ပါ မရှိကြတော့။ မောင်သန်းကြီးမြေပုံကို ပြန်ဖော်မည်ကြားသည်နှင့် ပြေးကြပြီ။ သူတို့က မောင်ချစ်ပိုရှေ့ဦးပြောသည့် စကားများအရ မောင်ချစ်ပိုကို ကျောက်မလုံးဝင်စားသူဟု ထင်ထားခဲ့ကြသည်။ အကြောင်းစုံဖော်ပြောမှ မောင်ချစ်ပိုမှာ မောင်သန်းကြီးဝင်စားသူဖြစ်မှန်း သိရတော့၏။

မောင်ချစ်ပိုက မောင်သန်းကြီးဘဝတုန်းက သူ့အလောင်းကို ပွေးစိန်တို့ မလေးမခန့်လုပ်ခဲ့သည့်အပေါ်မှာ မကျေနပ်ခြင်းဖြစ်သည်။

အလောင်းနှစ်ခုလုံးကို တိုက်ဆိုင်ကြည့်ချက်အရ မောင်ချစ်ပို လေးပြောသမျှ အမှန်ဖြစ်နိုင်ကြောင်း သိလာရသည်။

ရဲကင်းမှ တာဝန်ရှိဒုရဲအုပ်က အဖြစ်အပျက်အပေါ်မှာ မကျေ လည်လှပေ။ လူဝင်စားဆိုသူ ပြောသောစကားကို အတည်ယူ၍ ရနိုင်။ တရားရုံးတွင် သက်သေခံမဝင်ပေ။ ဒါနှင့်ပဲ အဖြစ်ရှိသူသင်္ချိုင်းယာက်ကို



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးခွင့်မရဘဲ လွှတ်ပစ်ရတော့မည်လား။

ဒုရဲအုပ်ကိုဝင်းစိုးဆိုသူက မောင်ချစ်ပိုပြောသော အဖြစ်အပျက်သည် အမှန်ဖြစ်ပါက ဥပဒေအတိုင်း တရားခံများကို အရေးယူနိုင်အောင် နည်းလမ်းတကျဆောင်ရွက်ခဲ့လေသည်။

❀ ❀ ❀

ဒုရဲအုပ်ကိုဝင်းစိုးက ကျောက်မလုံးခင်ကြိုင်၏ဇနီး မအုံးချိုနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ အကျိုးအကြောင်းပြောပြကာ လွန်ခဲ့သောသုံးနှစ်က ဖိုးထိန်နှင့်အတူ ရွာမှထွက်သွားရာမှ ကျောက်မလုံးပြန်မလာကြောင်းကို အမှုဖွင့်ခိုင်းသည်။ မအုံးချိုက မြို့နယ်ရဲစခန်းတွင် လူပျောက်တိုင်ကြားခဲ့သည်။

မအုံးချို၏ လူပျောက်တိုင်ကြားချက်အရ ဖိုးထိန်ကို မြို့မှ ရဲစခန်းသို့ ခေါ်စစ်ခဲ့၏။ ဖိုးထိန် အမှန်အတိုင်းထွက်ဆိုခဲ့ရသည်။ ဖိုးထိန်၏ထွက်ချက်များက မောင်ချစ်ပိုလေးပြောသမျှနှင့် တစ်သဝေမတိမ်း တူနေ၏။ သူတို့သုံးယောက် ကျောက်မလုံးခင်ကြိုင်ကိုသတ်၍ မောင်သန်းကြီးနှင့် အလောင်းချင်းလဲပြီး ငွေတွေခွဲယူခဲ့တာ အားလုံးပေါ်သွားသည်။

စခန်းက ပွေးစိန်နှင့်တိုးအောင်တို့ကို စုံစမ်းရှာဖွေခဲ့ရာ အနီးအပါးရွာများတွင် တကွဲစီတိမ်းရှောင်နေသော တရားခံနှစ်ယောက်ကို

www.burmeseclassic.com



တစ်ပတ်အတွင်း ဖမ်းမိလေသည်။

တရားခံသုံးဦးလုံး၏ ဝန်ခံချက်အရ တရားရုံးသို့ တရားစွဲဆို တင်ပို့နိုင်ခဲ့၏။

စီရင်ချက်ချရာတွင် ပွေးစိန်က ထောင်ဆယ်နှစ်နှင့် တိုးအောင်နှင့်ဖိုးထိန်က ထောင်ခုနစ်နှစ်စီ အသီးသီးကျသွားကြသည်။

* * *

မောင်သန်းကြီး၏ အရိုးများကို ရွာသင်္ချိုင်းတွင်း နေရာတစ်နေရာ၌ ထပ်မံသင်္ဂြိုဟ်ပေးခဲ့ပါသည်။ မေတ္တာပို့ အမျှအတန်းဝေပေးခဲ့သည်။

ထိုသို့ပြုလုပ်ပေးပြီးနောက်ပိုင်း မောင်ချစ်ပိုလေး ထိုအကြောင်းကို မပြောတော့ပေ။

ဘယ်လိုမေးမေး မေး၍မရတော့။ ပြောလည်းမပြောသည့်အပြင် ဘာမှမသိတော့ချေ။

သည့်တင် မောင်သန်းကြီး၏အလောင်းကို ရေတွင်းထဲသို့ ပစ်ချခဲ့သည့်အကြောင်း ပြောခြင်းမှာ လူဝင်စားဖြစ်၍ ပြောခြင်းလား၊ မောင်သန်းကြီး၏ဝိညာဉ်က မကျွတ်မလွတ်ဖြစ်၍ ပြောခြင်းလားဆိုတာ ငြင်းခုန်စရာ ဖြစ်လာလေသည်။

လူဝင်စားဖြစ်လျှင် ယခုလည်း မှတ်မိနေရမည်။ ပြောနိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မောင်ချစ်ပိုသည် မောင်သန်းကြီးသေပြီးနောက်ပိုင်းအကြောင်း
များကိုသာ ပြောခဲ့ခြင်းဖြစ်သည်။ အသက်ရှင်စဉ်က အကြောင်းများကို
မပြောခဲ့ဖူးပေ။

ထို့ကြောင့် မောင်သန်းကြီးအဖြစ်နှင့် သူ့အလောင်းကို မယော
မခန့်လုပ်ခဲ့ခြင်းအား လူတွေသိစေချင်၍ မောင်ချစ်ပိုလေးကို ပူးပြောခြင်း
သာဖြစ်သည်ဟု ထင်ကြေးပေးကြ၏။ သူ့အလောင်းအတွက် နေရာတင်
နှင့် အမှုအတန်းပေးပြီးသည့်အခါ မောင်သန်းကြီးကျွတ်လွတ်သွားပြီ
ထို့ကြောင့် မောင်ချစ်ပိုကို မပူးတော့ခြင်းဖြစ်မည်ဟု သတ်မှတ်ကြ

မည်သို့ဆိုစေ အဖြစ်အပျက်က ထူးဆန်းသည်နှင့်အမျှ သံသ
ယူစရာတွေ ပါရှိနေ၍ ဂုံညင်းတန်းရွာနှင့် အနီးအပါးရွာများအား
ထိုအဖြစ်ကို နှစ်အတော်ကြာသည့်တိုင် ပြောမဆုံးနိုင်ဖြစ်နေကြရလေသည်

အမှုမှန်ပေါ်ပေါက်ရတာဟာ မောင်ချစ်ပိုလေး လူဝင်စားဖြစ်
လား၊ မောင်သန်းကြီး၏ မကျွတ်လွတ်သော နာနာဘာဝဝိညာဉ်က
ပူးပြော၍လား ဆိုသည်ကိုပါ ငြင်းခုံဆွေးနွေးလို့မဆုံးနိုင်အောင် ဖြစ်
လေတော့၏။ ။

* * *

(ဝန်ခံချက်။ ။ ဖြစ်ရပ်မှန်ကို မှီငြမ်းရေးသားပါသည်)

ဆောင်းလု

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စလုံးမြို့က ညတစ်ည

<၁>

ကျွန်တော် နစ်ဆန်းတိုယာတာဒိုင်နာကားရဲ့ လီဗာကို မြှင့်လိုက်သည်။ ကျွန်တော့်နံဘေးမှာ ထိုင်လိုက်လာတဲ့ စက်ပူနိုင်ငံသား အလုံ (လီရှောင်လုံ)က ဖြည်းဖြည်းမောင်းပါမစ္စတာထွန်းရာလို့ သတိပေးနေပေမယ့် ကျွန်တော် လီဗာကို လျှော့မချ။

ရှေ့မှာ မိုးက ညို့ပြီး လေများတိုက်ခတ်စပြုလာပြီ။ သွားရမည့်ခရီးက တစ်နာရီနီးပါးခန့် လိုသေးသည်။

အချိန်က မှောင်ရီသန်းစ။

မိုးအုံ့ပြီး ညို့မည်းနေသဖြင့်ဝန်းကျင်တစ်ခုလုံးက ပိုနဝင်မှောင်စ



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေသည်။ သူဌေးက (၆) နာရီအရောက်ပြန်လာခဲ့ဟု ပြောထား၏။

မနက်ဖြန် သူဌေး၏တိုက်ခန်းအသစ်အတွင်း မျက်နှာကြက်အတွက် စီးလင်းဖိုင်ဘာများနှင့် တိုင်ကပ်ကြွေပြားများကို စီရန်ဂွန်း (Serangoon) မှ ကျွန်တော်သွားဝယ်၍ သယ်လာခဲ့သည်။

ကျွန်တော့်သူဌေး မစ္စတာလင်းက လူတစ်မျိုး။

တာဝန်တစ်ခုပေးလိုက်လျှင် လုပ်ငန်းခရီးစဉ်နှင့်အချိန်ကို တွက်၍ ခိုင်းလေ့ရှိသည်။ ပြောရလျှင် အလုပ်ချိန်ကို တိကျလေးစားသူဖြစ်၏။

အဲဒီလို တိကျလေးစားလွန်း၍ ကန်ထရိုက်လောကမှာရော၊ သွင်းကုန်ပို့ကုန်လုပ်ငန်း လောကသားများအလယ်မှာ ရှင်လူပြိုင်ဖက်များ၏ လေးစားမှုနှင့် စောင့်ကြည့်မှုများကို ခံယူရရှိခဲ့သည်။

တပည့်သားမြေးများကိုလည်း လစာကောင်းကောင်းပေးထား၏။ စည်းကမ်းလိုက်နာဖို့နှင့် လူ့ကျင့်ဝတ်ကို လေးစားဖို့လည်း အမြဲပင် ဆုံးမ၏။

ပြီး‥ သူက ဘာသာရေးသမား။

ဗေဒင်၊ လက္ခဏာလည်း ယုံကြည်၏။ ရတနာသုံးပါးလည်း မြဲမြံ၏။ လှူသင့်လှူထိုက်သူများကို ရက်ရက်ရောရောလှူလေ့ရှိ၏။

ရှိသေအပ်သူ၊ လေးစားအပ်သူများကို ပုဂ္ဂိုလ်မရွေး ရှိသေလေးစား၏။

ထို့ကြောင့်‥

သူ့ကို လူချစ်လူခင်ပေါများ၏။ အရေးအကြောင်းရှိလျှင် ကူညီသည့်သူ အများအပြားရှိ၏။

သူသည် လိမ်ညာခြင်းကို လုံးဝမကြိုက်။

အကျိုးနှင့်အကြောင်းကို အမှန်အတိုင်းပြောမှ ဝန်ခံမှ ကြိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေစဉ်မှာပဲ မိုးများက ဝေါခနဲရွာချလာ၏။ ခုမှ ဘူ
(Bukit) ပဲ ရောက်သေးသည်။

ဒါ. . . ဘူကစ်တီမာနယ်အပိုင်။

ကျွန်တော်တို့သွားရမှာက ဂျူရောင်း (Jurong)။

တစ်နာရီခန့် မောင်းရဦးမည်။

"အရှိန်လျှော့ပါကွ။ မိုးသိပ်ရွာနေတယ်"

"ရပါတယ်ကွာ. . ။ မောင်းနေကျပါ"

သည်လိုနှင့် ဘူကစ် (Bukit) မှ ဂျူရောင်း (Jurong) သို့ အ
ရောက်ရန် စက်ဘူ၏ရှေးခေတ်လက်ကျန် ကိုးဆယ့်ကိုးကွေ့ရှိသေ
တောလမ်း လေးအတိုင်း မောင်းလာခဲ့ရာ ဘူကစ်ပတုတ် (BukitBato
ဧရိယာကို ကျော်ခါနီး ကားရှေ့ခပ်လှမ်းလှမ်းမှာ လူရိပ်လို
ဗိုးတဝါးမြင်လိုက်ရ၍ ကားဘရိတ်ကို နင်းချလိုက်သည်။

"ကျွီ. . ကျွီ. . ကျွီ. ."

"တောက်. . သေတော့မှာပဲ"

ကားသည် အရှိန်နှင့် ဘရိတ်ကြောင့် အနည်းငယ်စောင်း
ရပ်သွား၏။ သည်မှာပဲ ရေသုတ်တံမှန်ရှေ့၌ လူတစ်ဦးကို မြင်လိုက်ရသ

မိုးကား ရွာကောင်းတုန်း။

လူကြီးကား ထီးစုတ်ကြီးကို ဆောင်းထား၏။

ဆံပင်ကောက်ကွေး ဖားလျား၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်း
အပြိုင်းအရိုင်းနှင့် ဆာဒူးလိုလို ကုလားအဘိုးကြီး။ အသားအရေ
မည်းတူးညစ်ပတ်လို့။

အဝါရောင်လိုလို၊ ယောဂီရောင်လိုလို ဝတ်စုံနှင့်။

လည်ပင်းပေါ်တွင်လည်း အလုံးကြီးလှသည့် ပုတီးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ခြေထောက်မှာ ဖိနပ်လည်း မပါ။

အဝတ်ထုပ်လိုမျိုး အထုပ်တစ်ခုကို ချိုင်းကြားတွင် ညှပ်လွယ်ထား၏။

ကျွန်တော် သူ့ကိုမြင်သော် အတော့်ကို ဒေါ်ပွသွားခဲ့၏။

"အဘိုးကြီး . . ခင်ဗျားသေချင်လို့လား။ ဟုတ်လား"

အဘိုးကြီးပုံစံက အတော့်ကိုချမ်းတုန်နေပုံရ၏။

"မသေချင်ပါဘူး လူကလေး။ ကျွန်ုပ် ရှင်ချင်ပါတယ်"

"ရှင်ချင်ရင်၊ မသေချင်ရင် ကားလမ်းနံဘေးမှာ ရပ်နေရတယ်"

"ကျွန်ုပ် အကူအညီအရမ်းလိုချင်လို့ပါ လူကလေးရယ်"

"ဘာအကူအညီလဲ။ မြန်မြန်ပြောဗျာ။ ရှုပ်ကိုရှုပ်တယ်။ ပိုက်ဆံလား . . ပြော . ."

"ပိုက်ဆံမဟုတ်ပါဘူး လူကလေး။ ကျွန်ုပ် လူကလေးတို့ကားနဲ့ ဂျူရောင်း(Jurong)ကို ခရီးကြုံလိုက်ချင်လို့ပါ"

"ဟာ . . မရဘူး။ တင်စရာနေရာလည်း မရှိဘူး"

နောက်ခန်းတွင် ကြွေပြားများနှင့် အိမ်မိုးမျက်နှာကြက်များ အတော်များများတင်ထား၍ ထိုင်စရာမရှိ။ ပြီး . . ဘာလိုလိုညာလိုလို လူမျိုးကို ကျွန်တော်မယုံကြည်။ ရောရောယှက်ယှက်လည်း မလုပ်ချင်။

"ဖြစ်သလိုထိုင်ပြီး လိုက်ပါ့မယ် လူကလေး"

"မရဘူး . . ။ ဘေးကိုဖယ် အဘိုးကြီး။ ဂျောင်း . . ဂျောင်း . ."

"လူကလေး . . ကျွန်ုပ် . . တောင်း . . ပန် . ."

"ရှူး . . ရှူး . ."

"ဂျောင်း . . နိမ်းပေး . . ဂျောင်း . ."

ကျွန်တော် စိတ်တိုတိုနှင့် ကားလီဗာကိုနင်းလိုက်သည်။ ကားက



www.burmeseclassic.com

www.burmeseclassic.com



ဘီးလိမ့်၍ ဆောင့်ပြီး ရွေ့သည်။ သည်မှာ ဆာဒူးလိုလို၊ အရှူးအနှမ်းလိုလို အဘိုးကြီးက ကားခေါင်းဘေးမှ နောက်ကြည့်မှန်ကိုကိုင်ပြီး ဘေးတိုက်အပြေးလိုက်၍ အော်ပြောနေသည်။

"လူကလေး . . ကျုပ်မေတ္တာရပ်ခံပါရစေ"

"ကျောင်း . . ကျောင်း . ."

"လူ . . က . . လေး . ."

"ရူး . ."

လီဗာကို ဖိ၍နင်းလိုက်သောအခါ ကားနံဘေးက ၎င်းအဘိုးကြီးကို တိုက်မိသွားပြီး သူ လမ်းနံဘေးသို့ လွင့်စဉ်သွားတော့၏။

"ဟာ . . မစွတာထွန်း။ တိုက်မိသွားပြီ။ ဒုက္ခပဲ"

"တောက . . . ဒုက္ခပေးတဲ့ အဘိုးကြီးကွာ"

ကျွန်တော် ကားတံခါးကိုဖွင့်၍ ခေါင်းငဲ့ကြည့်လိုက်သောအခါ ဆာဒူးလိုလို၊ အရူးလိုလို၊ ယောဂီလိုလို ကုလားအဘိုးကြီးသည် လမ်းနံဘေး ရေပွက်တွင် လဲကျနေ၏။ သူသည် အညစ်အကြေးပေလူးလူးနှင့် ကုန်းထပြီး မွန်းပုံဒဏ်ရာများကိုပွတ်ရင်း ကျွန်တော့်ကို ကားရပ်ပေးပါရန် ပြောနေ၏။

သည်မှာပဲ ကျွန်တော် ကွမ်းတံတွေးပေကျံနေသည့် ဒေါ်လာရာတန်တစ်ရွက်ကိုထုတ်၍ ကားမောင်းသွားရင်း သူ့ရှေ့သို့ ပစ်ချပေးခဲ့၏။

"နောက်ကားနဲ့သာလိုက်တော့ အဘိုးကြီး"

"ကောင်လေး. . ."

အဘိုးကြီးက အရှိန်နှင့်ထွက်နေသည့် ကားနောက်သို့ ပြေးလိုက်၏။ မိုးကား ရွာကောင်းနေဆဲ။ အဘိုးကြီး ၎င်းငွေတစ်ရာနှင့် နောက်ကား တွေ့နိုင်ကောင်းပါရဲ့။

* * *

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ၂

ကားသည် မိုးရွာထဲတွင် တရိပ်ရိပ်ပြေးနေ၏။ ကားလမ်းကြောင်းသည် ရှင်းနေသည်။ ဘူဂစ်မှ ပါစာပန်ဂျန်းတောလမ်းအတိုင်းဖြတ်လာခဲ့ရာ ထိုလမ်းမှာ တောင်ကုန်းလမ်းဖြစ်ပြီး သစ်တောများ ထူထပ်စွာပေါက်နေ၏။ စစ်တပ်မှလွဲ၍ အခြားဘာမျှမရှိ။ ကွေ့ပေါင်း ကိုးဆယ့်ကိုးကွေ့ရှိပြီး အင်္ဂလိပ်ခေတ်ကတည်းက ဖောက်ထားခဲ့သောလမ်းဖြစ်သည်။ စက်ဘာပူအစိုးရက သမိုင်းဝင်အဖြစ် ထိန်းသိမ်းထားဆဲဖြစ်သည်။ တစ်ခါတစ်ရံ မျောက်များဒူးရင်းသီးစားနေသည်ကို သူဒွေးနှင့်အတူဖြတ်သွားစဉ်က မြင်ခဲ့ရဖူးသည်။

ခရီးသည်ပို့ဆောင်ရေးကားများ သွားလာသော နေရာမဟုတ်။ ကိုယ်ပိုင်ကားအချို့သာ တစ်စီးတလေတွေ့ရသည်။

သည်လိုနှင့် ဘူဂစ်မှအထွက် တံတားတစ်ခုသို့ ရောက်သောအခါ..

"ကျွီ..ကျွီ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဟာ . ."

"ဟ. . ဟ . ."

"ကျွိ. .ကျွိ. .ကျွိ. ."

"ဘုရား. .ဘုရား. ."

တော်ပါသေးရဲ့။ ကျွန်တော်တို့ကားသည် စလစ်ဖြစ်ပြီး တံတားဦးကိုဝင်တိုက်ရန် အခြေအနေအရောက် ကျွန်တော် ဘရိတ်ကို အားကုန်ဖိ၍နင်းချလိုက်သည်။ ကားသည် ငယ်သံပါအောင်မြည်ရင်း တံတားထိပ်နှင့်တိုက်မိရန် တစ်ပေခန့်အကွာတွင် ရုတ်ခြည်းရပ်သွားခဲ့၏။

"ဟူး. . တော်ပါသေးရဲ့ မစွတာထွန်းရာ။ ဒါကြောင့်ပြောတာပေါ့ကွ။ ဖြည်းဖြည်းမောင်းပါဆို။ ကနီနား. ."

"သူ့ရှေ့ဆူမှာ စိုးလို့ကွ"

"မိုးရွာနေတာဉစ္စာ။ ဆူဆူကွာ"

ကျွန်တော် ကားကို နောက်ပြန်ဆုတ်လိုက်ပြီး (P.I.E) ဟိုင်းဝေးလမ်းပေါ်သို့ မောင်းတင်လိုက်သည်။ သည့်နောက် တစ်နာရီ ကီလို (၈၀) နှုန်းနှင့် မောင်းလာလိုက်သည်။

ကောင်းကင်မှာ မိုးက ရွာကောင်းနေဆဲ။

လေပြင်းများကလည်း တိုက်ကောင်းနေဆဲ။

လျှပ်စီးများတဝင်းဝင်းလက်၍ ကားကိုမနည်းထိန်းမောင်းနေရ၏။ လျှပ်စီးလက်တိုင်း မျက်လုံးများပြာ၍ အမြင်ဝါးဝါးသွား၏။

တစ်ချက်တစ်ချက် မိုးကြိုးက ပစ်လိုက်သေးသည်။

မိုးကြိုးပစ်လိုက်လျှင် မြေကြီးက သိမ့်ခနဲဖြစ်ဖြစ်သွားသည်။

ကျွန်တော့်နံဘေးမှ အလုံက ဘုရားစာများ အဆက်မပြတ်ရွတ်၍နေ၏။ လမ်းကြောင်းတစ်လျှောက် မိုးကြိုးများ ငါးကြိမ်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ကျွန်တော့်ကားကိုများ ပစ်လိုက်လေမလား ဟု ဆင်လိုက်ရ၏။

ကားသာ မောင်းနေရသည်။ လူက ခပ်လန့်လန့်။

ထိုစဉ် ရှေ့မှ ကုန်တင်ကားကြီးတစ်စီး လာနေ၏။ ကုန်တင်ကား ကြီးက မီးထိုး၍ မောင်းလာနေ၏။

ကျွန်တော်လည်း မီးဖွင့်၍ အချက်ပြ၏။

သို့သော် ကုန်တင်ကားက မီးပြန်မမှိတ်ဘဲ အရှိန်ပြင်းပြင်းနှင့် မောင်းချလာရကား တိုက်မိမလိုဖြစ်သွားသည်မို့ ကားကို ညာဘက်သို့ဆွဲ ချလိုက်သောအခါ . .

"ဟာ. . ."

"ဟာ. . ."

"အမလေး . . သွားပဟ . ."

ကျွန်တော့်ကားသည် အရှိန်များ၍ ဟန်ချက်ပျက်သွားပြီး တစ် ဘက်နိမ့်သွားကာ လမ်းဘေးသို့ ကားရှေ့ဘီး ထိုးစိုက်ကျအသွား . . ။

ကံကောင်းလေရဲ့။

ကားကို နောက်ကနေ တစ်စုံတစ်ဦးဆောင့်ဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရပြီး တိမ်းမှောက်လုအခြမ်းဘက်မှ တစ်စုံတစ်ဦးက ကားဦး ခေါင်းကို အားသန်သန်နှင့်တွန်းချပေးလိုက်သလို ခံစားလိုက်ရကာ ကား သည် ကံကြီး၊ ကံကောင်းစွာ လမ်းမပေါ်သို့ ပြန်ရောက်သွားခဲ့လေ၏။

"ဘုရား . . ဘုရား . ."

အလုံက နဖူးမှချွေးများကိုသုတ်ရင်း ဘုရားပဲ တ,နေလေ၏။

"မစ္စတာထွန်း . ."

"အင် . .ဟင် . .ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းမမောင်းနဲ့တော့။ 'မင်းလုပ်ပုံနဲ့ဆို ငါတို့ လမ်းမှာတ
ကားမှောက်ပြီး သေရလိမ့်မယ်။ ဖယ် . .ဖယ် . .ငါမောင်းမယ်"

"ရမလား အလုံ"

"ရတယ်။ ဖယ် . ."

ကျွန်တော် ကတုန်ကယင်နှင့် နေရာဖယ်ပေးလိုက်သည်။ ကာ
ဒရိုင်ဘာနေရာသို့ အလုံက ဝင်လိုက်၏။

သည်အချိန်မှာ ဘရက်ဒယ်(Braddell) မှ ဘုရားစေတီကြီး
ခပ်ပျပျမြင်နေရပြီး အလုံသည် ခပ်လှမ်းလှမ်းတွင် မြင်ရသည့် မှုန်မှု
ဘုရားကြီးကို လက်စုံမိုး၍ ဦးတော်တင်လိုက်၏။

ငင်းနောက် ကျွန်တော်တို့ကား၏ စတီယာတိုင်ကို ဦးခို
ကန်ပေဘ့လိုက်ပြီး ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ ကားကို ဖြည်းဖြည်
နှင့်မှန်မှန် မောင်းလာလိုက်လေသည်။

နာရီဝက်ခန့်မောင်းပြီးသောအခါ ကျွန်တော်တို့ သူဌေးမစွတ
လင်း၏ ခြံဝန်းကြီးထဲသို့ ရောက်ခဲ့၏။

မီးရောင်များ ခြံထဲတွင် ထိန်ထိန်လင်းနေသည်။

ကားကို အခြားကားများဝန်းကျင်တွင် ထိုးရပ်ထားလိုက်သည်
မိုးကား စဲလေပြီ။ ရင်တုန်မပြေသေး၍ ခြံစောင့်ကြီးထံမှ ကော်ဖီတစ်ခွ
ယူသောက်ပြီး ငါးမိနစ်ခန့် အမောဖြေလိုက်၏။

မကြာခင် သူဌေးရှိနေသည့် တိုက်အပေါ်ထပ်မှ မှန်ပြတင်းတံ
တစ်ချပ် ပွင့်လာပြီး သူဌေးကို မြင်လိုက်ရသည်။

ကျွန်တော် လက်နှိပ်မီးကိုယူပြီး ကားနောက်မှာပတ်ထားသ
တာလပတ်ကြိုးနှစ်ခုကို ဖြေရန် ပြင်လိုက်သည်။

"ဟင် . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မစွတာထွန်း . .။ ဘာဖြစ်လို့လဲ"

ကျွန်တော့်အသံကြောင့် အလုံ အနီးသို့ရောက်လာ၏။

"ဘာဖြစ်လို့လဲ . . ။ ပစ္စည်းတွေ ကျိုးကွဲကုန်ပြီလား"

"မဟုတ်ပါဘူး။ တာလပတ်ကြိုးတစ်ချောင်း ပြေနေလို့"

"မင်း သေသေချာချာမချည်လို့ ကားဆောင့်ရင်း ပြေသွားမှာ ပေါ့"

"ဟုတ်မလား မသိဘူး"

"ပစ္စည်းတွေကို စစ်ကြည့်စမ်း"

ကျွန်တော် တာလပတ်အပိတ်ကိုဖွင့်၍ လိပ်တင်ချည်လိုက်ပြီး ကားနောက်ခန်းမှ မျက်နှာကြက်ကျောက်ပြားများကို မီးထိုးကြည့်လိုက် သောအခါ..

"ဟာ . ."

"ဘာဖြစ်ပြန်ပြီလဲဟ။ ကွဲကုန်လို့လား"

"ဟေ့. . အလုံ. .ဒီ. . ဒီမှာ လာကြည့်စမ်းပါဦးဗျ"

ကျွန်တော့်၏ ထူးထူးခြားခြားအသံကြောင့် အလုံ ရောက်လာပြီး နှစ်ဦးသား ပြိုင်တူကြည့်လိုက်ကြသောအခါ. . ။

မီးရောင်ရှေ့မှာ မြင်နေရသည်ကား. .

ထပ်စီထားသည့် မျက်နှာကြက်အခင်းပြားများပေါ်တွင် ရွှံ့များ ပေကျံနေသော ခြေရာကြီးနှစ်ခု . .။

ပြီး . . စိုရွှဲနေသောရေများ. . ။

"ဟင် . ."

"ခြေရာနှစ်ခုဗျ အလုံရ"

"အေးဟ . . ။ လူတက်ထိုင်လိုက်လာပုံပဲဟ။ အင်္ကျီကများ



www.burmeseclassic.com

www.burmeseclassic.com



ရေယို သေးလား မစွတာထွန်း"

"မယိုဘူးဗျ. . ။ ရွှံ့ခြေရာနှစ်ခုပဲ။ ကြည့်ရတာ ဒီအခင်းပြားများ ပေါ်မှာ လူတစ်ယောက်ထိုင်လိုက်လာခဲ့ပုံပဲဗျ"

"ဟာ. . ငါတို့ကိုယ်တိုင် ကားမောင်းလာတာဥစ္စာ။ ဘယ်လိုလူက လိုက်လို့ ရမှာလဲ"

"စဉ်းစားစရာပဲဗျာ။ ဆန်းတော့ဆန်းတယ်"

ဟော့. . ငါစဉ်းစားမိပြီကွ"

"ဘာလဲဗျ. ."

"ငါတို့ ဟိုကုလားအဘိုးကြီးနဲ့ စကားအချီအချပြောနေတုန်းမှာ လူတစ်ယောက်ယောက်က နောက်က ကြိုးဖြေပြီး ငါတို့မသိအောင် လိုက် လာရော့သလားပဲဗျ"

"ဒါဖြင့် သူဘယ်မှာဆင်းမလဲ. . ။ ပြော. ."

"ငါတို့ကား နှစ်ကြိမ်တိတိ တိုက်မလို၊ မှောက်မလို ဖြစ်သွားချိန်မှာ အဲဒီလူဆင်းသွားမယ်ဆိုရင် ရနိုင်တာပဲကွ"

"ဟူး. ."

တော်ပါသေးရဲ့. . ။ ကားပေါ်တွင်ပါသည့် ကြွေပြားများကို လ... ဆော့ခြေဆော့ နိုးမသွားပေလို့။ နိုးသွားလို့ ပစ္စည်းများပျောက်ရှ လျော... လျှင် သူဌေးရဲ့ပါးစပ်စာမိ ဒါမှမဟုတ် အလုပ်ပါ ပြုတ်သွားနိုင်ပေ...

"မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေဗျာ"

ကျွန်တော်က ငင်းအလစ်လိုက်ပါလာသူဟု ခန့်မှန်းရသူ... ကျော့ရှုးပြန်တင်၍ ဆုမွန်ကောင်းများပင် ချီးမြှင့်လိုက်ပါသေးရဲ့...

* * *

www.burmeseclassic.com

www.burmeseclassic.com

<၃>

ဂုဏ်ငင်းနောက် ပစ္စည်းများ၏အခြေအနေကို စစ်ဆေးပြီး၊ သူဌေးထံ အစီရင်ခံရန် တိုက်ထဲသို့လှမ်းဝင်လာလိုက်စဉ် သူဌေး မစ္စတာလင်းသည် အပေါ်ထပ်မှ အောက်သို့ဆင်းလာနေသည်ကို မြင်လိုက်ရ၍ ကျွန်တော်တို့ နှစ်ဦး အရိုအသေပေးလိုက်ကြသည်။

"ပစ္စည်းတွေ စုံရဲ့လားကွယ့်"

"စုံပါတယ် သူဌေးခင်ဗျ"

"လမ်းခရီးမှာရော အခြေအနေကောင်းရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့. . ကောင်းပါတယ်ခင်ဗျ"

ကျွန်တော်က ဖြစ်ရပ်မှန်များကို လုံးဝမပြောဘဲ ကောင်းပါတယ် ဟု ညာလိုက်၏။

"ဘာမှမဖြစ်ကြဘူးနော်"

"မ. . မဖြစ်ပါဘူး သူဌေးခင်ဗျ"

"ဟား. . ဟား. . ဟား. . ဟား. ."



www.burmeseclassic.com

www.burmeseclassic.com



သည်လိုပြောလိုက်မှ သူဌေး မစ္စတာလင်းသည် ကျွန်တော့်မျက်နှာကိုကြည့်ပြီး အားရပါးရရယ်လေ၏။

ဘုရားရေ့..

ကျွန်တော်တို့သူဌေးသည် ကိုယ့်တပည့် လက်အောက်ငယ်သားတစ်ဦးကို သည်လိုမျိုးကြည့်ပြီး အားရပါးရအော်ဟစ်ရယ်မောသည်မျိုး တစ်ခါမျှ မရှိခဲ့။

သူဌေး၏ ကျယ်လောင်စွာရယ်မောလိုက်သံကြောင့် သူဌေးကတော်နှင့်အတူ အိမ်ဖော်များ၊ အလုပ်သမားများသည် ဘာများဖြစ်လို့ပါလိမ့်ဆိုပြီး အပြေးရောက်ချလာကြ၏။

သူတို့အားလုံးသည် ကျွန်တော်တို့သူဌေး၏ အူလှိုက်သည်းလှိုက်ရယ်နေပုံကိုကြည့်ပြီး လွန်စွာအံ့ဩနေကြလေ၏။

"အပါးကြီး ဘာဖြစ်လို့ ရယ်နေတာလဲဟင်..ဟင်.."

သူဌေးကတော်က လင်သားလုပ်သူ၏ လက်ကိုကိုင်ပြီး မေးလိုက်၏။ သူဌေးက သူ့ဇနီးအမေးကို ပြန်မဖြေဘဲ အရယ်ရပ်ရင်းက ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေရာမှ..

"မစ္စတာထွန်း.."

"ရက်စ်.."

"မစ္စတာအလုံ.."

"ရက်စ်..ရက်စ်.."

"မင်းတို့ ငါ့ကို ဘာလို့ညာရတာလဲ"

သူဌေးက ကျားဟိန်းသလိုဟိန်း၍ မေးချလိုက်ရကား ကျွန်တော်တို့ တုန်ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

"မစ္စတာထွန်း.."



www.burmeseclassic.com

www.burmeseclassic.com



"ရက်စ်. ."

"ပထမကားမောင်းလာတာ မင်းမဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့ခင်ဗျ"

"မင်း ဘူကစ်တီမာ့(Bukit Timah)အထွက်မှာဘာဖြစ်ခဲ့သလဲ"

"ဗျာ. ."

"ပြောစမ်း။ မှန်မှန်ပြောနော်။ ငါ့ကို ညာလို့မရဘူး။ ပြော. ."

"ဟို. . ဟို. . ဟိုဒင်း. . အဲ. . အဲ. ."

"ဟော့ကောင်. . ဟိုဒင်းတွေ ဒီဒင်းတွေ လုပ်မနေနဲ့။ မင်း ဘူကစ်တီမာ့အထွက်မှာ တံတားတစ်ခုကို တိုက်မလိုဖြစ်ခဲ့တယ်မဟုတ်လား"

"ဗျာ. ."

"ဟင်. ."

ကျွန်တော်တို့နှစ်ဦးစလုံး သူဌေး၏ တိကျခိုင်မာလှသည့် မေးချက်ကြောင့် ပါးစပ်များ ဟောင်းလောင်းပွင့်သွားခဲ့ကြပြီး အသားများတုန်နေကြ၏။

"ဟုတ်လား၊ မဟုတ်ဘူးလား ဝန်ခံစမ်း"

"ဟုတ်. . ဟုတ်ပါတယ် သူဌေးခင်ဗျာ"

"အဲဒါ ဘာလို့ ဝန်မခံဘဲ ဘာမှမဖြစ်ပါဘူးလို့ ညာရတာလဲ"

"ဟို. . ဟို. . အဲ. . သူဌေးကို ကြောက်. . ကြောက်လို့ပါခင်ဗျ"

"ကျန်သေးတယ်ကွ. . ။ မင်းတို့ ဂျူရောင်း(Jurong)ဘက်လာရင်း P.I.E ဟိုင်းဝေးလမ်းပေါ်မှာ ကုန်တင်ကားနဲ့တိုက်မလိုဖြစ်ပြီး ကားမှောက်မလို၊ လမ်းဘေးထိုးကျမလို ဖြစ်ခဲ့သေးတယ်။ ဟုတ်ရဲ့လား. ."

ကျွန်တော်တို့နှစ်ဦး စိုးရိမ်ကြောက်ရွံ့၍ ဦးခေါင်းများကို ငုံ့ထား၍ နေလေ၏။ သည်ကိစ္စ သူဌေးဘယ်လိုလုပ်သိနေပါလိမ့်။ လမ်းဆိုးတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက် ကျွန်တော်တို့ကားတစ်စီးပဲ ရှိသည့်ဥစ္စာ။

သူဒွေးမှာ ဒိဗ္ဗစက္ခုမျက်စိများ ရှိနေရော့လား။

"ပြောလေကွာ မစွတာထွန်း"

"ဟုတ်• • ဟုတ်ပါတယ် သူ့• • သူဒွေးခင်ဗျာ"

"အဲဒီနောက် ကားကို အလုံက ဒီအရောက်မောင်းခဲ့တာ။ ဟုတ်ရဲ့လား အလုံ"

"ဟုတ်• • ဟုတ်ကဲ့"

"ငါ ညာတာမကြိုက်ဘူးလို့ မင်းတို့ကို ဘယ်နှခါပြောရမလဲ ဟင်။ ပြောလေ• •"

"သူဒွေး အပြစ်ပေး၊ အလုပ်ဖြုတ်မှာ ကြောက်လို့ပါခင်ဗျာ"

"အခု အလုပ်ဖြုတ်ပစ်တော့မယ်ဆိုရင်ကော"

"ဗျာ• •"

"ဗျာ• •"

ကျွန်တော်တို့နှစ်ဦးစလုံး ကြားရသည့်စကားကြောင့် မျက်လုံးများပြူးပြီး အားကိုးသောမျက်လုံးများနှင့် သူဒွေးကတော်၏မျက်နှာကို လှမ်းကြည့်လိုက်ကြသည်။

"အပါးကြီး• •"

"ဘာတုံး ရှောင်ရှား"

"ဒါ• • အပါးကြီးရဲ့ တပည့်အရင်းတွေပါ။ လုပ်လာခဲ့တာလည်း ကြာပါပြီ။ ခုလည်း ကားဘာမှမဖြစ်ခဲ့ပါဘူး။ အလုပ်တော့ မဖြုတ်ပါနဲ့ အပါးကြီးရယ်။ နော်• •"

"သူတို့ ငါ့ကို ညာတယ်ကွာ"

"လူငယ်တွေပဲကွယ်။ ကြောက်လို့ ညာရတာပေါ့။ ခွင့်လွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါနော်"

သည်တော့မှ သူဌေးမစ္စတာလင်းဟာ အင်္ကျီအိတ်ထဲက ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်ပြီး ကျွန်တော့်လက်ထဲ ထိုးထည့်ပေးလိုက်သည်။

"မစ္စတာထွန်း . ."

"ခင်ဗျာ . ."

"ဒါ . . ဘယ်သူ့ပိုက်ဆံလဲကွ။ ရော့ . . ကြည့်စမ်း"

"ဟာ . ."

ကျွန်တော် ဒေါ်လာရာတန်ပိုက်ဆံတစ်ရွက်ကို ကိုင်ကြည့်ပြီး ကြီးစွာတုန်လှုပ်ချောက်ချားသလို ဖြစ်သွားခဲ့ရလေသည်။

ဒေါ်လာတစ်ရာတန်မှာ ကွမ်းတံတွေးများပေစွန်းပြီး ညစ်နေ၏။ သည်ရာတန်ကား ကျွန်တော် ဘူဂစ်အထွက် တောလမ်းထဲတွင် ကားတားစီးဖို့ကြံစည်ရင်း ကားနှင့်ပွတ်တိုက်၍ ဖွက်ထဲလဲကျသွားခဲ့သည့် ဆာဒူးလိုလို ကုလားကြီးကို ပစ်ချပေးခဲ့သည့် ဒေါ်လာရာတန်။

ထိုမှတ်မှတ်ရရ ကွမ်းတံတွေးများပေကျံနေသည့် ရာတန်သည် အခု ထူးဆန်းအံ့ဩစွာ ကျွန်တော့်လက်ထဲသို့ ပြန်ရောက်နေ၏။

ကျွန်တော်ညာသမျှ အရာအားလုံးသည် ခုတော့ ဘူးပေါ်သလို ပေါ်ကုန်ပြီ။

ကျွန်တော် ရာတန်ကိုကိုင်ရင်း လက်ရော၊ ခြေရော တုန်ခါနေသည်။

"မစ္စတာထွန်း . . အဲဒါ ဘယ်သူ့ပိုက်ဆံလဲ"

"ကျွန် . . ကျွန်တော့်ပိုက်ဆံပါခင်ဗျာ"

"အဲဒီပိုက်ဆံ ရာတန်ကို မင်းဘယ်သူ့ကို ပေးခဲ့သလဲ"

"ဟို . . ဟို . . လမ်းမှာ ကားတားစီးရင်း . . အဲ . . အဲ . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ။ မင်း ငါ့ကို ညာလို့မရဘူးဆိုတာ သိပါပြီနော်"

"ဟုတ်. . ဟုတ်ကဲ့ပါခင်ဗျ။ ကားတားစီးရင်း ကျွန်တော့်ကားနဲ့ ပွတ်တိုက်လဲကျသွားတဲ့ အရူးလိုလို၊ သူတောင်းစားလိုလို ကုလားအဘိုးကြီးကို ပစ်ပေးခဲ့တဲ့ပိုက်ဆံပါ သူဌေးခင်ဗျ"

"အရူးလိုလို. . ဟုတ်လား"

"အဲ. . အဲ. ."

"သူတောင်းစား. . ဟုတ်လား"

"အဲ. . အဲ. ."

"အဲဒီအဘိုးကြီး မင်းတို့ဆီက ပိုက်ဆံတောင်းခဲ့လား"

"အဲ. . အဲ. . မ. . မတောင်းပါဘူးခင်ဗျ။ ဟို. . ဟို. . သနားလို့ ပေး. . ပေးခဲ့တာပါ"

"သူဘာလဲ မင်းတို့သိလား"

"ဟင့်အင်း. . မ. . မသိပါဘူးခင်ဗျ"

"လာ. . ငါနဲ့လိုက်ခဲ့"

သည်မှာ သူဌေးက ငါနဲ့လိုက်ခဲ့ဟုပြောရင်း တိုက်အပေါ်ထပ်သို့ တက်သွားရကား ကျွန်တော်တို့နှစ်ဦး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေသည်။ သူဌေးကတော်က 'လိုက်သွားလေ' ဟု ပြောလိုက်မှ လှေကားအတိုင်း တက်ခဲ့လိုက်ကြသည်။

သည်လိုနှင့် မွှေးပွကော်ဇောများခင်းထားသည့် ဘုရားခန်းရှေ့သို့ ရောက်ခဲ့လေ၏။

"ပော့ကောင်လူမိုက်. ."

"ဗျာ. . ဗျာ. ."

"အဲဒီ ဘုရားခန်းလိုက်ကာကို မင်းလက်နဲ့ ဖွင့်ပိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖြေးအမိန့်ပေးလိုက်၍ ကျွန်တော် မဝံ့မရဲနှင့် မီးထိန်ထိန်လင်းနေသည့် ဘုရားခန်းလိုက်ကာကို အသာဆွဲ၍ ဖွင့်ကြည့်လိုက်သောအခါ..

ဦးစွာမြင်ရသည်ကား..

လျှပ်စစ်မီးရောင်နှင့် ဖိတ်ဖိတ်လက်ပြီး ရောင်တော်များပျံ့နေသည့် မြဘုရားကို သပ္ပာယ်ကြည်ညိုဖွယ် မြင်လိုက်ရပြီး..

ဘုရားရှပ်ပွားအောက်ဘက်ရှေ့၌ လူကြီးတစ်ဦး လက်အုပ်ချီဝတ်ပြုနေသည်ကို တွေ့ရ၏။

၄င်းလူကြီးသည် လက်အုပ်ချီ၍ ဘုရားစာများရွတ်ရင်းက ကျွန်တော်ရှိရာဘက်သို့ လှည့်လိုက်သောအခါ..

"ဟာ.."

"ဟင်.."

ကျွန်တော်သာမက အလုံပါ အံ့သြပြီး နောက်ကို အလိုလိုဆုတ်မိသွားလေ၏။ ကျွန်တော်တို့နှစ်ဦး ရုတ်ခြည်း ဘုရားခန်းထဲတွင် မြင်လိုက်ရသည်ကား အခြားသူမဟုတ်။

ကျွန်တော်တို့အား ကားကြုံလိုက်ပါရစေဟု အတန်တန်မေတ္တာရပ်ခံ၊ အသနားခံခဲ့သည့် ဆာဒူးလိုလို ကုလားအဘိုးကြီး..။

ကျွန်တော်တို့နှစ်ဦးသည် အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ အားနာခြင်း၊ ရှက်ရွံ့ခြင်းများ လွှမ်းပတ်၍ ကျောက်ရုပ်လို၊ လူသေကောင်လို ဖြစ်နေချိန်မှာပဲ..

"လူကလေး.."

ဆာဒူးလို အဘိုးကြီးက မေတ္တာသံနှင့် လှမ်းခေါ်လိုက်၏။

"လူကလေးတို့.."

"ခင်.. ခင်ဗျာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်ုပ် သင်တို့ကားနဲ့ ပြန်ပါရစေ။ ဒေါ်လာတစ်ရာ ကြိုပေး ထားပါပြီ လူကလေးတို့”

သည်မှာ အလုံက ကော်ဇောပေါ်တွင် ဒူးထောက်၍ ဆာဒူးလို သူတော်စင်ကြီးကို လက်အုပ်ချီရှိခိုးရင်းမှ..

“အဘ..ကျွန်တော်တို့ကို ခွင့်လွှတ်ပါ အဘခင်ဗျာ”

အလုံလို ဘာသာရေးသမားတစ်ဦးက ဗုဒ္ဓကိုရှိခိုးနေသည့် သူတော်စင် ဆာဒူးကြီးအား ရှိရှိသေသေ ဦးချတောင်းပန်နေသောအခါ ကျွန်တော့်စိတ်သည် ယိမ်းယိုင်လာခဲ့သည်။

ကျွန်တော် သူတော်စင်ဆာဒူးကြီးရှေ့တွင် ရှိသေစွာ ဂါရဝပြု လိုက်ရင်းက..

“အဘ..ကျွန်တော် မှားခဲ့၊ ရိုင်းခဲ့မိပါတယ်။ အပြစ်မှ ခွင့်လွှတ်ပါ အဘခင်ဗျား”

“သာဓု..သာဓု..သာဓု..တော်ပါပေစွ..ကောင်းပေစွ..။ သင်တို့အားလုံး ကျန်းမာချမ်းသာပါစေ”

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၄

နောင်အခါ သူဌေး၏ပြောပြချက်အရ ဤဆာဒူးသူတော်စင်ကြီးသည် သူဌေး၏ဆရာရင်းတစ်ဦးဖြစ်သည်ဟု သိရ၏။ အိန္ဒိယယောဂီဆာဒူးကြီးဟု ဆို၏။ ဗုဒ္ဓကို ရှိကျိုးလေးစား ကိုးကွယ်သူ သမထပုဂ္ဂိုလ်တစ်ဦးဟု သိရ၏။

သို့နှင့် ကျွန်တော်တို့က သူဌေးကို မရဲတရဲနှင့် ပြန်မေးကြည့်လိုက်၏။

"သူ..သူ..ဒီကို ဘယ်လိုရောက်လာသလဲဟင်..သူဌေး"

"သူ မင်းတို့ကားနဲ့ အတူလိုက်ပါလာတာပဲ"

"ဗျာ.."

"တကယ်.."

"သူ မင်းတို့ကားရဲ့ နောက်ခန်းကနေ တက်စီးလိုက်ပါလာလို့ သူပြန်ပြောပြလို့ မင်းတို့ဖြစ်စဉ်ကို ငါ အစကအဆုံး သိရတာပေါ့။ သူတော်စင်ကြီးက ပြောသွားတယ်။ ဟိုကောင်အလုံ လမ်းတစ်ကွေ့ချက်လုံး ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော်များ ရွတ်ပွားခဲ့လို့ အန္တရာယ်ကင်း၊ ဘေးရှင်းတာတဲ့။ ဟိုကောင် လူမိုက် မစွတာထွန်းအလိုအတိုင်းဆို လမ်းမှာ မိုးကြိုးပစ် ကားမှောက်သေ သွားနိုင်တယ်တဲ့"

"ဘုရားရေ့ . ."

❋ ❋ ❋

နတ်လူဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၅

# အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

(၉. ၁၁. ၂၀၀၈) ရက် တနင်္ဂနွေနေ့၌ ကျွန်ုပ် မနက် အိပ်ရာက ထစဉ် လမ်းထဲမှ အပေါင်းအသင်းဖြစ်သူ ကိုသောင်းလှိုင်က လာခေါ်သည်။

"အစ်ကို. . အစ်ကို. . ကျွန်တော် အမြန်လမ်းစီမံကိန်းSite ထဲ သွားမယ်။ ကျွန်တော့်ကားနဲ့ သွားမှာပါ။ အစ်ကိုတို့ဖောက်ခဲ့တဲ့ လမ်းစခန်းတွေကိုလည်း အမှတ်တရ ဝင်လည်ရင်းပေါ့။ လိုက်မှာလား"

"အေး. . အေး. . လိုက်မယ်။ ဒါပေမဲ့ ခဏစောင့်ဦး။ ကိုယ် ဘုရားဝတ်ပြုပြီး မနက်စာစားရဦးမယ်"

"မနက် (၈) နာရီတိတိ ထွက်မယ်အစ်ကို။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်နဲ့ ဇော်ဘွားကြီးကုန်းမှာ ချိန်းထားတယ်။ သူလည်း စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မယ်''

''အေး.. အေး.. ကိုယ်အမြန်ဆုံးလုပ်ပြီး ထွက်ခဲ့မယ်''

''ဟုတ်ကဲ့ အစ်ကို။ ကျွန်တော့်ကား လမ်းထိပ်မှာ စောင့်နေမယ်။ မြန်မြန်လုပ်နော်''

''အေးပါ။ ကိုယ်က အချိန်ကို လေးစားပါတယ်''

ကျွန်ုပ် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး အလျင်အမြန်ပြင်ဆင်ရတော့သည်။ ခရီးသွားမည်ဖြစ်၍ နိစ္စဓူဝအလုပ်ဖြစ်သော ဘုရားရှိခိုး၊ ပုတီးစိပ်၊ အမျှအတန်းဝေသော အလုပ်ကိုတော့ အပျက်ခံ၍မဖြစ်ပါ။ ကျွန်ုပ် လမ်းထိပ်သို့ မနက် (၈) နာရီတိတိတွင် ရောက်သည်။ ကိုသောင်းလှိုင်က သူ၏ TOYOTA Light Truck ကားသစ်ကြီးဖြင့် စောင့်နေသည်။ ကျွန်ုပ်တို့ စ၍ခရီးထွက်ခဲ့တော့သည်။

''အစ်ကို.. ကျွန်တော် Site ထဲကို မရောက်တာကြာလို့ သွားရမှာ။ အစ်ကိုလည်း အရင်က တာဝန်ထမ်းဆောင်ခဲ့တဲ့ လမ်းစခန်းတွေကို အမှတ်တရ ပြန်သတိရအောင်လို့ ခေါ်တာပါ။ အရင်ကနဲ့ မတူတော့ဘူးဗျ။ အတော်ပြောင်းလဲသွားပြီ''

''အင်း.. ကိုယ်လည်း အမှတ်တရဖြစ်ချင်ပါတယ်။ သုံးနှစ်လောက် တာဝန်ထမ်းဆောင်ရတာမို့ အမြဲတမ်းလည်း သတိရနေပါတယ်''

''အစ်ကို.. ဟိုမှာ ကျွန်တော့်အဖွဲ့တွေနဲ့ ဆုံမှာပါ။ အလွန်လည်း ပျော်ရွှင်မင်တတ်ကြပါတယ်။ ကားကြီးသမားတွေဆိုတော့ သောက်စားတတ်ကြပါတယ်။ ကျွန်တော်လည်း ကားကြီးသမား (ပ) ယာဉ်မောင်းပါ။ အခု ကျွန်တော့်အိမ်မှာ ပြန်နားနေတုန်း ယာဉ်မောင်းအကူနဲ့ ထားခဲ့ရတာမို့ ပြန်ကြည့်ရတာပါ''

''ခင်ဗျားတို့ကားတွေက ဘာကားတွေလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မြေသယ်၊ ကျောက်သယ်၊ ဘိလပ်မြေသယ်၊ ဆီသယ် ဘောက်ဆာကြီးတွေပါ။ ကျွန်တော့်ကားကတော့ NISSAN UD (၁၀) ဘီးကားကြီးပါ။ Tipper လို့ ခေါ်တယ်။ နောက်လှန်ချလို့လည်း ရတယ်။ ဒိုဆာတွေ၊ လော်ကာတွေ မြေညှိ၊ မြေထိုး၊ မြေကော်ကရိန်းတွေလည်း ရှိတယ်"

"အေးဗျာ... ကိုယ်တို့လုပ်တုန်းကတော့ Man power နဲ့ လုပ်ရတာ။ မြေကို တူရွင်း၊ ပေါက်ပြားနဲ့ တူးခွပြီး မြေသယ်ကတ်နဲ့ သယ်ရတာ။ နေပူကျဲကျဲထဲမှာ အလွန်ပင်ပန်းကြတာ။ ဘာစက်မှလည်း မရှိဘူး။ မြေသိပ်အောင် မြေဆောင့်ဒင်နဲ့ထု၊ ကျောက်ကို တူနဲ့ရိုက်ခွဲ၊ လူအားနဲ့ သယ်ကြရတာ။ အခုတော့ ခေတ်မီစက်ယန္တရားတွေ သုံးကုန်ကြပြီထင်ပါရဲ့"

"ခေတ်မီသလားမပြောနဲ့ အစ်ကိုရေ။ ဘူဒိုဇာနဲ့ မြေထိုးပြီး တစ်ပါပေါ် တင်ပေး။ လိုအပ်တဲ့နေရာကိုမောင်းပြီး မှောက်လှန်ချလိုက်ရုံပဲ။ ကျောက်လည်း ဒီအတိုင်းပဲ။ ဘိလပ်မြေကိုလည်း ကောင်းကင်ဘတ်ကြီး စက်ကြီးတွေနဲ့ အသင့်ဖျော်ပြီး ကားထဲကို လောင်းချပေးတာ။ အဲဒီဘိလပ်မြေဖျော်တွေကိုလည်း လိုအပ်တဲ့လမ်းနေရာကို ပို့ပြီးတာနဲ့ လမ်းခင်းစက်ကြီးတွေနဲ့ ညှိပြီး ခင်းရတာ။ မျက်နှာပြင်လည်း ညီတယ်။ စနစ်ကျပြီး မြန်လည်းမြန်တာပေါ့ အစ်ကိုရယ်။ နေ့ရော၊ ညပါ အစိုးရနဲ့ကုမ္ပဏီတွဲလုပ်နေလို့ အခု ကွန်ကရစ်လမ်းကြီးက ဖြူးနေပြီ။ နေပြည်တော်အထိပေါက်လို့ ရန်ကုန်နဲ့နေပြည်တော် သုံးနာရီကျော်မောင်းရုံနဲ့ ရောက်နိုင်နေပြီ။ အခုတော့ တစ်လမ်းသာပြီးသေးလို့ တစ်လမ်းတည်းကိုပဲ အသွားအပြန်မောင်းကြရတယ်။ ပေနှစ်ဆယ်ကျယ်လို့ ကားကြီးနှစ်စီးတောင် လွတ်လွတ်လပ်လပ်ရှောင်နိုင်ပါတယ်။ အသွားလမ်း၊ အပြန်လမ်းကို အလယ်ကလည်း ကျွန်းခံထားလို့ မကြာခင် ပြီးမှာပါ။ အပြန်လမ်းစီမံကိန်းဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းအောင် အသွားလမ်း၊ အပြန်လမ်း လုပ်ထားတာပါ"

"အလွန်ကောင်းမွန်ပြီး ခေတ်မီတဲ့လမ်းကြီး ထင်ပါရဲ့နော်"

"အင်း.. ကောင်းတော့ကောင်းတယ်။ မျက်စိစပ်တယ် အစ်ကို ရေ။ လမ်းဘေးက ရိုးမတောင်ခြေတောကြီးက တောင်ကတုံး (တောင် ခေါင်းတုံး) တွေ ဖြစ်သွားပြီ။ တစ်လမ်းလုံး အရိပ်ရပင် မရှိတော့ဘူး။ အင်္ဂတေလမ်းဆိုတော့ ကားတာယာအလွန်စားတယ်"

"နောက်တော့လည်း လမ်းဘေးမှာ အရိပ်ရပင်တွေ စိုက်မှာပေါ့ ကွာ။ ဒါနဲ့ လမ်းဘေးမှာ ဆိုင်တွေဘာတွေရော ရှိရဲ့လား"

"ရှိတော့ရှိတယ်၊ ရှားတယ်အစ်ကို။ လမ်းဘေးက ရွာတွေမှာ တော့ ရှိပါတယ်။ ရွာဆက်ကတော့ ဝေးတယ်။ ရိုးမအလယ်ထဲ ရောက် ရင်တော့ မရှိတော့ဘူး။ အဓိကလိုအပ်တာက လေထိုး၊ ကျွတ်ဖာ၊ တာယာ ဆိုင်နဲ့ ကားဝပ်ရှော့တွေပဲ။ ကားမကောင်းဘဲနဲ့တော့ ဒီအမြန်လမ်းကို သုံးဖို့မသင့်ဘူး အစ်ကိုရေ"

"အခုရော ဘယ်လိုအခြေအနေနဲ့ ဒီလမ်းမကြီးကို အသုံးပြုခွင့် ပေးထားသလဲ"

"ဌာနဆိုင်ရာနဲ့ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ သွားမယ့်ယာဉ် တွေကို ခွင့်ပြုထားပါတယ်။ ကားကြီးတွေတော့ မရသေးဘူးအစ်ကို"

ကျွန်ုပ်တို့ စကားကောင်းရင်း စော်ဘွားကြီးကုန်းလမ်းဆုံသို့ ရောက်လာသည်။ ကားဆရာကိုသောင်းလှိုင်၏သူငယ်ချင်း တက်လာ သည်။ ကျွန်ုပ်တို့ ဆက်မောင်းကြရင်း ထောက်ကြန့်တွင် ခေတ္တနား၍ ထမင်းဖက်ရည်သောက်ကြသည်။

လှည်းကူးအဝင် Toll Gate ကျော်ပြီး သုံးမိုင်ခန့်အရောက် အင်းလက်ဝဲဘက်သို့ ကွေ့ချိုးလိုက်သည်။ အမြန်လမ်းစစ်ဆေးရေးဂိတ်ဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုသောင်းလှိုင်၏ကားမှာ အရပ်ကားဖြစ်၍ စစ်ဆေးရန် ရပ်နိုင်းစဉ် လူကိုမြင်သည်နှင့် ဝိုင်းနှုတ်ဆက်ကြသည်။ ထို့အပြင် Site သို့လိုက်ကြမည့် အလုပ်သမားများလည်း ခရီးကြုံလိုက်လာကြသည်။

ကိုသောင်းလှိုင်က

"အစ်ကိုရေ့ . ကျွန်တော်တို့ Site က ဘောနက်ကြီး (ဖောင်းတူ) စခန်းဆိုတော့ ဒီကနေ မိုင် (၆၀) ကျော်ဝေးတယ်။ လမ်းမှာလည်း ဝင်စရာတွေရှိသေးလို့ ကျွန်တော် ကားယူခဲ့တာ။ ဒီမှာတော့ Site ကို သွားဖို့ ကားကြုံစောင့်စီးရင်စီး၊ မစီးရင်တော့ ဆိုင်ကယ်ကယ်ရီငှားပြီးသွားမှ ရောက်တာ။ ကယ်ရီခကလည်း (၁၀၀၀၀) ကျပ်တောင် ပေးရတယ်"

"အတော်ဝေးတာပဲနော်။ တခြားအလုပ်သမားတွေရော ဘယ်လိုနေကြရသလဲ"

"လမ်းတစ်လျှောက်မှာ တဲစခန်းလေးတွေ ရှိတယ်ဆရာ။ သူ့အစုနဲ့ သူပဲ။ ယာယီစခန်းလေးတွေပါ။ စခန်းက တစ်နေရာပြီးတစ်နေရာ ရွှေ့နေရတော့ အရှင်ပေါ့။ ကျွန်တော်တို့လည်း တဲကလေးတွေရှိတယ်။ ကျွန်တော်က ပြန်လိုက်၊ သွားလိုက်ဆိုတော့ ကျွန်တော့်လက်ထောက် ယာဉ်မောင်းပဲ နေထိုင်ချက်ပြုတ်စားတာပေါ့။ အပြင်ကနေ လာအလုပ်လုပ်ဖို့ကတော့ လမ်းစရိတ်နဲ့ မွဲလိမ့်မယ် ဆရာရေ။ ခရီးက အတော်ဝေးပြီး အချိန်အတော်ယူရတာပါ"

ကျွန်ုပ်တို့ကားလေး ငါးဆူတောင်စခန်းဝင်လာတော့ ကျွန်ုပ်မှတ်မိလာသည်။ တောင်ပေါ်တွင် ဘုရားငါးဆူကိုလည်း အဝေးကပင် ဖူးတွေ့သည်။ ငါးဆူတောင်ကြီးအား အလယ်က ဖြတ်ခွဲ၍ လမ်းဖောက်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ လမ်းစဖောက်စဉ်က လမ်းအစပိုင်းဖြစ်သည်။ လမ်းဘေးတွင် သီဟိုဠ်ခြံများအား တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးဆူတောင်ကျော်တော့ အမြန်လမ်းနှင့် ဖောင်ကြီးသွားကား လမ်း ကုန်းကျော်တံတားသို့ ရောက်သည်။ ကျွန်ုပ်တို့ဖောက်လုပ်ခဲ့သော လှေ့လှော်အင်းလမ်းဝသို့ ရောက်ပေပြီ။ စာဗူးတောင်ရွာအနောက်ခြမ်း ကျော်တော့ (ဆ. လ. ၅) ၏ စက်ကြီးများထားရာစခန်းသို့ ရောက်သည်။ ရွာပောင်းလေးတစ်ရွာအလား ဖြစ်နေပေပြီ။ စာသင်ကျောင်းနှင့်၊ ဈေး ဆိုင်နှင့် အတော်စည်ကားနေပေပြီ။

မကြာမီ အကျဉ်းဦးစီးဌာန ဝက်စခန်း (၁) နှင့် (၂) သို့ ရောက် သည်။ ယခင်တဲစခန်းများမှ ယခုတော့ အခိုင်အမာစခန်းများ ဖြစ်နေပေ ပြီ။ ကျွန်ုပ်မှတ်မိပါသေးသည်။ ထောက်ကြန့်မှ အရက်ချက်ရောင်းသော ကိုယ်ရေပြားရောဂါသည်များအားပို့၍ ရွာတည်ထားရာ အရက်ချက်၍ကျန် သော ကစော်ဖတ်များကို ကျွန်ုပ်တို့ကယူ၍ ဝက်စာအဖြစ်ကျွေး၍ ဝက်များ မှာ ခြောက်လသားကျော်သည်နှင့် တရိပ်ရိပ် လျင်မြန်စွာ အသားချိန်တက် လာပြီး အကောင်ထွား၍ အလေးချိန်တက်လာသည်။ ကိုးလပြည့်သည်နှင့် အချိန်ကိုးဆယ်တစ်ရာ ဖြစ်လာသည်။ အမြန်ရောင်းရတော့သည်။ ဆက် ထားလျှင် အသက်မရှည်ကြတော့။ ကစီဖတ်များမှာ အရက်ပါသဖြင့် ဆယ်လကျော်သည်နှင့် ဝက်များ အဆီပိတ်၍ သေဆုံးတော့သည်။ လှေ လှော်အင်းဆိုသည့်အတိုင်း စခန်းအလယ်တွင် အင်းကြီးရှိ၍ ငါးအလွန်ပေါ သည်။

ထိုစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ထောင်မှူးကြီးဦးဝင်း ဆန်းမှာ ကျွန်ုပ်၏သူငယ်ချင်းဖြစ်ပြီး ကရင်လူမျိုးဖြစ်၏။ ငါးရှာ၊ ဖားရှာ အလွန်ကောင်းသည်။ အချက်အပြုတ်လည်း တတ်သည်။

မကြာမီ ဒေါင်းမီးခွက်စခန်း။ ယခု ဆ. လ. ရလမ်းအုပ်ချုပ်ရေး မှူးရုံး။ ပြီးနောက် ဝါးယားကုန်းသို့ ရောက်ပြန်သည်။ ကျွန်ုပ်တို့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်စဉ်က အလွန်မြေကြမ်းသော စခန်းဖြစ်သည်။ ငှက်ဖျားလည်း ကြီးသောကြောင့် လူအသေအပျောက်များသည်။ အလောင်းမြှုပ်ပြီးသည်နှင့် ညဘက်တွင် ခွေးအများက ဖော်စားတတ်၏။ မနက်ရောက်သည်နှင့် အရိုးစုက မြေပေါ်ရောက်နေပြီး အသားတစ်စမျှ မကျန်တော့။ တစ်ခါ စခန်းကမှုဆိုးအဖွဲ့ ခွေးအအုပ်စုအား စောင့်၍ပစ်ဖူးသည်။ (၁၀) ကောင်၊ (၁၅) ကောင်အုပ် လာခြင်းဖြစ်သည်။ အုပ်စုနှင့် မိုလ်ကျသော အကောင်များလည်း ဖြစ်ကြသည်။ သေနတ်ပါသော မုဆိုးတစ်ဦးတည်း မနိုင်။ သုံးလေးယောက် လင့်စီး၍ ပစ်ရခြင်းဖြစ်သည်။ ခွေးအအုပ်မှာ လေးငါးကောင်ကျခါမှ သေနတ်သံများကြောင့် ပြေးတော့သည်။ မုဆိုးအဖွဲ့ ခွေးအများအား ချက်ပြုတ်စားကြသည်။ အရက်နှင့်မြည်းသော်လည်း မစားနိုင်။ သွန်ပစ်ကြရသည်။ အလွန်ညှီ၍ နံသည်ဟု သိရသည်။

ခွေးအများမှာ အမြီးစုတ်ဖွား၊ အမွေးရှည်ရှည်။ မြန်မာခွေးအရွယ်ပင် ဖြစ်သော်လည်း သွားများမှာ ချွန်ထက်ပြီး အလွန်ကြောက်စရာကောင်းသည်။ အသားစိမ်းကိုလည်း ပိသာနှင့်ချိုး၍ တစ်ထိုင်တည်း စားနိုင်ကြသည်။

ကျွန်ုပ်. . .

"ကိုသောင်းလှိုင်ရေ. . ဝါးယားကုန်းစခန်းနောက်ကျောက ညဘက် မီးလုံးတွေတက်လာတာ မြင်ဖူးသေးသလား"

"အစ်ကို. . ကျွန်တော်တော့ မမြင်ဖူးသေးဘူးဗျ။ ကိုတင်လတ်တော့ မြင်ဖူးမယ်ထင်တယ်"

ကိုတင်လတ်. . .

"ကျွန်တော်တို့ ရောက်စတုန်းက မြင်ဖူးတယ်ဗျ။ ဝါးယားကုန်းစခန်းကတော့ မြေကြမ်းပြီး ငှက်ဖျားထူ၊ ရေရှားလို့ ကျွန်တော်တို့ ဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



မီးခွက်စခန်းမှာပဲ အခြေစိုက်ရတာ။ လပြည့်လကွယ်နေ့တွေဆိုရင် ည (၉) နာရီကျော်တာနဲ့ ဘောလုံးလောက်ရှိတဲ့ နီနီရဲရဲမီးလုံးကြီးတွေ တက်လာပြီး ဆင်းလိုက်၊ တက်လိုက် လုပ်နေတာ အတော်ကြည့်လို့ကောင်းတယ်ဗျ။ သရဲမီးဆိုလား၊ စုန်းတောက်တယ်ဆိုလား ပြောနေကြတာပဲ။ ကျွန်တော်တို့ စခန်းကလူတွေ အကုန်မြင်ဖူးကြတယ်ဗျ။ အတော်ထူးဆန်းတာပဲ"

ကျွန်ုပ်. . .

"ဒါတွေဟာ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးရဲ့ ထူးခြားဆန်းကြယ် အတွေ့အကြုံတွေပေါ့ဗျာ။ လမ်းတစ်လျှောက်လုံး ကျွန်တော်တို့ ခေတ်တုန်းက ထူးဆန်းတာတွေ ပြောပြပါဦးမယ်။ ဒီနေရာတွေက ပဲခူးရိုးမ တောင်ခြေရင်းဆိုတော့ အရင်က တောအင်မတန်ထူတာဗျ။ အခုတော့ သစ်ထုတ်၊ ထင်းခုတ်၊ မီးသွေးဖုတ်လို့ တောင်ကတုံး (ခေါင်းတုံး) တွေ ဖြစ်ကုန်တာ နှမြောစရာပဲနော်"

ကိုသောင်းလှိုင်. . .

"ဟုတ်တယ်အစ်ကိုရေ။ လမ်းမကြီးစီမံကိန်းဆိုတော့ လမ်းအရှုကြောင်းရွာပြီးကတည်းက အပြောင်ရှင်းကြတာထင်ပါရဲ့။ အခုတော့ အလုပ်လုပ်ရတာ လွင်တီးခေါင်ကြီးကိုဖြစ်လို့။ နွေရာသီဆိုရင် အလွန်ပူတာဗျ။ ဖုန်အလိမ်းလိမ်းနဲ့"

ကျွန်ုပ်တို့ကားလေး ဝါယားကုန်းတွင် ခေတ္တနား၍ ကိုသောင်းလှိုင်၏ ကားသမားအဖွဲ့များဖြစ်ကြသော ကိုအောင်နိုင်နှင့် ကိုကုလားပုံတို့နှင့် တွေ့ကြသည်။ သူတို့လည်း ကျွန်ုပ်တို့ကားပေါ်၌ ပါလာပြီး နေ့လယ်စာစားရန် နေရာရွေးကြသည်။ ခရီးသွားကားများအနေဖြင့် စားသောက်ဆိုင်များကိုရှာရန် ခက်ခဲမည်ဖြစ်သော်လည်း အကြောင်းသိ ကားသမားတို့တွင် သတ်တို့အဖွဲ့က ဘယ်နေရာတွင် ဘာရှိသည်ကို သိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းလှိုင်. . .

"ကိုတင်လတ်ရေ. . ငါ့အစ်ကို ဆာရော့မယ်။ နေ့လယ် (၁၂) နာရီတောင် ကျော်နေပြီ။ ဘယ်မှာထမင်းစားကြမှာလဲ"

ကိုတင်လတ်. . .

"(၁) မိုင်စခန်းမှာ ကောင်းမလား။ (၃) မိုင်စခန်းသာ မောင်းပါဗျာ။ နည်းနည်းလှမ်းပေမယ့် (၃) မိုင်စခန်းက စန်းသော်တာဆိုင်က အကုန်ရတယ်။ ဟင်းလည်း စုံတယ်"

ဟုတ်ပါသည်။ (၃) မိုင်စခန်းရောက်တော့ ဆိုင်ရှေ့တွင် ကားသုံးလေးစီးရပ်ထားသည်။

ကိုတင်လတ်. . .

"ကဲ. . ဘာစားကြမလဲ။ ဘာသောက်ကြမလဲ။ ဒီဆိုင်မှာ အကုန်ရတယ်"

ကိုသောင်းလှိုင်. . .

"ဟော့ကောင် တင်လတ်. .။ အကုန်တော့ မရနိုင်ပါဘူးကွာ။ မင်း အပိုတွေ မပြောပါနဲ့"

"သောင်းလှိုင်. . မင်း ကားသမားဇာတိ ပြမလာနဲ့။ ဒီဆိုင်မှာ အရက်နဲ့စားစရာမျိုးစုံ ရနိုင်တယ်လို့ ပြောတာ။ တလွဲမထင်နဲ့"

"အေးပါ. .။ ငါသိပါတယ်။ မင်းကို နောက်တာပါ"

ထိုစဉ် အမျိုးသမီးလေးများက စားစရာမှာကြားရန် ရောက်လာကြသည်။ စားသောက်ဆိုင်မှာ တဲကြီးဖြစ်သော်လည်း အတော်ကျယ်ဝန်းသည်။ စားသောက်စရာလည်း စုံသည်။

"အစ်ကိုတို့ ဘာမှာကြမလဲ။ ဒီဆိုင်မှာ စားစရာသောက်စရာ အစုံရနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်လတ်...

"ညနေစောင်းနေပြီ။ နည်းနည်းပါးပါး လုပ်ကြရအောင်။ ကျွန်တော်ပဲ မှာလိုက်တော့မယ်နော်။ ညီမရေ..ဝီစကီတစ်ပြားနဲ့ အမြည်းအရင်ချပေး။ ပြီးရင် အစ်ကိုတို့လေးယောက် ထမင်းစားမယ်။ ဟင်းအစုံချပေး"

"ဟုတ်ကဲ့ ဦးလေး"

ကိုသောင်းလှိုင်...

"ကောင်းကွာ..။ အသက်ပဲ ငါးဆယ်ရှိနေပြီ၊ ကိုယ့်သမီးအရွယ်တို့ အစ်ကိုတဲ့လေ။ ဟိုက မြန်ခေါ်သွားတာ ဦးလေးတဲ့၊ မှတ်ကရောကွာ"

ကိုတင်လတ်...

"ဟဲ..ဟဲ..ဒါလောက်တော့ ရှိမှာပေါ့ကွာ မောင်သောင်းလှိုင်ကလည်း။ အပိုတွေ ပြောနေပြန်ပြီ"

ကျွန်ုပ်တို့အဖွဲ့ သောက်ကြ၊ စားကြသည်။ တောထဲ၊ တောင်ထဲ၊ ကွင်းထဲဖြစ်သော်လည်း ဟင်းချက်လက်ရာမှာ အတော်ကောင်းပါသည်။ ထမင်းစားမြိန်သည်။ ငါးသလဲထိုးကြော်ဟင်းမျိုးပင် ပါသေးသည်။ ကြက်သား၊ ဆိတ်သား၊ ငါးရံ့အူဟင်းလည်း ပါသည်။ ကျွန်ုပ်တို့ စားသောက်နေစဉ်..

ကျွန်ုပ်...

"ဒါနဲ့ ကိုတင်လတ်ရေ..။ မြို့ရိုးတောင်နဲ့ မင်းကုန်းစခန်းကနီးတော့ ကျော်လာမှန်း ကျွန်တော်သိတယ်။ ရေနက်ကြီးစခန်းက ဘယ်မှာကျန်နေခဲ့တာလဲ"

ဦးတင်လတ်...

"အစ်ကို (၁) စခန်းမရောက်ခင်ကတည်းက ရေနက်ကြီးစခန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ခဲ့ပြီလေ။ အဲဒီစခန်းက လမ်းမကြီးနဲ့ဝေးပြီး အောက်ချိုင့်ထဲမှာမို့ စခန်းမရှိတော့ဘူး။ အခုစခန်းတွေက လမ်းမကြီးဘေးမှာတင်ပဲ"

ကျွန်ုပ်...

"ဩော်.. ကျော်လာခဲ့ပြီကိုး။ လမ်းမကြီးတွေက ကောင်းသွားပြီး ပတ်ဝန်းကျင်သဘာဝကလည်း ပြောင်းလဲသွားပြီ။ တောင်ကတုံးတွေဖြစ်ကုန်တော့လည်း မှတ်မိစရာ လုံးဝမရှိတော့ဘူးပေါ့"

ကိုသောင်းလှိုင်...

"အစ်ကို ဘာဇာတ်လမ်းတွေရှိလို့လဲ။ ပြောပြပါဦး"

"အင်း.. ပြောရရင်တော့ ကိုယ်စာရေးဆရာဖြစ်လာတာ ဒီရေနက်ကြီးစခန်းက စခဲ့တာပါပဲ။ ကိုယ်စရေးတဲ့ ဝတ္ထုတိုလေး 'ရက္ခစိုးခြေရာ' ဆိုတာ ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းမှာ စပြီးပါလာတာ။ အဖြစ်အပျက်ကတော့ ကိုယ်တို့ ရေနက်ကြီးစခန်းမှာ တာဝန်ကျစဉ် ၁၉၇၈ ခုနှစ်က ဖြစ်ပျက်ခဲ့တာပါ"

ကိုသောင်းလှိုင်...

"အစ်ကို.. လုပ်စမ်းပါဦးဗျာ။ အဲဒီဝတ္ထုလေး ကျွန်တော်မဖတ်ဖူးသေးဘူး"

"ကျွန်တော်တို့ခေတ်တုန်းက ရေနက်ကြီးစခန်းက တောအလွန်နက်တာ။ သစ်ပင်ကြီးတွေလည်း အလွန်ပေါတယ်။ တစ်ဖက်၊ နှစ်ဖက်တင်မကဘူး။ ပင်စည်ကြီးတွေက ယောက်ျားကြီးလေးငါးဖက်အထိ ရှိတယ်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ပျဉ်းမ၊ ဒီဒူး၊ လက်ပံ၊ မျောက်ချော စုံလို့ပဲ။ ဒီအထဲမှာ ပင်စည်အကြီးဆုံးနဲ့ အမြင့်ဆုံးကတော့ ကညင်ဖြူပင်ကြီးတွေပဲ။ အမြင့်ပေ ၂၀၀၊ ၃၀၀ အထိ ရှိကြတယ်။ အောက်ပင်စည်အခြေမှာ မြစ်ပျဉ်းကြီးတွေ ခံနေလို့ လွှမတိုးတာကြောင့် လူနှရပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းစင်ပြီး လွှမိတဲ့နေရာအပေါ် တက်ပြီးဆွဲရတာပါ"

အဲဒီတုန်းက လမ်းအူကြောင်းက (၁၀) ပေလမ်း၊ အကျယ်က ပေ (၆၀၀)။ အပြောင်ရှင်းရတာ။ တပ်ခွဲတစ်ခွဲဟာ တစ်နေ့ကို ကိုတာ ပေ (၆၀၀× ၁၀၀) သစ်ပင်ခုတ်ရတယ်။ သစ်တောပါးရင်တော့ အဆင်ပြေတာပေါ့။ သစ်တောထူပြီး ပင်စည်ကြီးတဲ့ အပင်ကြီးတွေပါရင် တစ်နေကုန်တာတောင် ပေ (၆၀၀× ၁၀၀) ကိုတာမပြည့်နိုင်တော့ ပိတ်ရက်တွေမှာပါ မနားရဘဲ အချိန်ပိုလုပ်ပေးရတယ်။

အဲဒီကညင်ပင်ကြီးက ကိုယ့်တပ်ခွဲက မတ္တရာနယ်သားတွေ ပြီးခဲ့တဲ့အပတ်က ငြိမ်းဆင်ပြီး လွှဆွဲပြီးသား။ ငမန်းလွှကြီး ဟိုဘက်သည်ဘက် ပေါက်သွားတာတောင် ကညင်ပင်ကြီးက မလဲဘူး။ ဖယောင်းတိုင်ကြီးလို မတ်မတ်ကြီးထောင်ပြီး ကျန်နေခဲ့တယ်။ ပတ်ဝန်းကျင်မှာလည်း အပင်ကြီးမရှိတော့ဘူး။ ထီးတည်းကြီး ကျန်နေခဲ့တာ။ အဲဒီကညင်ပင်ကြီး တစ်ပင်တည်းပဲ။

အဲဒါ တစ်ရက်မှာပေါ့. . ။ ရေနက်ကြီးစခန်းတာဝန်ခံ ထောင်ပိုင် ဦးသက်ထွန်းက လာမယ့်တနင်္လာနေ့မှာ လူကြီးတွေလာစစ်မှာမို့ ကိုယ်တို့ နားရက် တနင်္ဂနွေနေ့မနက်မှာ အပြီးခုတ်ပေးဖို့ ခိုင်းလာပါတယ်။

ကိုယ်လည်း တပ်ခွဲကိုအနားပေးထားပြီး မတ္တရာနယ်သား သစ်ခုတ်သမားလေးယောက်ကို ကပ်ပါး(ပုဆိန်) ကောင်းကောင်းနှစ်လက်ကိုသာ ယူစေပြီး သစ်ပင်ကြီးအခြေမှာ လူနှစ်ရပ်လောက်မြင့်တဲ့ ငြိမ်းဆင်ပြီး တစ်လှည့်စီခုတ်ခိုင်းရတော့တာပေါ့။ သူတို့ကလည်း ငြိမ်းပေါ်မှာ နှစ်၊ ယောက်၊ အောက်မှာ နှစ်ယောက် တစ်လှည့်စီ လူလဲပြီး ခုတ်ကြပါတယ်။ ခုတ်နိုင်းလို့သာ ခုတ်ရရှာပေမယ့် မတ္တရာနယ်သား သစ်ခုတ်သမားတွေ ခမျာ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ခုတ်ရရှာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုခုတ်ရင်း တစ်ယောက် မြြမ်းပေါ်က ပြုတ်ကျလာလို့ အောက်ကကောင်တွေ ဆီးဖမ်းတော့ အားလို့အော်ပြီး သတိမေ့သွားတယ်။ နှာနှပ်ပြုစုပေမယ့် သတိမရလို့ ရေနက်ကြီးစခန်းတာဝန် ဦးသက်ထွန်းကို အကြောင်းကြားတာနဲ့ စောင်ပုခက်ဆင်ပြီး မင်းတုန်းစခန်းဆေးရုံကို ပို့ရတော့တာပေါ့။ ကိုယ်လည်း ကိုယ့်တပ်ခွဲက တပည့်တွေဖြစ်တာကြောင့် လိုက်ရတော့တာပေါ့။ အဲဒီအချိန်မှာ ကားကြိုမရှိတာမို့ ရေနက်ကြီးနဲ့ မင်းကုန်းစခန်း သုံးမိုင်ကျော်ကျော်ကို လမ်းလျှောက်ကြရတယ်။ မင်းကုန်း ဆေးရုံရောက်လို့ ဆရာဝန်တွေပြုစုတာနဲ့ လူနာသတိပြန်ရလာတယ်။ ဒါပေမဲ့ စကားမပြောနိုင်တော့ဘူး။ သူ့ရင်ဘတ်ကို ပုတ်ပြနေလို့ အင်္ကျီချွတ်ကြည့်တော့ လား . လား . သူ့ရင်ဘတ်မှာ နီရဲနေတဲ့ လူခြေရာကြီးကို ထင်ထင်ရှားရှားမြင်ရတယ်။ ဆရာဝန်တွေလည်း အလွန်အံ့ဩတာပေါ့။

လူနာက စကားမပြောနိုင်လို့ စာရေးပြီး ဖြေခိုင်းတော့မှ သူ သစ်ပင်ကြီးကို ကပ်ပါးနဲ့ ခုတ်နေတုန်း ပင်စည်ကြီးထဲက ဖိုးသူတော်လို ဝတ်စုံအဖြူနဲ့လူကြီး ထွက်လာပြီး . .

'ငမိုက်သား . . ဆက်မခုတ်နဲ့' လို့ ဟားသံတဲ့။

သူလည်း သတိလက်လွတ်ဖြစ်ပြီး ဆက်ခုတ်နေမိတော့ . .

'ပြောမရရင် သွားလဟာ' လို့ဆိုပြီး ခြေထောက်နဲ့ သူ့ရင်ဘတ်ကို ကန်ချလိုက်တာတဲ့။ အဲဒီအချိန်မှာ သူလည်း 'အား' ခနဲအော်ပြီး ငြမ်းစင်ပေါ်က ပြုတ်ကျပြီး သတိမေ့သွားတာတဲ့လေ။ ဆရာဝန်တွေလည်း ဘာမှ မတတ်နိုင်လို့ မင်းကုန်းစခန်းက ထောင်မှူးကြီးဦးသိန်းမြင့်က စခန်းအနီး ရွာက မှဆိုးဟောင်းကြီးကိုခေါ်ပြတော့ မုဆိုးကြီးက အဲဒီကညင်ဖြူပင်ကြီးဟာ အစိကရအပင်ကြီးဖြစ်ကြောင်း၊ ယခင် သူတို့တောဝင်ကြရင် ကြက်ဥပြုတ်၊ လက်ဖက် စသည်တွေနဲ့ ပူဇော်ပသပြီးမှ တောဝင်ရကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



နတ်ကွန်းတစ်ခုလည်း အနားမှာရှိကြောင်း။ သူကိုယ်တိုင် အဲဒီအပင်ကြီး အောက်မှာ မအောင့်နိုင်လို့ အပေါ့စွန့်မိတာနဲ့ ဒုက္ခရောက်ခဲ့ရဖူးကြောင်း ပြောပြီး အပင်ကြီးဟာ လမ်းအလယ်ခေါင်မှာဖြစ်နေလို့ မခုတ်လို့မရဘူးဆို ရင်တော့ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ပူဇော်ပသတောင်းပန်ပြီး ခုတ်မယ့်လက် နက်တွေကို အပင်ကြီးခြေရင်းမှာ တစ်ညထောင်ထားရမှာဖြစ်ကြောင်း ပြောလို့ ကိုယ်တို့အဖွဲ့တွေ ထွန်စက်ကြီးတစ်စီးနဲ့ ဖောင်ကြီးတက်ဈေးဝယ် ပြီး လုပ်ရတော့တာပေါ့။ ထူးဆန်းတာက အဲဒီညမှာ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ပူဇော်လိုက်တာနဲ့ နောက်နေ့မနက် (၄) နာရီရောက်တော့ တော်လဲသံကြီး ပေးပြီး ကညင်ဖြူပင်ကြီးဟာ အလိုလိုလဲသွားတော့တယ်။ မနက်ကျတော့ ကိုယ်တို့ သွားကြည့်ကြတယ်။ ကညင်ဖြူပင်ကြီးဟာ အလျားပေ (၁၀၀) ကျော်မြင့်ပြီး လဲနေတဲ့အချိန် ကိုယ့်အရပ်နဲ့တိုင်းကြည့်တော့ ပင်စည်လုံး ပတ်ဟာ ကိုယ့်အရပ်ထက် တစ်ပေလောက် ပိုမြင့်နေသေးတယ်။ ကိုယ့် အရပ်က ငါးပေဆယ်လက်မမြင့်တယ်လေ။ အံ့သြစရာမကောင်းဘူးလား။ အဲ..အပင်ကြီးလဲတော့ ပြောရဦးမပေါ့။ မင်းကုန်းဆေးရုံတက်နေရတဲ့ လူမမာဟာ စကားပြန်ပြောနိုင်လာပြီး ရင်ဘတ်က နီရဲနေတဲ့လူခြေရာကြီး လည်း တစ်ပတ်လောက်အကြာမှာ တဖြည်းဖြည်း မှိန်ပြီး ပျောက်သွား တော့တာပဲ”

ကိုတင်လတ်...

“အတော်အံ့သြစရာကောင်းတာပဲနော်။ အဲဒီ အစ်ကိုတို့ခေတ် က တောကြီးမျက်မည်းအခြေအနေ။ အခုလည်း ကွင်းဖြစ်သွားပေမယ့် တောထုံးစံက ရှိတုန်းပဲ ထင်ပါရဲ့ဗျာ”

ကျွန်ုပ်...

“ဘာတွေများ ကြုံခဲ့ဖူးသေးလို့လဲ ကိုတင်လတ်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရေနက်ကြီးစခန်းအဝင်နားက လမ်းအတော်ဆိုးတယ် သခင်ရ။ အောက်ချိုင့်ထဲကို ဆင်းရတာ။ ကားမကြာခဏမှောက်တယ်။ ချော်လဲရင်လည်း မြေကိုင်လို့ ဒူးတွေ၊ ခြေထောက်တွေ ရောင်ကိုင်းလာတတ်တယ်။ အဖျားအနာထူပြောပြီး မြေကြမ်းလွန်းလို့ အဲဒီမှာ ကျွန်တော်တို့ခေတ် လမ်းခင်းတော့လည်း စခန်းမထားတော့တာပဲ။ အစ်ကိုပြောမှပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့သိရတော့တာပဲ။ အတိတ်က ဆိုးခဲ့တဲ့နေရာဟာ ပစ္စုပ္ပန်မှာလည်း ဆိုးဆဲပဲ။ အနာဂတ်မှာတော့ လမ်းမကြီးလည်း စည်ကားဖွံ့ဖြိုးလာပြီး ဒါမျိုးတွေ မှေးမှိန်ပျောက်ကွယ်သွားမယ် ထင်ပါရဲ့ဗျာ"

ကျွန်ုပ်...

"ခေတ်ကာလ တိုးတက်ပြောင်းလဲ ခေတ်မီလာတော့လည်း တဖြည်းဖြည်းကောင်းမွန်လာမှာပေါ့ဗျာ။ ဒါနဲ့ ဒီ(၃) မိုင်စခန်းက အလျှင်က ဘာစခန်းလဲဗျ။ ကိုတင်လတ်သိသလား"

"အစ်ကိုရေ..အရင်က လက်ဝဲဘက်အတွင်းထဲမှာ ကျွန်းတစ်စုံစခန်းဟောင်းတော့ ရှိတယ်။ လမ်းနဲ့ဝေးတာကြောင့် (၃) မိုင်စခန်းကို လမ်းဘေးမှာပဲ ဖွင့်ခဲ့တာ။ ရှေ့နားမှာ ကျွန်တော်တို့ရဲ့ အမြန်လမ်းအလုပ်ခွင်နဲ့ ဘီလပ်မြေဖျော်စက်ကြီးတွေ ရှိတယ်။ ကားစခန်းလည်း ရှိတယ်။ အတော်စည်ကားနေပါပြီ"

ကျွန်ုပ်တို့အဖွဲ့ စားသောက်ပြီး ပြန်ထွက်ခဲ့ကြသည်။ မကြာမီ ကားစခန်းနှင့် ဘီလပ်မြေဖျော်စက်ကြီးသို့ ရောက်သည်။ ဘီလပ်မြေဖျော်စက်ကြီးမှာ ပေငါးဆယ်ခန့်မြင့်မားပြီး တောင်စောင်းပေါ်တွင် အုတ်သဲ ထည့်သော ကန်ကြီးများရှိသည်။ ထိုအထဲသို့ မြေကော်စက်ကြီးများက သဲနှင့် ကျောက်စရစ်ခဲများ လောင်းထည့်ပေးပြီး ကောင်းကင်ဘတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးများနှင့် သယ်ယူ၍ ကောင်းကင်အိုးကြီးများထဲသို့ အချိုးအစားအတိုင်း ထည့်ပေးရသည်။ ထိုအထဲသို့ ရေနှင့်ဘီလပ်မြေ ရောမွှေကာ သမအောင် နယ်၍ အောက်မှကားများထဲသို့ လိုအပ်သလိုဖွင့်ချပြီး ထည့်ပေးရသည်။ ကားများက တစ်စီးပြီးတစ်စီး သယ်ယူ၍ လမ်းခင်းစက်ကြီးရှိရာသို့ ပို့ပေးရသည်။ Lotter စက်ကြီးများက ဘီလပ်မြေအပုံကြီးအား လိုအပ်သလို လမ်းခင်းညှိပေးရခြင်းဖြစ်သည်။ အသွားသုံးလမ်း၊ အပြန်သုံးလမ်း၊ အလယ်တွင် ကျွန်းခံ၍ ခေတ်မီ အင်္ဂတေခင်း အမြန်လမ်းမကြီး ဖောက်လုပ်နေခြင်းဖြစ်၏။ အနာဂတ် ခေတ်မီနိုင်ငံတော်အတွက် အမြန်လမ်းမကြီးမှာ မရှိမဖြစ် လိုအပ်သည်လေ။

ကျွန်ုပ်တို့ကားလေး ဆယ်မိုင်ခန့်ရောက်လာတော့ ကိုတင်လတ်က ပြောပြန်သည်။

"အစ်ကိုရေ့ . လမ်းမကြီးလက်ဝဲဘက် တောထဲမှာ အစ်ကိုတို့ သုံးတန်ကူးစခန်းဟောင်းရှိတယ်။ လမ်းမကြီးနဲ့ အတော်ဝေးသွားပြီ။ သုံးတန်ကူးစခန်းက ချောင်းမြောင်းပေါလို့ အရင်လမ်းနယ်မြေကို မသုံးတော့ဘဲ ဒီဘက်ကို ကွေ့ဖောက်လိုက်တာ။ ဟိုရှေ့မှာ လမ်းမကြီးကွေ့သွားတာ မြင်တယ်မဟုတ်လား။ ချောင်းမြောင်းပေါတော့ တံတားဆောက်ရမယ်လေ။ တံတားဆောက်တာက လမ်းဖောက်တာထက် စရိတ်ကြီးတော့ ချောင်းမြောင်းကို ရှောင်ရတာပေါ့ဗျာ"

ကျွန်ုပ်...

"ဟုတ်တယ် ကိုတင်လတ်ရယ်။ သုံးတန်ကူးစခန်းက ချောင်းမြောင်းပေါတယ်။ သစ်တောထူထပ်တယ်။ တောင်ကုန်းတွေပေါတယ်။ ကျွန်တော်စဆောက်ခဲ့တဲ့ စခန်းပဲ။ မြေနေရာက အတော်ကျဉ်းတယ်။ နဲဘက်ငါးရာခန့် ဘားတိုက်တွေကို မြေညီမှာ ဆောက်နိုင်ပေမယ့် စခန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးအိမ်ကို တောင်ကုန်းတွေပေါ်မှာ မြေညှိပြီး ဆောက်ရတာ။ အဲဒီစခန်းမှာလည်း ထူးဆန်းတာတွေ ဖြစ်ခဲ့သေးတယ်"

ကိုသောင်းလှိုင်...

"ဘာတွေဖြစ်ခဲ့သေးသလဲ အစ်ကို"

ကျွန်ုပ်...

"သစ်ပင်ကြီးတွေပေါ့ဗျာ..။ ပင်ခြေရင်းက ခုတ်ထားပြီးပေမယ့် ညညကျ ထပ်တလဲလဲ တော်လဲသံကြီးပေးပြီး ပြန်ပြန်လဲတဲ့အသံကို ပေးတတ်တယ်။ သွားကြည့်ရင် အဲဒီအသံပေးတဲ့အပင်ကြီးတွေဟာ ပုံစံ မပျက် မြေပြင်ပေါ်မှာ လဲလျက်ပဲ။ နေရာတောင် မရွှေ့ဘူး။ အံ့သြစရာ အလွန်ကောင်းတယ်"

ကိုသောင်းလှိုင်...

"အစ်ကိုရေးခဲ့တဲ့ 'သရဲနာရီပင်ကြီး' ဆိုတာ မဟုတ်လား။ ကျွန်တော် အဲဒီဝတ္ထုတိုလေးကိုတော့ ဖတ်ဖူးတယ်"

ကျွန်ုပ်...

"မဟုတ်သေးဘူး။ 'သရဲနာရီပင်ကြီး' ဆိုတဲ့ ဝတ္ထုတိုလေးက ကိုယ်တို့ခေတ်က အမှတ် (၉) စခန်း၊ လူသေမြှောင်ဆိုတဲ့ စခန်းအမည်က နေ 'လျှော်ကုန်းစခန်း' လို့ အမည်ပြောင်းခဲ့တာ။ အဲဒီစခန်းက အပင်ကြီး အကြောင်း ရေးခဲ့တာ။ အဲဒီအပင်ကြီးက မနက် (၃) နာရီတိတိမှာ ပုံမှန် လဲသံပေးတယ်။ တပ်ဝင်းထဲက ကျွန်းပင်ကြီးပဲ။ သွားကြည့်ရင် နွယ်ပင် စိမ်းတွေ တက်နေပြီ။ တစ်ဝက်တစ်ပြက်တောင် မီးလောင်ပြီးပြီ။ ဒါပေမဲ့ ညစဉ်ညတိုင်း တော်လဲသံကြီးပေးပြီး လဲတယ်။ အချိန်မှန် မနက် (၃) နာရီမှာ လဲသံပေးတတ်လို့ သရဲနာရီပင်ကြီးလို့ ခေါ်ကြတာ"

ကိုသောင်းလှိုင်...



www.burmeseclassic.com

www.burmeseclassic.com



"အခုဆိုရင် အဲဒီစခန်းတွေ ပျက်ကုန်ပြီပေါ့နော်"

ကျွန်ုပ်. . .

"ယာယီစခန်းတွေပဲ။ ပျက်ကုန်ရောပေါ့။ စခန်းရုပ်သိမ်းပြီး မုဆိုးတွေရောက်တော့ ကျားတွေ အိမ်လုပ်ပြီး တက်နေတယ်လို့ ပြောကြတယ်။ တောခေါင်ခေါင်မှာ လူမနေတော့ ကျားစခန်းဖြစ်သွားတာပေါ့လေ"

ကိုတင်လတ်. . .

"အပြောင်းအလဲဆိုတာ မြန်တာနဲ့ နှေးတာပဲ ကွာတယ်နော် အစ်ကို။ ပြောင်းလဲသင့်ရင် မဖြစ်မနေ ပြောင်းလဲမှုဆိုတာ ဖြစ်ပေါ်လာတာပဲနော်"

ကျွန်ုပ်. . .

"အင်း. . အဲဒီလိုပြောင်းလဲမှုတွေအတွက် ပေးဆပ်ရတာက မနည်းပါဘူးဗျာ။ ကျွန်တော်တို့ခေတ်က အခုလို ခေတ်မီစက်ယန္တယား ခေတ် မဟုတ်ဘဲ Man Power ပဲ သုံးရတော့ လုပ်ငန်းလည်ပတ်မှု နှေးကွေးပြီး ဖျားနာထိခိုက် ဒဏ်ရာရသူ၊ သေဆုံးသူ အလွန်များတာပေါ့။ ကျွန်တော်ကိုယ်တိုင်တောင် ငှက်ဖျားမိပြီး သေကောင်ပေါင်းလဲ ဖြစ်ခဲ့တာပါ"

ကျွန်ုပ်တို့ကားကလေး ယခုအခေါ် (၃) မိုင်စခန်းလွန်တော့ (၆) မိုင်စခန်း၊ (၉) မိုင်စခန်း၊ (၁၂) မိုင်စခန်းများကို ဖြတ်သန်းလာသည်။ လမ်းဘေးတွင် လူနေအိမ်ခြေနှင့် ဈေးဆိုင်များအား မတွေ့ရတော့ပါ။ သစ်တောကြီးအား ခုတ်ထားသည့် တောင်ကတုံးများနှင့် လျှိုမြောင်များ ပေါ်များလာသည်။ အဆင်းအတက်လည်း ပေါ်များလာသည်။ နံဘေးနှစ်ဖက် တောတောင်စိမ်းစိမ်းအလယ်ကောင်တွင် ဖြူဖွေးနေသော ကွန်ကရစ်လမ်းမကြီးကို ထင်ရှားစွာမြင်နေရသည်။ လမ်းသစ်ဖြစ်သော်လည်း နေ



www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်အထိ ပေါက်ရောက်နေပြီဖြစ်သဖြင့် ကားလေးများ အသွ
အလာ ဥဒဟိုပြေးလွှားနေကြသည်။ ကားကြီးများကိုလည်း တွေ့ရသည်
အမြန်လမ်းစီမံကိန်းမှ မြေသယ် (၆) ဘီး၊ (၁၀) ဘီး ကားဝါကြီးများသ
ဖြစ်သည်။ လမ်းဘေး၌လည်း လုပ်ငန်းခွင်ဝင်နေကြသည့် အလုပ်သမ
ကြီးများနှင့် DOZER, LOTTER ကားကြီးများ၊ မြေညှိစက်ကြီးမျာ
လမ်းကြိတ်စက်နှင့် လမ်းထုစက်ကြီးများအား တစ်လမ်းလုံးလှုပ်ရှား
သည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ကားကလေး တံတားတစ်ခုအားဖြတ်ကျော်စဉ် ကျွ
အမှတ်မထင်လှမ်းကြည့်မိရာ ပဲခူးချောင်းတံတား (၆၂၅) မိုင်ဟု ရေး
ထားသည်။

ကိုသောင်းလှိုင်. . .

"အစ်ကိုရေ. . ကျွန်တော်တို့ ဇောင်းတူရောက်ပြီ။ လမ်းဝဲဘ
မှာ ဇောင်းတူ၊ ညာဘက်မှာ ဘောနက်ကြီးရောက်တော့မယ်။ ဒါ. . ကျွ
တော်တာဝန်ကျတဲ့ စခန်းပဲ"

ကျွန်ုပ်တို့တာဝန်ထမ်းဆောင်စဉ်က တောင်ပိုင်ဦးကျော်ထ
စခန်းတာဝန်ခံလုပ်ခဲ့သည့် မအူပင်ဆိပ်ဆိုသောစခန်းပင် ဖြစ်ပါလိမ့်မည်
လယ်ကွင်းပြင်အလယ်တွင် တည်ဆောက်ထားသော စခန်းကြီးဖြစ်
စခန်းပတ်ဝန်းကျင်၌ ညအခါ ယုန်လိုက်ရသည်မှာ ပျော်စရာအလွ
ကောင်းသည်။ တောယုန်ကြားကြီးများမှာ တစ်ပိဿာ၊ နှစ်ပိဿာခ
သည်။ မီးရောင်မြင်သည်နှင့် ချုံပုတ်များအတွင်းမှ ခုန်လိုက်ပြေးထွက်
တတ်သည်။ ဝါးဆစ်ပိတ်တုတ်ပိုင်းနှင့် ပစ်ရုံသာဖြစ်သည်။ ယုန်မှ
သနားစရာအလွန်ကောင်းသော်လည်း ယုန်သားမှာ စား၍ အလွန်ချိုသည
တောထဲတောင်ထဲဖြစ်၍ အသားအတွက်တော့ တောကောင်သားများ



www.burmeseclassic.com

www.burmeseclassic.com



သာ အားထားနေရပေသည်။ အသီးအရွက်ဆိုလျှင်လည်း ရာသီအလိုက် တောသီးတောနှံများက အဆင်သင့်သီးပွင့်လာတတ်သည်။ သားငါးဆိုလျှင် လည်း မိုးရာသီတွင် ပေါများလှသည်။ ဝါးမျှစ်ဆိုသည်ကတော့ တောထဲ တောင်ထဲတွင် အပေါဆုံးပင်။

ကျွန်ုပ်တို့ ဖောင်းတူကျော်ပြီး ချောင်းကူးတံတားတစ်ခုရောက် တော့ (၆၈ ၂) မိုင်ဟု ရေးထားသည်။ ကျွန်ုပ်တို့ အတွင်းလမ်းဖြင့် မိုင် (၆၀) ကျော် လာခဲ့ရပြီး ပဲခူးဘုရားကြီးကို ကျော်လာပြီဖြစ်၍ ပျဉ်ပုံကြီး လောက် ရောက်ပြီထင်ပါသည်။

ကျွန်ုပ်တို့ကားကလေး ဘိလပ်မြေဖျော်စက်ကြီးဝင်းအတွင်းသို့ ဝင်ခဲ့ကြ၍ နားကြသည်။ မကြာမီ ကိုသောင်းလှိုင်၏ (၁၀) ဘီးကားအား တတိယယာဉ်မောင်းအကူ ဘဲဥဆိုသူက မောင်းလာပြီး ဘိလပ်မြေဖျော် စက်ကြီးအောက်တွင် ကားထိုး၍ ဘိလပ်မြေတင်နေစဉ် စကားပြောကြ သည်။ ကိုသောင်းလှိုင်၏ ဒုတိယဒရိုင်ဘာမှာ ခွင့်ပြန်သွားပြီဖြစ်သည်။ သူတို့လုပ်ငန်းမှာ ကားမနားရ။ လူသာ တစ်လှည့်စီနားရသော လုပ်ငန်း ဖြစ်သည်။ စီမံကိန်းအင်ဂျင်နီယာများကလည်း ဆိုင်ကယ်ကလေးများဖြင့် ဥဒဟိုလှုပ်ရှားပြေးလွှားနေကြသည်။

ကိုသောင်းလှိုင်. . .

"အစ်ကို. . လာဗျို့။ Site သွားရအောင်။ အတွေ့အကြုံရတာ ပေါ့"

မကြာမီ ဘဲဥမောင်းသော TIPER ခေါ် (၁၀) ဘီးကားကြီးဖြင့် ကျွန်ုပ်နှင့်ကိုသောင်းလှိုင် Site ထဲလိုက်ခဲ့ကြသည်။ ကားကြီးမှာ အတော် မြင့်သည်။ လမ်း Site ထဲရောက်တော့ အပြန်လမ်းခင်းသည့်နေရာတွင် ကားကြီးအား နောက်ဘော်ဒီမ၍ ချလိုက်ရုံသာဖြစ်သည်။ ထို့ဖြင့် ဘိလပ်



www.burmeseclassic.com

www.burmeseclassic.com



မြေမြှော်စက်ရှိရာသို့ ပြန်ခဲ့ကြသည်။ ဤသို့ဖြင့် ဘိလပ်မြေသယ်၊ မြေကြီးသယ် ကားကြီးများမှာ ဥဒဟိုသွားနေကြသည်။ ပျဉ်းမနား၊ နေပြည်တော်ဘက် သွားကြသည့် ကားလေးများကလည်း ဥဒဟိုသွားနေကြသည်။ လမ်းလုပ်သားများကတော့ မနားကြပါ။ တစ်ဆိုင်းပြီးတစ်ဆိုင်း အလုပ်လုပ်နေကြသည်။ စက်ခေတ်နှင့် လက်ခေတ် အလွန်ကွာခြားလှသည်။ ကျွန်ုပ်တို့ခေတ်တုန်းကတော့ တစ်နေကုန် ကျောပြောင်ကြီးများဖြင့် ကပ်ဆွဲကြရသည်။ ပေါက်တူး၊ ပေါက်ချွန်းဖြင့် မြေတူးကြရသည်။ တောင်ကြီးကိုလည်း ဖြိုခဲ့သည်။ လျှိုမြောင်များကိုလည်း ဖို့ခဲ့သည်။ ကြီးမားသော တောကြီးများကိုလည်း လက်ဖြင့်ပင် ကပ်ပါး၊ ငမန်းလွှသုံး၍ လှဲခဲ့ကြရသည်။ အတိတ်နှင့်ပစ္စုပ္ပန် ကွာခြားလွန်းလှသည်။ အနာဂတ်တွင်တော့ ပစ္စုပ္ပန်ခေတ်ထက်သာလွန်ကောင်းမွန်ပေလိမ့်မည်။

ကျွန်ုပ်...

"ကိုသောင်းလှိုင်.. အခု ဒီအမြန်လမ်းကြီးကို အစိုးရကချည်းဖောက်တာလား"

"မဟုတ်ဘူးအစ်ကို။ ကုမ္ပဏီတွေလည်းပါတယ်။ သူ့အပိုင်းနဲ့သူပေါ့။ လမ်းမကြီးက အသွားသုံးလမ်း၊ အပြန်သုံးလမ်း၊ ခြောက်လမ်းသွားစီမံကိန်း။ ကွန်ကရစ်ထုက မြေပေါ်မှာနှစ်ပေ၊မြေအောက်နှစ်ပေ ရှိတယ်။ ကတ္တရာလမ်းထက် ခိုင်တာပေါ့။ နောက်.. တိုင်းပြည်မှာ ဘဏ္ဍာငွေတောင့်တင်းရင် ထပ်ပိုးလွှာ နိုင်လွန်ကတ္တရာခင်းနိုင်အောင် လုပ်ထားတာပါ"

ကျွန်ုပ်...

"အင်း.. နိုင်လွန်ကတ္တရာခင်းနိုင်ရင်တော့ အလွန်ကောင်းမှာပါ။ အခုအတိုင်းကတော့ ကားတာယာအလွန်စားမှာပဲနော်"

ကိုသောင်းလှိုင်...



www.burmeseclassic.com

www.burmeseclassic.com



"အရင် မန္တလေးလမ်းဟောင်းက အတော်ပျက်နေပြီ အစ်ကို။ ကားလမ်းက ကွေ့ပိုက်နေပြီး အတော်ရှည်တယ်။ ဒီလမ်းကတော့ နေပြည်တော်ကို သုံးနာရီကျော်ကျော်နဲ့ ရောက်နိုင်တယ်။ အမြန်လမ်းဆိုတဲ့အတိုင်း လမ်းအင်္ဂါနဲ့တော့ ညီရပေမပေါ့လေ"

ကျွန်ုပ်...

"ကိုသောင်းလှိုင်.. ဒီရှေ့မှာ ဘာစခန်းတွေ ရှိသေးလဲ"

"ရှေ့စခန်းတွေကို ရွာနာမည်မတပ်တော့ဘူး အစ်ကိုရ။ (၁၅) မိုင်စခန်း၊ (၁၈) မိုင်စခန်း၊ (၂၁) မိုင်စခန်းလို့ သုံးမိုင်ခြားပြီး ခေါ်ကြတယ်။ ရှေ့မှာ ရွာတွေနဲ့လည်း ဝေးသွားပြီ။ လမ်းဘေးမှာ တောနဲ့တောင်ပဲ ရှိတော့တယ်။ ဒီလမ်းမကြီးက ကားကောင်းမှ အစ်ကိုရ။ ကားပျက်ရင်တော့ တောထဲမှာ ဒုက္ခရောက်ပြီသာမှတ်။ စားသောက်ဆိုင်နဲ့ ကျွတ်ဖာ၊ လေထိုးဆိုင်၊ ကားပြင်ဆိုင်တွေ ရှိတော့ဘူးဗျ"

ကျွန်ုပ်...

"ကျွန်တော်တို့ခေတ်တုန်းကတော့ ညောင်လေးပင်၊ ဖထိုလမ်းဆုံကနေ ဝင်ပြီး ခလရ (၂၂) ထင်ပါရဲ့။ အဲဒီကနေ တောင်ပေါ် (၁၄) ရွာစခန်းကို တက်ရတာ။ ရိုးမကြောပေါ်အထိ အတက်ချည်းပဲ။ အဲဒီတုန်းက HINO (TE) ကားအသစ်ကြီးတွေနဲ့ ရိုးမ (၂) စခန်းကို ရဲဘက်နဲ့ ရိက္ခာပို့ရတာ။ စခန်းတာဝန်ခံက ယောင်ပိုင်ဦးညီစိန်ဗျ။ အဲဒီစခန်းက မုဆိုးထောင်မှူးက ဦးညာကြီး။ ကျွန်တော်တို့ အဲဒီစခန်းမှာ ကျားသား၊ ဝက်ဝံသား၊ ချေသား၊ ဆတ်သားတောင် စားခဲ့ရတာ။ စခန်းအနီး ထန်းပင်၊ အုန်းပင်တွေ တွေ့လို့ မေးကြည့်တော့မှ တောင်ပေါ် (၁၄) ရွာစခန်းတဲ့။ သခင်သန်းထွန်းတို့ ကျဆုံးတဲ့နယ်မြေပေါ့။ တောင်ပေါ်က ရွာသားတွေကို ပြည်မြို့ အဝင်ဝမှာ ပျဉ်ထောင်သွပ်မိုးအိမ်တွေ ဆောက်ပေးပြီး စာသင်ကျောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေးခန်းနဲ့ ထားပေမယ့် တောင်ပေါ်သားတွေက ဒေသအစွဲအလမ်း ကြောင့် တစ်နှစ်၊ နှစ်နှစ်သာနေကြပြီး တောင်ပေါ်ကို ပြန်ပြောင်းပြေးကြ တယ်လို့လည်း သိရတယ်ဗျ။ အဲဒီနေရာက တောအတော်နက်ပြီး တောင် ကုန်းများတယ်။ ရိုးမကျောပေါ်ဖြစ်လို့ တောကောင်ကလည်း ပေါတယ်။ ဆင်တွေ၊ ကျားတွေတောင် ရှိတယ်။ အခု အဲဒီနေရာတွေဘက်ကော အမြန်လမ်းရောက်သလား''

''မရောက်ဘူးထင်တယ်ဆရာ။ အခုလမ်းမကြီးက မြေပြန့်ကို ရွေးဖောက်တာ များတယ်။ နဂိုလမ်းအူကြောင်းကတော့ တစ်ဖြောင့်တည်း ပေါ့။ အခုတော့ တောင်ကြီးတွေ၊ မြစ်တွေ၊ ချောင်းတွေ၊ လျှိုတွေကို ကွင်းရှောင်တာ များတယ်။ ကျွန်တော်လည်း အစအဆုံးတာဝန်ကျတာ မဟုတ်တော့ အသေအချာမသိဘူး အစ်ကိုရေ''

ကိုသောင်းလှိုင်၏ ကားကိစ္စ၊ လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စများ အား ဆောင်ရွက်နေစဉ် ကျွန်ုပ် ဇောင်းတူ၊ ဘောနက်ကြီးစခန်းများအား လှည့်ပတ်ကြည့်ရှုသည်။ လွန်စွာပြောင်းလဲသွား၍ ကျွန်ုပ်မမှတ်မိတော့ပါ။ ဇောင်းတူရွာကလေးမှာ ယခင်က ငှက်ဖျားထူထပ်ပြီး အိမ်ခြေအလွန်နည်း သည်။ ယခု ဇောင်းတူရေကာတာကြီးနှင့်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မြို့တစ်မြို့အသွင် ဖြစ်နေပေပြီ။ ကားလမ်းကြီး ပြီးစီးလျှင် ဇောင်းတူမှာ အလွန်စည်ကားပေလိမ့်မည်။ ကျွန်ုပ်တို့ ခေတ်တုန်းကတော့ လျှော်တုန်း စခန်းမှ မအူပင်ဆိပ် (ယခုဇောင်းတူ) စခန်းအထိ၊ မိုင်နှစ်ဆယ်ကျော်ခရီး ကို လမ်းလျှောက်ရသည်။ မအူပင်ဆိပ်စခန်းမှ ကညင်ပင်စခန်း၊ သုံးတန် ကူးစခန်း၊ နတ်ရေတွင်းစခန်း၊ ကျွန်းတစ်စိုစခန်း၊ ရေနက်ကြီးစခန်းတို့ကို လွန်မှ မင်းကုန်းစခန်းသို့ရောက်သည်။ အားလုံး ကုန်းကြောင်းခရီးများသာ ဖြစ်သည်။ ရန်ကုန်ပြန်လိုလျှင်တော့ မင်းကုန်းစခန်းမှ ကားကြီးကို စောင့်စီး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားကြို့မရှိလျှင်တော့ ဖောင်ကြီးသွား၍ ချက်ပလက်ဖိုက်ပူကား ကို အမိုးပေါ်က စီးရသည်။ အတော်ဒုက္ခရောက်၍ ပင်ပန်းဆင်းရဲသောခရီး ဖြစ်သည်။ ငှက်ဖျားကလည်း ထူပြောလှသည်။ ဝန်ထမ်းတိုင်း၊ ရဲဘက်တိုင်း ငှက်ဖျားမဖြစ်ဖူးသူ မရှိ။ တာဝန်ကျဆရာဝန်တောင် ငှက်ဖျားဖြစ်သည်။ လူတိုင်းကို ကြည့်ပါက အသားအရေမွဲခြောက်ခြောက်နှင့် ဗိုက်ပူနံကားများ ဖြစ်သည်။ ငှက်ဖျားကာကွယ်ဆေး ကြိုတင်သောက်သော်လည်း ငှက်ဖျား ရောဂါကတော့ ဖြစ်ဖြစ်အောင် ဖြစ်သေးသည်။ ကာကွယ်ဆေးသောက်သူ များကတော့ ခံသာသည်။ အသက်ဆုံးရှုံးအောင် မဖြစ်နိုင်။ ကာကွယ်ဆေး ကို ခါးလွန်း၍ မသောက်သူများကတော့ ငှက်ဖျားဝင်သည်နှင့် ဒဏ်မခံနိုင်။ အသက်ဆုံးရှုံးရသည်က များသည်။ ရိုးမတောကြီးမှာ ချစ်စရာအလွန် ကောင်းသလို ကြောက်စရာလည်း အလွန်ကောင်းလှသည်။ ကျွန်ုပ်တို့ ခေတ်က မြွေကိုက်ခြင်း၊ ကျားကိုက်ခြင်းကြောင့်လည်းကောင်း၊ ဆင်နင်း၍ လည်းကောင်း၊ မြေပဒူအိမ် နင်းမိ၍လည်းကောင်း သေဆုံးသူများလည်း ရှိသည်။ တောဓါးမာယာ၊ တောဓါးပရိယာယ်မှာ ကြွယ်ဝလှသည်။ လူအုပ် များ၍သာ ခံသာသည်ဟု ဆိုရပေမည်။

ကိုသောင်းလှိုင်တို့ ကိစ္စဝိစ္စများပြီးတော့ ပြန်ခဲ့ကြသည်။ ညနေ လည်း စောင်းပေပြီ။ ဆောင်းအဝင်မို့ တောဓါတ်ဇာတိ ပြလာသည်။ အလွန် အေးစိမ့်ပြီး လမ်းမကြီးတစ်လျှောက် လေတဟူးဟူးတိုက်လာသည်။ သို့ သော် ရိုးမတောအလယ်ခေါင် ရောက်နေသော်လည်း တောတိရစ္ဆာန်သံ မကြားရတော့။ ယုတ်စွအဆုံး ငှက်မြည်သံ၊ တောကြက်တွန်သံပင် မကြားရတော့။ အမြန်လမ်းကြီး လုပစွာ အကောင်အထည်ပေါ်လာသော် လည်း တောသဘာဝ၊ အလှအပများ ဆုံးရှုံးပြီဖြစ်သည်။ တောင်ကတုံး ပေါ်တွင်တော့ လက်ကျန်အင်ပင်ပေါက်ကလေးများကို တွေ့ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ပြန်တော့ ညနေ (၅) နာရီကျော်ခန့်ရှိပြီ။ ဆောင်းဦးပေါက်မို့ နေ့တာတိုသည်။ တဖြည်းဖြည်း မှောင်ပြီး အေးစိမ့်လာသည်။ ခရီးသွားကားများကတော့ မရပ်မနား သွားနေကြသည်။ လမ်းဘေးလုပ်ငန်းခွင်များတွင် လုပ်ငန်းမသိမ်းကြသေး။ မြေထိုးစက်များ၊ မြေညှိစက်များ၊ မြေသယ်ကားများနှင့် လမ်းခင်းစက်ကြီးများကလည်း မီးထိုး၍ လုပ်ငန်းခွင်ဝင်နေကြဆဲပင်ဖြစ်သည်။

ကိုသောင်းလှိုင်၏ကားမှာ ကားသစ်ကလေးဖြစ်၍ အမြန်လမ်းအင်္ဂတေလမ်းမပေါ်တွင် ကီလို (၈၀) အရှိန်ဖြင့် လျှင်မြန်စွာပြေးနေသည်။ အခြားကားများကလည်း ကီလို (၈၀) အမြန်နှုန်းထက် နိမ့်မည်မထင်။ ကားတစ်စီးနှင့်တစ်စီး ဖြတ်ရာ၊ ကျော်ရာတွင် တရှိုးရှိုးလေချွန်သံကြားရအောင် မြန်ဆန်လှသည်။ ယခုအခါတွင် အသွားလမ်းကို အပြန်လမ်းပါလုပ်၍ မောင်းနေကြရခြင်းဖြစ်သည်။ အလယ်တွင် ကျွန်းခံထားသော အသွားလမ်း၊ အပြန်လမ်း (အမြန်လမ်းမ) ကြီးသာ ပြီးစီးပါက တစ်နာရီ ကီလို (၁၀၀) ကျော်မောင်းနှင်နိုင်ပြီး နေပြည်တော်သို့ အချိန် (၂) နာရီကျော်ဖြင့် ရောက်နိုင်မည်ဟု ခန့်မှန်းသည်။

ကျွန်ုပ်တို့ တာဝန်ထမ်းဆောင်ခဲ့သော အတိတ်ကာလသည် ဟိုဘက်ကမ္ဘာတွင် ကျန်ရှိခဲ့လေပြီ။ ပစ္စုပ္ပန် သည်မှာဘက်ကမ္ဘာတွင်တော့ တိုးတက်မှုလမ်းစကို မြင်နေရလေပြီ။ ဆက်သွယ်ရေးလမ်းကြောင်း မြန်ဆန်ချောမွေ့လျှင် တိုင်းပြည်တိုးတက်စည်ပင်ဝပြောမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့သော် ရေမြေသဘာဝ၊ ရာသီဥတုကို ထိန်းသော တောမပြုန်းအောင်တော့ ကာကွယ်ရန်လိုပေသတည်း။

❁ ❁ ❁

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# စိတ်၏စေရာ

အမေရန်ကုန်သို့လာသည့်အခါတိုင်း ကျွန်တော်တို့မြို့မှ သတင်းများ၊ နောက်ဆုံးအဖြစ်အပျက်များကို ပြောပြတတ်ပါသည်။ အများအားဖြင့် ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်ထဲက လူများအကြောင်းဖြစ်ပါသည်။ ဘယ်သူဘယ်ဝါဖြင့် ကွယ်လွန်သွားပြီ၊ ဘယ်သူနဲ့ဘယ်သူ အိမ်ထောင်ကျတယ်၊ ဘယ်လင်မယားဖြင့် ကွဲသွားကြပြီ ဆိုသည့်အကြောင်းများပင်။ သူငယ်ချင်းများအကြောင်း၊ ငယ်ပေါင်းကြီးဖော်များအကြောင်း၊ တစ်ရပ်တည်းနေသူများအကြောင်းတွေကို သိခွင့်ရသည့်အတွက် အဖိုးတန်လှပါသည်။ တကယ်တော့ နယ်မြို့လေး၏ ရပ်ကွက်တစ်ခုမှ သာမန်လူတန်းစားများအကြောင်းကို ယခုလို နေရင်းဒေသက လူကြုံက ပြောပြမှသာ သိခွင့်ရတတ်မြဲဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခေါက် အမေရန်ကုန်ကိုရောက်လာတော့ ရောက်သည့် ...မှာပင် နာရေးသတင်းတစ်ခုကို ပြောပြသည်။

"မသိန်းမြိုင်တစ်ယောက်တော့ ဆုံးသွားရှာပြီ သားရေ"

"ဗျာ.. မသိန်းမြိုင်.. ။ ကျော်ဟိန်းမယား မသိန်းမြိုင်လား ...အမေ"

"အေးပေါ့ကွယ်.. ။ ဘယ်သူရှိရဦးမှာလဲ။ ကျော်ဟိန်းမယား ...သိန်းမြိုင်ပေါ့ကွယ့်"

"အင်း.. မသိန်းမြိုင်ကြီးလည်း မငယ်တော့ဘူး။ အသက်(၆၀) ...ကျော်လောက် ရှိရောပေါ့နော် အမေ"

"ရှိတာပေါ့.. ။ အမေတို့ထက် ငယ်လှ လေးငါးခြောက်နှစ်ပေါ့ ...ကွယ်"

"သူ့သား ကျော်ဟိန်းလေးရော ပြန်လာသေးလားအမေ"

"လာတာမတွေ့ပါဘူး။ မနေချင်လို့ ထွက်ပြေးသွားမှတော့ ဘယ် ...နိုလာတော့မှာလဲကွယ်။ သူ့အမေသေတာလည်း ဘယ်သိလိမ့်မလဲ"

ကျွန်တော်သည် မသိန်းမြိုင်ကြီးအကြောင်းကို ပြန်တွေးနေမိ ...သည်။ တကယ်တော့ အမေပြောသော မသိန်းမြိုင်ဆိုသူမှာ ကျွန်တော်တို့ ...ပ်ကွက်ထဲမှ အရူးမကြီးတစ်ယောက်သာ ဖြစ်ပါသည်။ မသိန်းမြိုင်ကြီး ...နေသည်ကို ကျွန်တော်လူမှန်းသိတတ်စကတည်းက မြင်ခဲ့ရသည်။

တစ်ရပ်လုံးက မသိန်းမြိုင်ကို အရူးမတစ်ယောက်လို့ ရုတ်ရုတ်သီး ...သီး မပြောကြပါ။ မသိန်းမြိုင်ကို 'ကျော်ဟိန်းမယား မသိန်းမြိုင်' လို့ပင် ...တင်ပွန်းတပ်ခေါ်ဝေါ်ကြလေ၏။

ထိုသို့ခေါ်ဝေါ်သည်မှာလည်း အကြောင်းရှိပေသည်။ မသိန်းမြိုင် ...ကြီး ရူးနေပုံကိုက နည်းနည်းဆန်းနေ၏။ အချို့ကတော့ မသိန်းမြိုင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



'လင်တရှူး' ဟု ပြောကြသည်။ ဟုတ်၊ မဟုတ်တော့ မသိန်းမြိုင်ကြီးရှူးပုံရှူးနည်းကိုကြည့်၍ အကဲဖြတ်ရုံသာ ရှိလေသည်။

နံနက်မိုးလင်းသည်နှင့် မသိန်းမြိုင်ကြီး သူ့အိမ်က ထွက်လာတတ်သည်။ လမ်းထိပ်ကအုတ်ခုံမှာ ထိုင်သည်။ တွေ့သမျှ မြင်သမျှ လူတွေကို ယောက်ျားနှင့်မိန်းမ တွဲဖက်ကာ သူ့ပါးစပ်ထဲမှာ သူ့သဘောနှင့်သူ ပေးစားနေတတ်သည်။

"ကွမ်းယာရောင်းတဲ့ မဆစ်တိုနဲ့ ရေထမ်းတဲ့ ကုလားဆာမိနဲ့ ညား"

"အိမ်သာတွင်းတူးတဲ့ ကိုညိုအေးနဲ့ မုဆိုးမဒေါ်စိန်မြနဲ့ ညား"

"ဆိုက်ကားသမား မြတ်စံနဲ့ အကြော်သည်မတင်မေနဲ့ ညား"

"ကောလိပ်ကျောင်းသားမောင်သက်ဖေနဲ့ ကျောင်းဆရာမတင်တင်ဝေနဲ့ ညား"

"အမဲသားသည် မောင်ကျောက်နဲ့ ဆိတ်သားသည်ခတီမာနဲ့ ညား"

"ဖဲသမားအောင်မင်းနဲ့ အငြိမ့်မင်းသမီးမြရတီနဲ့ ညား"

"အရက်သမားငအေးကြီးနဲ့ ခွက်ပုန်းရောင်းတဲ့ မဘုဒိုနဲ့ ညား"

"ငါနဲ့ ကျော်ဟိန်းနဲ့ ညား။ ဟား။ ဟား။ ဟား။"

တွေ့သမျှ ယောက်ျား၊ မိန်းမများကို ပြောဆိုပေးစားပြီးနောက်နိဂုံးချုပ်အဆုံးသတ်မှာ "ငါနဲ့ကျော်ဟိန်းနဲ့ညား" နှင့်ချည်း အဆုံးသတ်မြဲဖြစ်လေသည်။

တော်တော်လည်သောအရူးမ မသိန်းမြိုင်ပါပေ။ ကျွန်တော်သည် လူမှန်းသိတတ်စကတည်းက မသိန်းမြိုင်ကြီး ရပ်ကွက်ထဲက လင်တကားလှည့်သွားကာ တွေ့တွေ့သမျှ၊ မြင်မြင်သမျှ ယောက်ျား၊ မိန်းမများကို



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံထဲတွင် ပေါ်လာသည့်အတိုင်း နှုတ်မှအော်ဟစ်ပေးစားလေ့ရှိတာကို နေ့ရှိသမျှ မြင်တွေ့ခဲ့ရပါ၏။

"ပေဒင်ဆရာ ဆရာခနဲ့ နတ်ကတော်စိန်မြညို့နဲ့ ညား"

"စက်ချုပ်တဲ့ တင့်အောင်နဲ့ အထည်သည်မအုံးတင်နဲ့ ညား"

"ဘိန်းစားကျော်ဆန်းနဲ့ အရပ်ပျက်မ မိကြိုင်နဲ့ ညား"

"ငါနဲ့ ကျော်ဟိန်းနဲ့ ညား. . ဟား. . ဟား. . ဟား. ."

တစ်ခုတော့ရှိ၏။ မသိန်းမြိုင်ကြီး တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်ပေးစားနေသူများမှာ လက်ရှိအခြေအနေတွင် အိမ်ထောင်မရှိသူများဖြစ်သည်။ အိမ်ထောင်သည်အချင်းချင်းကို မသိန်းမြိုင်ကြီးက ဘယ်တော့မှ ပေးစားပြောဆိုခြင်း မရှိချေ။ လူပျိုအပျိုများ၊ မုဆိုးဖိုမုဆိုးမများ၊ တစ်ခုလပ်တစ်လင်ကွာများကို မသိန်းမြိုင်ကြီးက သိနေသည်။ မသိန်းမြိုင်ကြီးသည် ရပ်ကွက်ထဲမှလူအားလုံးကို နာမည်နှင့်အလုပ်အကိုင်များ တွဲ၍ မှတ်မိနေပေ၏။

မသိန်းမြိုင်ကြီးနှုတ်မှ ပေးစားခံရသူများမှာ လူလွတ်အချင်းချင်းလည်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်လည်း အလုပ်အကိုင်ချင်း၊ အသက်အရွယ်ချင်း လိုက်ဖက်နေသူများ ဖြစ်တတ်ပေသည်။

"နတ်ဆိုင်းတီးတဲ့ စိန်အောင်ဝင်းနဲ့ နတ်ကတော်ခင်ထွေးရီနဲ့ ညား"

"ကျောင်းဆရာ ကိုသာဘောနဲ့ ကျောင်းဆရာမ မယဉ်ကျေးနဲ့ ညား"

"ဆရာဝန် ဒေါက်တာတင်ထွဋ်နဲ့ သားဖွားဆရာမ နော်မူယာနဲ့ ညား"

ထိုသို့တွဲဖက်ပေးထားသော အတွဲများမှာ လုပ်ငန်းတူ သဟာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ မှုနေသော လိုက်ဖက်ညီသည့်အတွဲများပင် ဖြစ်လေသည်။

မည်သို့ဆိုစေ အရှုံးမတစ်ယောက်က အော်ကြီးဟစ်ကျယ် တ
ရပ်လုံးကြားအောင် အော်ဟစ်ပေးစားခံရသည့်အတွက် ကာယကံရှင်မျာ
ကမူ မကျေနပ်ကြသည်က များပေ၏။ ပေးစားခံရသူ အချင်းချင်းလည်
တစ်ယောက်မျက်နှာတစ်ယောက် အကြည့်ရခက်အောင် ဖြစ်ကုန်ကြသည်
အရှုံးဖြစ်နေတော့လည်း ဘယ်လိုမှ အရေးမယူသာ၊ မပြောသာနှင့် ကြိ
ခံနေရသည်။

သည်ကြားထဲမှာ အရှုံးရေးတဲ့ ဖူးစာကြောင့် တကယ်ပင်ညာ
သွားကြသူများ ရှိပါသေးသည်။

အမဲသားသည် မောင်ကျောက်နဲ့ ဆိတ်သားသည် ခတီမာ
အတွဲ။

စက်ချုပ်တဲ့တင့်အောင်နဲ့ အထည်သည် မအုံးတင်တို့အတွဲ

ကျောင်းဆရာ ကိုသာဘေးနဲ့ ကျောင်းဆရာမ မယဉ်ကျေ
အတွဲများ ဖြစ်ကြသည်။

ထိုအတွဲများမှာ မသိန်းမြိုင်ကြီးနှုတ်မှ ပေးစားသောကြော
စိတ်ဝင်စားပြီး ယူဖြစ်ကြတာလားဆိုတာတော့ ကာယကံရှင်များသာ
ပေမည်။

မသိန်းမြိုင်ကြီးသည် ရပ်ကွက်ထဲတွင်သာမက တစ်မြို့လုံး
လျှောက်သွားနေတတ်သည်။ ဈေးထဲလည်း ရောက်သည်။ သင်္ဘော
လည်း ရောက်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ကျောင်းကိုပင် ရော
လာတတ်သေးသည်။

"ကျောင်းအုပ်ဆရာ လူပျိုကြီးနဲ့ မုဆိုးမ ဆရာမခေါ်အောကြ
နဲ့ ညား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းစာရေး တင်ဆောင်နဲ့ အသုပ်သည် မငြိမ်းအေးနဲ့ ညား"

"ငါနဲ့ ကျော်ဟိန်းနဲ့ ညား. . ဟား. . ဟား. . ဟား. ."

ကျောင်းပတ်ဝန်းကျင်က လူများကိုလည်း နာမည်ပါရအောင် စုံစမ်းကာ အော်ဟစ်ပေးစားတတ်ပြန်သည်။

ဣန္ဒြေကြီးသူ၊ ရှက်တတ်သူများက ကြာတော့ မသိန်းမြိုင်ကြီးနှင့် လမ်းမှာဆုံရတွေ့ရမှာကို ကြောက်လာသည်။ မသိန်းမြိုင်ကြီးကိုမြင်လျှင် ဝေးဝေးက ရှောင်ပြေးကြလေ၏။

"ဆရာဝန်နဲ့ နပ်စ်မနဲ့ ညား"

"ကျောင်းဆရာနဲ့ ဆရာမနဲ့ ညား"

"မင်းသားနဲ့ မင်းသမီးနဲ့ ညား"

"စာရေးနဲ့ စာရေးမနဲ့ ညား"

"ငါနဲ့ ကျော်ဟိန်းနဲ့ ညား. . ဟား. . ဟား. . ဟား. ."

တစ်ခါတစ်ရံ တွဲဖက်ပေးစားရန် လူရှာလို့မရလျှင် အထက်ပါအတိုင်း ယေဘုယျသဘော အော်ဟစ်ပေးစားနေတတ်ပြန်၏။

မည်သို့ပဲအော်အော်၊ နာမည်တပ်ပြီးတော့ပဲ ပေးစား‚ပေးစား၊ နာမည်မပါဘဲ ပေးစား‚ပေးစား နောက်ဆုံးနိဂုံးအချုပ်တွင်တော့ သူနှင့်ကျော်ဟိန်းတို့ ညားကြလေသတည်းနှင့် အဆုံးသတ်သည်သာဖြစ်သည်။ ထိုကဲ့သို့ အချိန်ရှိသရွေ့ ယောက်ျားနှင့်မိန်းမ ပေးစားကာ အိမ်ထောင်မှုကိစ္စတစ်ခုတည်းကို စိတ်ဝင်စားရှုးသွပ်နေသောကြောင့် 'လင်တရှုး' ဟု စွပ်စွဲကြခြင်းပင်ဖြစ်လေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



မသိန်းမြိုင်နှင့် သူ့မိခင်သည် ရပ်ကွက်ထဲက ခြံကလေးထဲတွင် နေထိုင်ခဲ့ကြသည်။ မသိန်းမြိုင်တို့ခြံထဲတွင် သီးပင်စားပင်များ စိုက်ပျိုးထားသည်။ သူမ၏မိခင်ကြီးက ထိုသီးနှံများကို ရောင်းချခြင်းဖြင့် စီးပွားရှာခဲ့သည်ဟုဆိုသည်။

မသိန်းမြိုင်ကြီး မရွယ်သွပ်ခင်က အကြောင်းများကို ကျွန်တော် မသိမီခဲ့ပါ။ ကျွန်တော်လူမှန်းသိတတ်သည့်အချိန်တွင် မသိန်းမြိုင်ကြီးကို ရပ်ကွက်ထဲက အရွယ်မကြီးတစ်ယောက်အဖြစ် သိမြင်ခဲ့ရခြင်းဖြစ်သည်။ မသိန်းမြိုင်ကြီးမှာ အမေနှင့် အရွယ်ချင်းမတိမ်းမယိမ်းမို့ ငယ်စဉ်က အကြောင်းများကို အမေပြန်ပြောပြ၍ သိရခြင်းဖြစ်သည်။

"မျိုးရိုးလည်း မရှိရှာပါဘူး။ ငယ်ငယ်တုန်းကတော့ အကောင်းပါ။ သုံးတန်းလောက်အထိတောင် ကျောင်းနေခဲ့သေးတယ်။ အပျိုပေါက်လေး ဖြစ်လာမှ တငိုင်ငိုင်တရယ်ရယ်နဲ့ ဖြစ်လာတာ။ အစပိုင်းက မသိသာသေးဘူး။ အသက်နှစ်ဆယ်လောက်ရောက်တော့ ခုလိုအခြေအနေ ဖြစ်သွားတာပဲ။ သူ့အမေဆုံးသွားတဲ့အချိန်မှာ ပိုဆိုးသွားတာ။ ဆွေမျိုးသားချင်းလည်းမရှိတော့ ကုဖို့သ,ဖို့ ကူညီပေးမယ့်လူလည်း မရှိဘူးလေ။ သနားစရာပါကွယ်"

တကယ်တော့ မသိန်းမြိုင်ကြီးသည် အရူးဆိုသော်လည်း ဘယ်သူ့ကိုမှ ဒုက္ခမပေး။ ရုန်းရင်းကြမ်းတမ်းခြင်းလည်း မရှိ။ ဆဲဆိုခြင်းလည်း မရှိပေ။ ညစ်ညစ်ညမ်းညမ်းလည်း မနေ။ သနပ်ခါးဘဲကြားကြီး အမြဲလိမ်းကာ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ်ပင် ဝတ်ဆင်တတ်လေသည်။ မိခင်နှင့်နေထိုင်ခဲ့သော ခြံလေးထဲမှ တဲအိမ်လေးမှာပင် မသိန်းမြိုင်ကြီးက တစ်ယောက်တည်းနေသည်။

မသိန်းမြိုင်ကြီးခြံထဲမှာ သီးပင်စားပင် အတော်များများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီးသီးပေါ်ချိန်၊ မန်ကျည်းသီးပေါ်ချိန်များမှာ လာခူးနေကျ ဖောက်သည်များက အပင်လိုက်ခူးဆွတ်ကာ မသိန်းမြိုင်ကြီးကို သင့်တော်သလို မုန့်ဖိုးပေးသွားတတ်၏။

မသိန်းမြိုင်ကြီးသည် ဘယ်တော့မှ ချက်ပြုတ်မစားချေ။ မနက်မိုးလင်းသည်နှင့် ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ကာ လမ်းတကာလျှောက်သွားနေတတ်သည်။ တွေ့သမျှလူကို တစ်ယောက်နှင့်တစ်ယောက် ပေးစားနေတတ်သည်။

ကျွန်တော်တို့ကလေးများက ကျောင်းပိတ်ရက်ဆိုလျှင် မသိန်းမြိုင်ကြီးခြံထဲသွားကာ ဆော့ကစားကြသည်။ ဆီးသီးနှင့် ကုလားမန်ကျည်းသီးများကို ခူးဆွတ်စားကြသည်။ မသိန်းမြိုင်ကြီး ရှိရှိ၊ မရှိရှိ တံခါးမရှိသောခြံထဲသို့ ဝင်ချင်သလို ဝင်လို့ရပေသည်။

မသိန်းမြိုင်ကြီးသည် ကလေးများကို ချစ်တတ်သည်။ ကလေးများ သူ့ခြံထဲလာဆော့တာ၊ အသီးတွေခူးဆွတ်စားတာကို ဘာမှမပြော။ သူ့မှာ ပိုက်ဆံရှိလျှင် ကလေးတွေကို တစ်ယောက် ငါးပြား၊ ဆယ်ပြား၊ တစ်မတ် စသည်ဖြင့် မုန့်ဖိုးပေးသေးသည်။

ရပ်ကွက်ထဲက ကျွန်တော်တို့ကလေးများသည် မသိန်းမြိုင်ကြီးကို ခင်ကြ၏။

မသိန်းမြိုင်ကြီးက ကလေးများကို ဘာမှမပြော။ မဟာန့်တား။ သူ့ဟာသူ နှုတ်မှ တတွတ်တွတ်ရွရွတ်ကာ အရွယ်ရောက်ပြီး ယောကျ်ားနှင့်မိန်းမများကို ပေးစားနေတတ်လေသည်။

"ရွှေဘုံသာဘုရားက ဂေါပကလူကြီးနဲ့ ဘုရားမှာပန်းရောင်းတဲ့ကောင်မလေးနဲ့ ညား"

"မိန်းမလျာလှမြင့်နဲ့ ယောကျ်ားလျာတင်အေးမာနဲ့ ညား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ဖျော်တဲ့ကုလားနဲ့ အကြော်ရောင်းတဲ့ကုလားမနဲ့ ညား"

"ငါနဲ့ ကျော်ဟိန်းနဲ့ ညား.. ဟား.. ဟား.. ဟား.."

"မသိန်းမြိုင်ကြီး..။ ခင်ဗျားက လည်လိုက်တာဗျာ။ ခင်ဗျားကဲ ကိုယ့်ကိုယ်ကိုယ်ကျတော့ ကျော်ဟိန်းနဲ့ချည်း ပေးစားတယ်။ တခြားလူတွေကို ခင်ဗျားမကြိုက်ဘူးလားဗျ"

"ကြိုက်ပေါင်တော်..။ ငါ့ရည်းစားက ကျော်ဟိန်း။ ငါ့လင်က ကျော်ဟိန်း။ ကျော်ဟိန်းပဲ ငါချစ်တယ်။ ကျော်ဟိန်းက ငါ့ယောက်ျား"

"ခင်ဗျား ဝင်းဦးမကြိုက်ဘူးလားဗျ"

"မကြိုက်ပေါင်..။ နှုတ်ခမ်းမွေးကြီးနဲ့"

"ညွန့်ဝင်းတို့ ဇော်ဝမ်းတို့ရော"

"မကြိုက်ပေါင်..။ ကျော်ဟိန်းမှ ကျော်ဟိန်းပဲ။ ကျော်ဟိန်းကို ငါသစ္စာမဖောက်ဘူး။ ကျော်ဟိန်းက ငါ့ကိုသိပ်ချစ်တာဟဲ့"

လည်လည်း လည်တဲ့ အရူးပါးပါပေ။

ကျော်ဟိန်းဇာတ်ကားများ ရုံတင်လျှင်လည်း မသိန်းမြိုင်ကြီးက မလွတ်တမ်းကြည့်လေသည်။ ကျွန်တော်တို့မြို့က ရုပ်ရှင်ရုံလေးမှာ တောရုံ ဖြစ်ရာ အတန်းနှစ်တန်းသာရှိလေသည်။ ရှေ့တန်းနှင့်နောက်တန်း ဟူ၍ ဖြစ်သည်။ ထိုစဉ်က ရှေ့တန်း ပြားငါးဆယ်၊ နောက်တန်း တစ်ကျပ်ပေးရ သည်။ နောက်တန်းမှာသာ ခုံတန်းနှင့်ခုံနံပါတ်နှင့် ဖြစ်သော်လည်း ရှေ့ တန်းမှာ ခုံများချမထားပေ။ သမံတလင်းခင်းအတိုင်းထားကာ ဖျာကြမ်း များကို ဘေးမှာပုံပေးထား၏။ ရုပ်ရှင်ကြည့်သူက ကိုယ့်ဘာသာ ဖျာယူ၍ ခင်းထိုင်ရသည်။

မသိန်းမြိုင်ကြီးသည် ကျော်ဟိန်းကားရုံတင်လျှင် ပြားငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



တန်း ရှေ့တန်းသို့ ပိုက်ဆံမပေးဘဲ စွတ်ဝင်သွားသည်။ လက်မှတ်စောင့်များကလည်း မသိန်းမြိုင်ကြီးအကြောင်းကို သိနေ၍ မတားမြစ်ကြပေ။ မသိန်းမြိုင်ကြီးက ကျော်ဟိန်းကားကို တစ်ခါတစ်ရံ ညစဉ်ရက်ဆက်ကြည့်လေ၏။

သည်လိုနှင့် တစ်ချိန်တွင် မသိန်းမြိုင်ကြီး၌ ကိုယ်ဝန်ရှိလာသည်။ ဆန်းပြားသောအဖြစ်တော့ မဟုတ်ပါ။ အရွယ်ကလည်း အရွယ်ကောင်း၊ ရုပ်ရည်လေးလည်း အသင့်အတင့်ရှိသည်။ ရှုနေသော်လည်း သပ်သပ်ရပ်ရပ်နေတတ်သော မိန်းမတစ်ယောက်ကို ဆိတ်ကွယ်ရာတွင် စော်ကားမော်ကားပြုလိုသည့်ယောက်ျားမျိုး တစ်ယောက်တော့ရှိပေမည်။ တစ်ယောက်မကလည်း ဖြစ်နိုင်ပေသည်။

မသိန်းမြိုင်မှာ ကိုယ်ဝန်ဆောင်ထားရသည့် အရိပ်အယောင်များကို မြင်တော့ ရပ်ကွက်ထဲက ကျွန်တော့်အမေအပါအဝင် မိန်းမကြီးများက တိုးတိုးတိတ်တိတ်မေးမြန်းခဲ့ကြလေသည်။

"ဘယ်သူနဲ့ဖြစ်တာလဲ" ဆိုသည့်မေးခွန်းကို "ကျော်ဟိန်းနဲ့ဖြစ်တာပါ" လို့ ရယ်ရယ်မောမောပင် ပြန်ဖြေခဲ့ပါသတဲ့။

"သိန်းမြိုင်.. ညည်း ဒီကိုယ်ဝန် ဘယ်သူနဲ့ရတာလဲ။ ညည်း ဘယ်သူနဲ့ အဲတူတူအိပ်ခဲ့သလဲ။ ညည်းကလေးမွေးရတော့မယ်ဆိုတာ သိသလား"

"သိသားပဲ..။ ဗိုက်ကြီးရင် ကလေးမွေးရမှာပေါ့"

"ဒီဗိုက် ဘယ်သူနဲ့ရတယ်ဆိုတာ ငါတို့ကိုပြောစမ်း။ ငါတို့ တရားသဖြင့်ဖြစ်အောင် - လုပ်ပေးမယ်"

"အို.. အစ်မတို့ကလည်း။ ဘယ်သူနဲ့ရရမှာလဲ။ ကျွန်မယောက်ျားက ကျော်ဟိန်းလေ။ ဒီဗိုက်က ကျော်ဟိန်းနဲ့ရတဲ့ ဗိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒီကျော်ဟိန်းနဲ့ ညည်း ဘယ်မှာတွေ့ခဲ့သလဲ။ ဘယ်နေရာမှာ ညားခဲ့သလဲ။ ငါတို့ကို ပြောစမ်း"

"ရုပ်ရှင်ကြည့်ပြီး ကျွန်မပြန်လာတော့ ကိုကျော်ဟိန်းက ကျွန်မနောက်ကို လိုက်လာတာတော့။ ဟီး… ဟီး… အိမ်မှာ တစ်ညလုံးအိပ်ပြီး မနက်မိုးလင်းခါနီးမှ သူက ပြန်တာ။ ညကျတော့ ရုပ်ရှင်ထဲမှာ ပါရဦးမှာမို့လို့ ပြန်နားဦးမယ်တဲ့"

"ဘုရား… ဘုရား… အဲဒါတကယ့်ကျော်ဟိန်းမဟုတ်မှန်း ညည်းမသိဘူးလားအေ"

"တကယ့်ကျော်ဟိန်းပါတော်။ တကယ့်ကျော်ဟိန်းမို့လို့ ကျွန်မနောက် လိုက်လာတာပေါ့"

မသိန်းမြိုင်အပြောဖြင့်ပင် တကယ်ဖြစ်ရပ်၏ ရုပ်လုံးက ထင်ပေါ်လာလေသည်။ တစ်စုံတစ်ဦးသည် မသိန်းမြိုင်ကို ကျော်ဟိန်းအယောင်ဆောင်ကာ သားမယားပြုကျင့်ခဲ့ခြင်းပင်ဖြစ်တော့သည်။ ထိုသူသည် မည်သူလဲ။ မသိန်းမြိုင်ကတော့ ကျော်ဟိန်းအစစ်ပါလို့ချည်း ပြောနေသည်။ ကျော်ဟိန်းအစစ်လို့ ထင်ရအောင် ထိုသူသည် ရူးနေသောမသိန်းမြိုင်ကို မည်သို့လှည့်စားခဲ့ပါလိမ့်။

အရပ်ထဲမှလူများ စုဝေးကာ မသိန်းမြိုင်ခြံထဲတွင် ပုန်းကွယ်ရင်း တစ်ညလုံးစောင့်ကြည့်ကြသည်။ လေးငါးညဆက်တိုက် စောင့်ကြည့်ကြသည်။ မသိန်းမြိုင်၏ ကျော်ဟိန်းအယောင်ဆောင် လူယုတ်မာသည် ရောက်မလာခဲ့တော့ပါ။ မသိန်းမြိုင်ကို စွန့်ခွာသွားခဲ့တာလား။ လူများစောင့်ကြည့်နေမှန်းသိ၍ မလာတော့တာလား။ စောင့်ကြည့်နေသော လူအများထဲတွင်ပင် ကျော်ဟိန်းအယောင်ဆောင်သူ ပါခဲ့လေသလား။ ကျော်ဟိန်းအယောင်ဆောင်ပုဂ္ဂိုလ်မှာ တစ်ဦးတည်းရော ဟုတ်ပါလေစ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ မသိန်းမြိုင်ကိုခြေတော်တင်ခဲ့သော ကျော်ဟိန်းကိုယ်ခွဲသည် မည်သူဖြစ်ကြောင်း မပေါ်ပေါက်ခဲ့ပါ။

အချိန်တန်သောအခါ မသိန်းမြိုင်ကြီးသည် ကလေးတစ်ယောက်ကို မွေးဖွားခဲ့လေသည်။ ကလေးက ယောကျ်ားလေး။ အဖေမပေါ်သောကလေးကို အရပ်က သူ့မိခင် မသိန်းမြိုင်လက်သုံးစကားအတိုင်း ကျော်ဟိန်းသားဟု သတ်မှတ်ကာ 'ကျော်ဟိန်းလေး' ဟု နာမည်ပေးခေါ်ခဲ့ကြလေသည်။

ထိုအဖြစ်များသည် ကျွန်တော်ခုနစ်တန်းနှစ်က ဖြစ်ပျက်ခဲ့သောအဖြစ်များ ဖြစ်ပါ၏။ ငယ်သေး၍ အလုံးစုံနားမလည်သေးချေ။ ယခုကဲ့သို့အသေးစိတ်ဖော်ပြနိုင်သည်မှာ နောင်ကြီးလာတော့မှ လူကြီးများပြန်ပြောသောစကားအရ ပြောနိုင်ခြင်းဖြစ်ပါသည်။

မသိန်းမြိုင်ကြီးကတော့ 'ကျော်ဟိန်းလေး' ကို ပွေ့ပိုက်ကာ ထမ်းအကာထွက်ဆဲ။ တွေ့သမျှလူများကို သူ့သဘောနှင့်သူ အော်ဟစ်ပြောနေမြဲ။ သူမ၏ နောက်ဆုံးနိဂုံးချုပ်စကားမှာလည်း ''ငါနဲ့ကျော်ဟိန်းနဲ့သား'' ဖြစ်စမြဲပင်တည်း။

ကျွန်တော်ဆယ်တန်းအောင်ပြီးတော့ ရန်ကုန်မှာ တက္ကသိုလ်ဆက်တက်ဖြစ်သည်။ ထိုအချိန်မှစ၍ ဇာတိမြို့ကလေးနှင့် ကင်းကွာသွားသည်ဟု ပြောနိုင်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် တက္ကသိုလ်တက်ချိန်မှစ၍ ဇာတိမြို့သို့ ရက်ရှည်ရှည်၊ ကြာကြာ ပြန်မရောက်တော့သောကြောင့်ဖြစ်သည်။

ဘွဲ့ရအပြီးတွင် ဘွဲ့လွန်ဆက်တက်သည်။ ဘွဲ့နှစ်ခုရအပြီး ရန်ကုန်မှာပဲ အစိုးရအလုပ် ဝင်လုပ်ဖြစ်သည်။ ထို့နောက် အိမ်ထောင်ကျသည်။ သည်လိုနှင့် ဇာတိရပ်ရွာနှင့် ကင်းကွာခဲ့ရခြင်းဖြစ်သည်။ သုံးဆယ်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်နေမှ တစ်ခါလောက်သာအလည်အပတ်ရောက်ဖြစ်တော့သည်။ ရောက်တော့လည်း လေးငါးရက် (သို့မဟုတ်) တစ်ပတ်လောက်သာ နေဖြစ်သည်။ မသိန်းမြိုင်ကြီးကတော့ ရှိနေဆဲပင်။ လမ်းတကာလည်ကာ လူလွတ်မှန်သမျှကို ပါးစပ်နှင့် ဖူးစာရေးပေးနေမြဲပင်။ သူမ၏နိဂုံးချုပ်စကားသည်လည်း ပြောင်းမသွားခဲ့။ "ငါနဲ့ကျော်ဟိန်းနဲ့ညား" မြဲပင်တည်း။

ကျွန်တော်နောက်ဆုံးမြင်တွေ့ခဲ့သည့်အခါက်တွင် ကျော်ဟိန်းလေးပင် အတော်ကြီးပြင်း လူလားမြောက်နေပေပြီ။

❀ ❀ ❀

တစ်နှစ်နွေရာသီတွင် တူများရှင်ပြုပွဲရှိ၍ နေရပ်သို့ ကျွန်တော်ပြန်ဖြစ်ခဲ့သည်။ အလှူရှိနေ၍ ဆယ်ရက်ကြာအောင် နေဖြစ်ခဲ့သည်။

ရှင်ပြုအလှူကို အိမ်ရှေ့တွင် မဏ္ဍပ်ထိုး၍ကျင်းပရာ အလှူနေ့က တစ်ရက်သာဖြစ်သော်လည်း မဏ္ဍပ်ထိုးခြင်း၊ အလှူအတွက်ပြင်ဆင်ခြင်းများအတွက် တစ်ပတ်လောက်အချိန်ယူရသည်။ အိမ်မှာလည်း ဆွေမျိုးများ လူစုံရှိနေကာ အရပ်ထဲမှ လာကူကြသူများဖြင့် စည်ကားနေပေသည်။

ထိုပွဲတွင် အလှူအတွက် လိုအပ်သောရေများကို ဆိုင်းထမ်းဖြင့်ထမ်းကာ အခေါက်ခေါက်အခါခါ သယ်ပို့ဖြည့်ဆည်းပေးနေသော လူငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျွန်တော်သတိထားမိလိုက်သည်။

ကျော့်ဟိန်း..။

ရုပ်ရှင်မင်းသားကျော့်ဟိန်းအစစ်ကို အပြင်မှာမြင်လိုက်ရသကဲ့သို့ ကျော့်ဟိန်းနှင့်တူလွန်းလှသော လူငယ်လေး။ အနည်းငယ်ဂင်တိုတိုရှိသောဟန်၊ လမ်းလျှောက်ပုံ၊ မျက်လုံးကြည့်ပုံများအားလုံးက ကျော့်ဟိန်းနှင့် တူလှပေသည်။

ကျွန်တော်သည် မြင်မြင်ချင်း သူ့ကိုသိလိုက်သည်။

"အဲဒါ ကျော့်ဟိန်းလေးမဟုတ်လား မမ"

အနားမှာရှိသည့် အစ်မကြီးကို မေးလိုက်သည်။

"ဟုတ်တယ်လေ..။ မသိန်းမြိုင်ကြီးသား ကျော့်ဟိန်းလေးပေါ့"

"သူ..သူက ဘာလို့ တကယ့်ကျော့်ဟိန်းနဲ့ တူနေရတာလဲဗျာ"

"အဲဒါပေါ့ မောင်လေးရယ်..။ မသိန်းမြိုင်ကြီး ကျော့်ဟိန်းရူးရူးနေတာကို ကလေးတစ်ယောက်ရတဲ့အထိ အမှတ်မထင်ပဲ။ ကျော့်ဟိန်းလေး အရွယ်ရောက်လာပြီး တကယ့်မင်းသားကျော့်ဟိန်းနဲ့ ချွတ်စွတ်တူနေတော့ လူတွေအံ့ဩကုန်ကြတယ်လေ။ တစ်မြို့လုံးပဲ အံ့ဩကြတယ်"

ကျွန်တော်တို့မောင်နှမ ပြောနေသည့်စကားများကို ကြားကာ ဈေးလာပ်တွင်ရောက်နေသူများက မသိန်းမြိုင်နှင့် ကျော့်ဟိန်းလေးတို့၏ အကြောင်းကို အသစ်အဆန်းလို ပြန်ဆွေးနွေးလာကြလေသည်။

"အဲဒါပေါ့ ငါ့တူရဲ့..။ သိန်းမြိုင်ကလေးတစ်ယောက်ရတော့ ယောကျ်ားတစ်ယောက်ယောက်က စော်ကားခဲ့လို့ဆိုတာ ရှင်းတယ်လေ။ ဘာမှမဆန်းဘူး။ ဟော..ကျော့်ဟိန်းလေး အရွယ်ရောက်လာတော့မှ အတွေးရောတွေက ရှိလာရော။ ကျော့်ဟိန်းလေးဟာ ကျော့်ဟိန်းနဲ့ ဘာလို့တူနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ ဆိုတာပေါ့။ တူတာမှ အရွယ်ရောက်လာလေ တစ်နေ့တခြားကို တူတူလာတာ မောင်''

''မသိန်းမြိုင်ကြီးနဲ့ ဖြစ်ခဲ့တဲ့လူက ကျော်ဟိန်းနဲ့တူလို့များလား ဗျာ''

''တို့တစ်မြို့လုံးမှာ ကျော်ဟိန်းနဲ့တူတာ ဘယ်သူရှိလို့တုံးကွာ''

''အင်း. . ဆန်းတော့ဆန်းတာပဲ''

ရေထမ်းနားနေချိန်တွင် ကျွန်တော်က ကျော်ဟိန်းလေးနားသွားကာ စကားပြောခဲ့သေးသည်။

''ကျော်ဟိန်းလေး. . မင်းအမေ မသိန်းမြိုင်ကြီး နေကောင်းလား ကွ။ အလှူကိုလာခဲ့ဖို့ ပြောလိုက်ပါဦး။ ငါက မင်းအမေခြံထဲမှာ ငယ်ငယ်က ကစားခဲ့တာပေါ့။ မသိန်းမြိုင်ကြီးတောင် ငါ့ကိုမှတ်မိပါဦးမလားမသိဘူး''

ကျွန်တော်စကားသွားပြောသည်ကို ဘာမျှပြန်မပြောဘဲ မှုန်တေ တေပြန်ကြည့်သည်။ မှုန်တေတေကြည့်ဟန်ကပင် ကျော်ဟိန်းအစစ်နှင့် တူနေပြန်၏။

ကျော်ဟိန်းလေးက ထမ်းပိုးနှင့်ရေပုံးကိုမ,ကာ. .

''ကျွန်တော်ရေထမ်းရဦးမယ်''

ဟု ဆိုပြီး ထထွက်သွားလေသည်။

''ကျော်ဟိန်းလေးက ဘယ်သူနဲ့မှအရောမဝင်ဘူး။ သူ့ကို မသိန်း မြိုင်သားလို့ သိနေကြတာကို ကြိုက်ပုံမရဘူး။ သူ့အမေက အရှုံးမကြီးဆို တော့ ရှက်တယ်ထင်ပါရဲ့ဟယ်''

''ဩော်. . ဒီကောင်လေး ကျောင်းတွေဘာတွေရော နေရရဲ့ လား။ စာကော တတ်ရဲ့လားဟင်''

''အရပ်က ဝိုင်းထားပေးလို့ လေးတန်းထိ နေဖူးသယ်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကို ရေထမ်းကျွေးနေတာပဲလေ''

''ဒါတော့ ဘယ်ဆိုးလို့လဲ။ သူ့အသက်.. အင်း.. ကျွန်တော် ခုနစ်တန်းနှစ်လောက် သူ့ကိုမွေးတာဆိုတော့ ဆယ့်ငါးနှစ်လောက်တော့ ရှိရောပေါ့နော်''

❀ ❀ ❀

အလှူမှာ ကျော်ဟိန်းလေးကိုသိခဲ့ပြီးနောက်ပိုင်း နောက်တစ်နှစ်လောက်အကြာတွင် အမေရန်ကုန်လာတော့ ကျော်ဟိန်းလေး မြို့ကနေထွက်ပြေးသွားတယ်ဆိုတဲ့သတင်းကို ကြားလိုက်ရသည်။

''သူ့အမေကို အပြင်အထွက်မခံဘူး။ သိန်းမြိုင်က လမ်းတကာလျှောက်ပြီး လူတွေကို ပေါက်ကရလျှောက်ပေးစားနေတော့ ကျော်ဟိန်းလေးက ရှက်တယ်လေ။ သိန်းမြိုင်ကြီးကလည်း သူ့ဝသီဖြစ်နေပြီကိုး။ အပြင်မထွက်ဘဲ မနေနိုင်ဘူး။ သူ့ထုံးစံအတိုင်း မိုးလင်းမိုးချုပ် လျှောက်သွား၊ လူတကာကို ပေးစားနေတာပဲ။ သားအမိနှစ်ယောက်က တကျက်ကျက်နဲ့။ ကြာတော့ ရှက်လို့ ထွက်ပြေးသွားတာပဲဖြစ်မှာ''

''မသိန်းမြိုင်ကြီးက ဘာပြောလဲအမေ။ သူ့သားပျောက်သွားတာကို''

''သူ့အဖေဆီသွားတာ နေမှာပေါ့။ သွားပစေတဲ့''

''ဟင်..''

❀ ❀ ❀

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ . မသိန်းမြိုင်ကြီး သေရှာလေပြီ။

ကျော်ဟိန်းလေး အိမ်ကထွက်ပြေးသွားတာလည်း ဆယ်နှစ်ဆယ်မိုး မကတော့။

"ကျော်ဟိန်းလေးလည်း လုံးဝကို ပြန်ပေါ်မလာတော့ဘူးလား အမေ"

"မလာတော့ပါဘူးကွယ်"

"သူ့အမေ သေတာလည်း ဘယ်သိမလဲနော်။ ခုဆို ကျော်ဟိန်းလေးတောင် အသက်သုံးဆယ်နီးပါးရှိရော့မယ်"

"ဒီလိုပါပဲ သားရယ် . ။ ဘဝဆိုတာ မွေးချိန်နဲ့သေချိန်ကြားမှာ ပုံစံအမျိုးမျိုးနဲ့ ရှင်သန်ကြရတာ။ ကိုယ့်ကံတရားနဲ့ ကိုယ်ပေါ့။ နောက်ဆုံးတော့လည်း လူတိုင်း ဒီလမ်းကို သွားကြရမှာပဲမဟုတ်လား။ ရှုးတဲ့လူရော၊ ကောင်းတဲ့လူရော၊ သူဌေးရော၊ ဆင်းရဲသားရော . တစ်နေ့တော့ သေကြရမှာချည်းပဲလေ"

အမေက သံဝေဂစကားကို ဆိုသည်။

"ဒါနဲ့အမေ . ။ ကျော်ဟိန်းလေးက ကျော်ဟိန်းနဲ့တူနေတာ မဆန်းလွန်းဘူးလားဟင်။ မသိန်းမြိုင်ကြီးနဲ့ ဖြစ်ခဲ့တဲ့လူဟာ ကျော်ဟိန်းနဲ့ တူလို့များလား။ ဒါလည်း မဖြစ်နိုင်ဖို့ များပါတယ်။ ကျွန်တော်တို့မြို့မှာ ကျော်ဟိန်းနဲ့ ဒါလောက်တူတဲ့လူမျိုး ရှိမှမရှိဘဲ။ နော် . အမေ"

"စိတ်ပေါ့သားရယ် . ။ သိန်းမြိုင်က ကျော်ဟိန်းကို စွဲလမ်းနေတာမဟုတ်လား။ ကျော်ဟိန်းကို သူ့ယောက်ျားလို့ကို သူ့စိတ်က သတ်မှတ်ထားတာကိုး။ မြောက်ပိုင်းကွက်သစ်က မချိုလေးဟာ ကလေးမွေးတော့ မွေးလာတဲ့ကလေးက ခြေနှစ်ဖက်၊ လက်နှစ်ဖက် ပါမလာဘူးလေ၊ ဒါကို လူတွေက သူတို့အိမ်မှာထားတဲ့ အရုပ်ကြောင့်လို့ ပြောကြတယ်။ အရုပ်က



www.burmeseclassic.com

www.burmeseclassic.com



သစ်သားကို ကလေးရုပ်ပေါ်အောင် ဆေးခြယ်ထားတဲ့အရုပ်။ ခြေ၊ လက် တွေ မပါဘူး။ ဒီအရုပ်ကို နေ့တိုင်းမြင်နေရလို့ မွေးလာတဲ့ကလေး ဒီလို ဖြစ်ရတာတဲ့။ ဟုတ်၊ မဟုတ်တော့ ဘုရားမှသိမယ်။ နိုင်ငံခြားမှာလည်း ကပ္ပလီရုပ်ကလေးကို အိမ်ခန်းထဲမှာထားနေကျ အင်္ဂလိပ်မတစ်ယောက် ဟာ မွေးလာတော့ အသားမည်းမည်း ကပ္ပလီကောင်လေး မွေးလာတယ် ဆိုတယ်မဟုတ်လား။ သိန်းမြိုင်ကြီးလည်း ဒီလိုနေမှာပေါ့။ ဘယ်သူနဲ့ဖြစ်ခဲ့ ဖြစ်ခဲ့ သူ့အာရုံက သူ့ယောကျ်ားဟာ ကျော်ဟိန်းပါလို့ သတ်မှတ်ထားတော့ မွေးလာတဲ့ကလေးဟာ ကျော်ဟိန်းနဲ့တူနေတာပဲ ဖြစ်ရမယ်။ အမှန်ကို တော့ ဘုရားမှသိမှာပဲ သားရေ''

BURMESE CLASSIC

အမေပြောသည့်စကားကို ကျွန်တော်စဉ်းစားနေမိသည်။

မည်သို့ပင်ဆိုစေ ဒေါ်သိန်းမြိုင်ကြီးသည် သေသည်အထိ သူမ သည် ကျော်ဟိန်းနှင့်ညားခဲ့သည်ဟု သူ့စိတ်ထဲမှာ ယုံကြည်သွားခဲ့သည်။ ကျော်ဟိန်းကို သူ့ယောကျ်ားဟုပင် သေသည်အထိ မှတ်ယူသွားခဲ့သည်။ တကယ့်အမှန်မဟုတ်သော်လည်း ရှူးနေသောမသိန်းမြိုင်ကြီးအဖို့တော့ သူ့တစ်ကိုယ်တော် စိတ်ချမ်းမြေ့ကျေနပ်ဖွယ်သုခကို ခံစားခဲ့ရမည် အမှန် ပင်။

စိတ်သည် ဆန်းကြယ်လှပေစွ။

ကျွန်တော့်အတွေးထဲ၌ မသိန်းမြိုင်ကြီးအော်ဟစ်နေကျ စကား လုံးများကို ကြားယောင်နေမိလေသည်။

''ငါနဲ့ ကျော်ဟိန်းနဲ့ ညား. . ဟား. . ဟား. . ဟား. .''

❋ ❋ ❋

မြတ်မာန်

www.burmeseclassic.com